# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၃၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့ကော်ဖီဈေးကွက်တွင် မြန်မာ့ကော်ဖီသည် အဆင့်အတန်းရှိရှိဖြင့် နေရာတစ်ခုတွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ရည်မှန်းချက်ထား လုပ်ဆောင်ရမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ အတွင်း၌ အားကစားကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ခရိုင် အားကစားလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိကြပြီး အားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း


*စာမျက်နှာ ၃ ကော်လံ ၁* ❊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ Creation Myanmar Coffee Farm ကော်ဖီခြံအတွင်း ခင်းကျင်းပြသထားသည့် ကော်ဖီထုတ်ကုန်များ၊ မျိုးစေ့များ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများကို လေ့လာကြည့်ရှုစဉ်။




# ခြင်၊ ယင် နှိမ်နင်း သန့်ရှင်းအောင်နေ

ကိုဗစ်-၁၉ တတိယလှိုင်းအခြေအနေ တည်ငြိမ်စပြုချိန်တွင် မိုးရာသီကာလအဖြစ်များသည့် ရောဂါများကိုလည်း ဂရုပြုကြရန်လိုအပ်သည်။ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် မိုးရွာသွန်းခြင်းနှင့်အတူ လူနေ ရပ်ရွာ ပတ်ဝန်းကျင်များ၌လည်း ပြောင်းလဲမှုများဖြစ်ပေါ်လာသည်။ သစ်ပင်ချုံနွယ် ပိတ်ပေါင်းများ အပြိုင်းအရိုင်းထူထပ်စွာ ပေါက်ရောက်လာကြပြီး မြေပြင်ပေါ်တွင် တင်ကျန်နေသည့် မိုးရေများ၊ မစီးဆင်းနိုင်ဘဲ ပိတ်ဆို့နေသည့် မသန့်ရှင်းသော ရေဆိုးများ၊ အမှိုက်သရိုက်များနှင့် ၎င်းတို့ကိုအမှီပြု ပေါက်ပွားလာကြသည့် ခြင်၊ ယင်များ စသည်တို့က လူသားတို့အတွက် ရောဂါပေါင်းစုံတို့ကို သယ်ဆောင်လာကြသည်။

စွတ်စိုထိုင်းမှိုင်းအေးမြသည့် မိုးရာသီတွင် အဖြစ်များတတ်သည့် ရောဂါများမှာ သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေး၊ ဆင်တုပ်ကွေး (ခေါ်) ချီကန်ဂန်ညာ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်၊ တိုက်ဖွိုက်၊ အသည်းရောင်အသားဝါ၊ ဂျပန်ဦးနှောက်အမြေးရောင် စသည့် ရောဂါများဖြစ်သည်။ ခြင်၊ ယင်၊ မသန့်ရှင်းသည့်ရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုအားနည်းချက်တို့ကြောင့် ဆိုခဲ့ပါရောဂါများကို ခံစားခဲ့ကြရခြင်းဖြစ်သည်။ နေ့ခင်းဘက်တွင် ကိုက်တတ်သည့် ခြင်ကျားကြောင့် ဖြစ်ပွားသည့် ကူးစက်ရောဂါဖြစ်သော သွေးလွန်တုပ်ကွေးသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ပင် ကုစရာ ဆေးမရှိသေးသော ရောဂါဖြစ်ပြီး ရောဂါဖြစ်နှုန်းနှင့် ရောဂါကြောင့် သေဆုံးသည့်နှုန်းတို့မှာ ကိုဗစ်-၁၉ ထက်ပင်များပြားသည်ဟု ပညာရှင်တို့က ပြောကြားထားရာ အထူးသတိပြုကြရမည့် ရောဂါပင်ဖြစ်သည်။

သွေးလွန်တုပ်ကွေးအပါအဝင် မိုးရာသီတွင် အဖြစ်များသည့် ရောဂါများအားလုံးမှာ ကြိုတင်ကာကွယ်နိုင်သည့် ရောဂါများဖြစ်သည်။ ခြင်ကိုက်မခံရအောင် အင်္ကျီ၊ ဘောင်းဘီအရှည်တို့ကို ဝတ်ဆင်ခြင်း၊ နေ့ဖြစ်စေ ညဖြစ်စေ ခြင်ထောင်ချ၍ အိပ်စက်ခြင်း၊ ခြင်နိုင်ဆေးလိမ်းခြင်း၊ အိမ်တွင် ခြင်လုံဆန်ခါများ တပ်ဆင်ခြင်း စသည်ဖြင့် တစ်ဦးချင်းစီ ကာကွယ်နိုင်သည်။ တစ်ဖက်တွင်လည်း ခြင်၊ ယင်များ မပေါက်ပွားစေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းစေရန် ချုံနွယ်ပိတ်ပေါင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းစေရန် ရေမြောင်းများ ရှင်းလင်းခြင်း၊ ရေအိုင်များကို ရေဖောက်ထုတ်ခြင်း၊ မြေဖို့ခြင်း၊ ရေတင်ကျန်နိုင်သည့် ပုံး၊ ခွက်၊ အိုးအလွတ်များ၊ ကားတာယာဟောင်းများ၊ ဘက်ထရီဟောင်းများ စသည်တို့ကို ရှင်းလင်းခြင်း၊ ရေစည်များကို ဖုံးအုပ်ခြင်း၊ ပိုးလောက်လမ်းများ စစ်ယူနှိမ်နင်းခြင်း၊ ပိုးလောက်လမ်း မပေါက်ပွားနိုင်သည့် ဆေးခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သည့် အိမ်တွင်းမှနေရာများကို ရှင်းလင်းခြင်းစသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ရပ်ရွာလူထုအားဖြင့် စုပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သွားလာမှုများအကန့်အသတ်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ၊ ဆရာဝန် ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများမှာ ကပ်ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းများဖြင့် ကြီးမားလေးလံသည့်တာဝန်များကို ထမ်းဆောင်နေကြရသည်။ သို့ဖြစ်သည့်အတွက် မိုးရာသီတွင်အဖြစ်များသည့် ရောဂါများကို ပြည်သူ တစ်ဦးချင်းစီ၏ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ကြိုတင် ကာကွယ်နိုင်ကြဖို့လိုသည်။ ခြင်၊ ယင် နှိမ်နင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ရေနှင့်အစားအစာသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို ဂရုပြုဖော်ဆောင်ကာ မိုးရာသီတွင်အဖြစ်များသည့် ကူးစက်ရောဂါတို့ကို ရှောင်ရှားနိုင်ကြစေရေးအတွက် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥပဒေဘာသာပြန်ကော်မရှင်**
**အမိန့်အမှတ် ၇/ ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)**

၁။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ ဥပဒေဘာသာပြန်ကော်မရှင်က အတည်ပြုသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Penal Code ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည်။
၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**
တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## မင်းပြားမြို့၌ အောက်ဆီဂျင်စက်ရုံ စတင်စမ်းသပ်လည်ပတ်လျက်ရှိ

**မင်းပြား စက်တင်ဘာ ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ်အတွင်း ယခုလက်ရှိ ဖြစ်ပွားနေသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ အမြန်ကုသနိုင်ရေးအတွက် လိုအပ်သော အောက်ဆီဂျင်များ လုံလောက်စွာထုတ်လုပ်နိုင်ရေးနှင့် အောက်ဆီဂျင်ပြတ်တောက်မှု မရှိစေရေးအတွက် စေတနာရှင်၊ အလှူရှင်များထံမှ ထည့်ဝင်လှူဒါန်းငွေဖြင့် အောက်ဆီဂျင်စက်အသစ်ကို ယမန်နေ့က မင်းပြားမြို့ ကျိန်းရိပ်ကရုဏာအောက်ဆီဂျင်ထုတ်လုပ်ရေးစက်ရုံ၌ စတင်စမ်းသပ်လည်ပတ်သည်။

မင်းပြားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် အောက်ဆီဂျင်လိုအပ်ချက်များအား အချိန်မီဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးစိုးမိုး ဦးစီးလျက် ရခိုင်ပြည်နယ်လုံးကျွတ် အောက်ဆီဂျင်လုံလောက်စွာရရှိစေရေး၊ မင်းပြားမြို့ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသည့် အောက်ဆီဂျင်လိုအပ်သောလူနာများအတွက် အောက်ဆီဂျင် အလုံအလောက်ထုတ်လုပ်ပေးနိုင်မည့် အောက်ဆီဂျင်ထုတ်လုပ်ရေးစက်ရုံအတွက် မင်းပြားမြို့နယ် ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ မင်းပြားမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ပံ့ပိုးရေး မြို့နယ်အဆင့် အရပ်ဘက် အထောက်အကူပြုကော်မတီနှင့် စေတနာရှင်/ အလှူရှင်များထံမှ လှူဒါန်းငွေကျပ်သိန်း ၂၃၀၀ တန်ဖိုးရှိ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဘူး အလုံး ၆၀ ထွက်ရှိသည့် အောက်ဆီဂျင်ထုတ်လုပ်စက် စမ်းသပ် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သိန်းနုအောင်(ပြန်/ဆက်)**



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၇-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 2 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 3 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 4 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 5 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 6 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 7 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 8 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 9 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 10 | P.O – Pantocid | 10X10's / Box | 7000 | PL |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ခရိုင် အားကစားလေ့ကျင့်ရေးစခန်း၌ အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## "ပြင်ဦးလွင်မြို့သည် မြို့တည်သက်တမ်း နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီး သမိုင်းကြောင်းအစဉ်အလာရှိသည့် မြို့ဖြစ်သည်နှင့်အညီ မြို့၏အဆင့်ဂုဏ်သိက္ခာနှင့် လျော်ညီသည့် အားကစားကွင်းတစ်ခုဖြစ်စေရေး၊ ပရိသတ်များ အဆင့်မီမီကြည့်ရှုနိုင်ရေး၊ အားကစားသမားများ အရည်အသွေးပြည့်မီစွာ လေ့ကျင့်နိုင်စေရေး အားကစားကွင်းများတွင် ရှိသင့်ရှိထိုက်သည့် စံနှုန်းများနှင့်အညီ ထည့်သွင်းတွက်ချက် အဆင့်မြှင့်တင်ရန်လို"

*❊ ရှေ့ဖုံးမှ*

ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့သည် မြို့တည်သက်တမ်း နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီး သမိုင်းကြောင်းအစဉ်အလာရှိသည့် မြို့ဖြစ်သည်နှင့်အညီ မြို့၏အဆင့်ဂုဏ်သိက္ခာနှင့် လျော်ညီသည့် အားကစားကွင်းတစ်ခု ဖြစ်စေရေး၊ ပရိသတ်များ အဆင့်မီမီကြည့်ရှုနိုင်ရေး၊ အားကစားသမားများ အရည်အသွေးပြည့်မီစွာ လေ့ကျင့်နိုင်စေရေး အားကစားကွင်းများတွင် ရှိသင့်ရှိထိုက်သည့် စံနှုန်းများနှင့်အညီ ထည့်သွင်းတွက်ချက်အဆင့်မြှင့်တင်ရန်လိုအပ်သည့် အခြေအနေများအား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်းအနီးရှိ Sithar Coffee Co.,ltd နှင့် ပွဲကောက်ကျေးရွာရှိ Creation Myanmar Coffee Farm တို့အား သွားရောက်ကြည့်ရှုလေ့လာကြည့်ရှုပြီး ကော်ဖီစိုက်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်းအနီးရှိ Sithar Coffee Co.,ltd ကော်ဖီခြံအတွင်း ကြည့်ရှုလေ့လာစဉ်။

### ဆွေးနွေးတင်ပြ

ဦးစွာ မြန်မာနိုင်ငံ ကော်ဖီအသင်းနာယက ဦးရဲမြင့်နှင့် ကော်ဖီစိုက်လုပ်ငန်းရှင်များက အရည်အသွေးမြင့်သည့် ကော်ဖီထုတ်ကုန်များရရှိစေရေး ကုန်ကြမ်းမှ ကုန်ချောအဆင့်ထိ အဆင့်ဆင့် ထုတ်လုပ်မှုအခြေအနေများ၊ ကော်ဖီအသင်းကို ကော်ဖီ စိုက်ဒေသအသီးသီး၌ တည်ထောင်ထားရှိပြီး လုပ်ငန်းအဆင်ပြေချောမွေ့မှုရှိစေရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

### ရည်မှန်းချက်ထားလုပ်ဆောင်

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံ၌ ကော်ဖီစိုက်ဧက ၃ သောင်းကျော်ရှိပြီး ဒေသအလိုက်ခွဲ၍ Robusta နှင့် Arabica ကော်ဖီမျိုးတို့ကို စိုက်ပျိုးသည်ဟု သိရှိရကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများပြီး ကာလရှည်လုပ်ငန်းဖြစ်သည့်အတွက် အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကို အမြဲမပြတ် လေ့လာနေရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရန်၊ Quality Product ဖြစ်ရန်၊ ဈေးကွက်ရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အနံ့၊ အရသာနှင့် အရောင်ကောင်းမွန်ရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်နှင့် ဒေသအလိုက် ကြိုက်နှစ်သက်သည့် အမျိုးအစားများကို လေ့လာဆန်းစစ်၍ ခွဲခြားဖြန့်ချိရန်လိုကြောင်း၊ လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် သုတေသနနှင့် ဖွံ့ဖြိုးမှု Research and Development ရှိရမည်ဖြစ်ပြီး သုတေသနလုပ်ငန်းများကို မဖြစ်မနေလုပ်ဆောင်ရန်လိုကြောင်း၊ ပထမအဆင့်အနေဖြင့် ကုန်ကြမ်းများကို တင်ပို့ရောင်းချပြီး ဒုတိယအဆင့်အနေဖြင့် ကုန်ချောများကို ထုတ်လုပ်ကာ အရည်အသွေးမြင့် ကုန်ချောထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ နည်းစနစ်ကျနရေး၊ ဈေးကွက်ရရှိရေးနှင့် အရင်းအနှီး လိုအပ်ချက်တို့အတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် *စာမျက်နှာ ၄ သို့*

- ◆ **ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများပြီး ကာလရှည်လုပ်ငန်းဖြစ်သည့်အတွက် အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကို အမြဲမပြတ် လေ့လာနေရန်လို**
- ◆ **မျိုးကောင်း မျိုးသန့်ရရှိရေး၊ နည်းစနစ်ကျနရေး၊ ဈေးကွက်ရရှိရေးနှင့် အရင်းအနှီးလိုအပ်ချက်တို့အတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့်သည့် ကော်ဖီထုတ်ကုန်များရရှိရေး ကြိုးပမ်းဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

အရည်အသွေးမြင့်သည့် ကော်ဖီထုတ်ကုန်များ ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နောင်တွင် လုပ်ငန်းရှင်များကိုယ်တိုင် သုတေသနပြု မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကော်ဖီဈေးကွက်တွင် မြန်မာ့ကော်ဖီသည် အဆင့်အတန်းရှိရှိဖြင့် နေရာတစ်ခုတွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေး ရည်မှန်းချက်ထား လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**ဈေးကွက်ဝင်ရန် ကြိုးစား**

ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးမှု အများအပြားရှိပြီး စိုက်ဧက ၁၀၀၀၀ ကျော်ခန့်ရှိပြီး ဈေးကွက်အတွင်း နာမည်ရရှိပြီးဖြစ်ကြောင်း၊ ဒေသထွက်ကုန်များကို ခေတ်မီသောထုပ်ပိုးမှုပုံစံများဖြင့် ကောင်းမွန်အောင်လုပ်ဆောင်၍ One Village One Product စနစ်ဖြင့် ဒေသမှ စံပြုထုတ်ကုန်တစ်မျိုးချင်းကို ဈေးကွက်ဝင်ရန် ကြိုးစားခြင်းဖြင့် တစ်ဖက်မှလည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူများ ရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများမှ တစ်ဆင့် ဒေသထုတ်ကုန်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ဒေသတွင်းဝင်ငွေကို ကြွယ်ဝစေနိုင်ကာ ဒေသခံပြည်သူလူထု၏ လူနေမှုစနစ်ကို မြင့်မားလာစေမည်ဖြစ်ကြောင်း၊ ကော်ဖီစိုက်လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး မိမိတို့ တစ်ဦးချင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးစီးပွားတိုးတက်စေရေးအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အစုအဖွဲ့လိုက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ကော်ဖီခြံများအတွင်း လိုက်လံကြည့်ရှု၍ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ခင်းကျင်းပြသထားသည့် ကော်ဖီထုတ်ကုန်များ၊ မျိုးစေ့များ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများကို လေ့လာကြည့်ရှုကြရာ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီပင်နှင့် အရိပ်ပင်ကြား လေဝင်လေထွက် ကောင်းမွန်ရန်နှင့် အရိပ်ပင်သည် ပိုးမွှားလက်ခံပင် မဖြစ်စေရေးအတွက် အရိပ်ပင် အလင်းဖွင့်ခြင်းလုပ်ငန်းများကို ဂရုပြုဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယခုကဲ့သို့ ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ပေးခဲ့သည့်အတွက် ဝန်ထမ်းများက လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်ကြရန်လို

နေပြည်တော် စက်တင်ဘာ ၁၇

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဌာနဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်းနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပရာ (ယာပုံ) အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများနှင့် ခရိုင်ဦးစီးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။**





ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လှုပ်ရှားဆောင်ရွက်မှု (၁၀)မိနစ်စာ ဗီဒီယို ပြသသည်။

**သမိုင်းဝင်မည့် အခါသမယဖြစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်(၃၀)ပြည့်မြောက်သည့် မင်္ဂလာရှိသည့်အချိန်တွင် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခွင့်ပြုခဲ့သဖြင့် သမိုင်းဝင်မည့် အခါသမယဖြစ်ပါကြောင်း၊ ဦးစီးဌာနရှိ ဝန်ထမ်းပေါင်း ၁၀၀၀ ကျော်သည် ရာထူးအဆင့်ဆင့် တိုးတက်ရရှိကြမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုးကို ပိုမိုဖော်ဆောင်နိုင်ရန်နှင့် ဝန်ထမ်းများ၏ အနာဂတ်ပိုမိုတိုးတက်စေရန် ဦးစီးဌာန၏ ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်းကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ဌာနဝန်ထမ်းများအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းကို ဉာဏအခြေခံသည့် လူ့အဖွဲ့အစည်းများဖြစ်အောင် ကြိုးပမ်းတည်ဆောက်ပေးစေလိုပါကြောင်း၊ ပြည်သူများ အသိပညာမြင့်မားမှသာ အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ် ခွဲခြားနိုင်မည်ဖြစ်သဖြင့် အသိပညာ၊ ဗဟုသုတ တိုးပွားစေရန် ဦးတည်ဆောင်ရွက်ကြစေလိုပါကြောင်း။

**မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်း**

ဒီမိုကရေစီစနစ်တည်ဆောက်ရာတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည့်အတွက် ပြည်သူများ အသိမှန်၊ အမြင်မှန်၊ အတွေးမှန်ရရှိစေရန် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း။

မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကောင်းသော အမွေကောင်းများ ဖန်တီးပေးအပ်ချင်ပါကြောင်း၊ လုပ်နည်းလုပ်ဟန်အဟောင်းများ၊ ခေါက်ရိုးကျိုးနေသည့် လုပ်ငန်းပုံစံများအစား တီထွင်ကြံဆလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် အလွှာအသီးသီး ၊ နယ်ပယ်အသီးသီးနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရသည့်အတွက် ၎င်းတို့၏ စိတ်ကျေနပ်မှုရစေမည့် ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပြည်သူလူထု၏ အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ပေးခဲ့သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ စေတနာကို လေးစားတန်ဖိုးထားသောအားဖြင့် ဝန်ထမ်းများက လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါသည် ပျောက်ကွယ်သွားမည့် အနေအထား မဟုတ်သည့်အတွက် ကိုဗစ်နှင့်အတူ ယှဉ်တွဲနေထိုင်ရမည်ဖြစ်ပါကြောင်း၊ အသက်ရှင်ရပ်တည်နိုင်ရန် အသက်ဉာဏ်စောင့်ကာ အတတ်နိုင်ဆုံး ကိုဗစ် – ၁၉ ကာကွယ်ရေး စည်းကမ်းများအတိုင်း နေထိုင်လုပ်ကိုင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ဌာနဖွဲ့စည်းပုံပြောင်းလဲမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဌာနဖွဲ့စည်းပုံတိုးချဲ့ပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဌာနနှင့် ဝန်ထမ်းများအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရာထူးအဆင့် တိုးတက်လာသည်နှင့်အညီ ကိုယ်ရည်ကိုယ်သွေး၊ အရည်အချင်း တိုးတက်အောင် ကြိုးစားကြရန်၊ ရိုးသား၍ တာဝန်ကျေပွန်သော ခေါင်းဆောင်ကောင်းများဖြစ်ရန်နှင့် မိမိလက်အောက်မှ ဝန်ထမ်းများကို မှန်မှန်ကန်ကန် ခေါင်းဆောင်ပြီး လုပ်ငန်းတိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ယခုကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်နိုင်ခြင်းကြောင့် သတင်းပြန်ကြားရေးကဏ္ဍ၊ ပြည်သူများ အသိပညာမြင့်မားရေး၊ပြည်သူ့ဆက်ဆံရေးကဏ္ဍများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ကထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

ကိုဗစ်–၁၉ ရောဂါ ခံတက်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် စေတနာရှင် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ရှိ နယ်မြေခံသင်တန်းကျောင်းသို့ ပလောက်မြို့မှ ဒေသခံအလှူရှင် တစ်ဦးက Oxygen Concentrator တစ်လုံး၊ အောက်ဆီဂျင် လီတာ ၄၀ ဝင် တစ်လုံး၊ Flow Meter တစ်လုံး၊ PPE ဝတ်စုံ ၂၀ တို့ကို လာရောက်ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက အောက်ဆီဂျင်စက်ရုံများကို တည်ဆောက် လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်နှင့် ယနေ့တို့တွင် ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၌ အောက်ဆီဂျင် ထုတ်လုပ်သည့်စက် ရောက်ရှိတပ်ဆင်နေမှုကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးပေးနေမှုတို့ကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်နယ်နှင့်တိုင်း ကွာခြားမှု၊ ကျေးလက်မြို့ပြ ကွာခြားမှုများကို လျှော့ချ

နိုင်ငံဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ကွာခြားမှု၊ ကျေးလက်မြို့ပြ ကွာခြားမှုများကို လျှော့ချရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသအားလုံး တစ်ပြေးညီတိုးတက်စေရန် ဆန္ဒရှိကြောင်း၊ လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ပိုမိုအလေးပေး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံစဉ်းစား၍ အဓိကလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် တိုးတက်မှုရှိစေရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ယခုခေတ်ကာလတွင် ရောဂါများ ပိုပြီးရှုပ်ထွေးလာခြင်းနှင့်အတူ ဆေးကုသမှုများကလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနေခြင်းကြောင့် အမှားအယွင်းနည်းအောင် ပိုမိုသတိပြုဆင်ခြင်ရမည်

နေပြည်တော် စက်တင်ဘာ ၁၇

**၂၀၂၁-ခုနှစ်၊ ကမ္ဘာ့ လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့ (World Patient Safety Day 2021) အခမ်းအနားကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးရုံအုပ်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆရာဝန်များ တက်ရောက်ကြသည်။**



အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက လူနာဘေးကင်းလုံခြုံရေးကို အလေးထားဦးစားပေး ဆောင်ရွက်ကြစေရန် ရည်ရွယ်၍ ၂၀၁၉-ခုနှစ်မှ စတင်ကာ စက်တင်ဘာ ၁၇ ရက်ကို ကမ္ဘာ့လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဆေးကုသမှုများမှာ မူလကတည်းက ရှုပ်ထွေးသည့် သဘောတရားရှိပြီး အမှားအယွင်းများ ဖြစ်ပေါ်နိုင်သည့် အခြေအနေများ ဖြစ်သည့်အပြင် ယခုခေတ်ကာလတွင် ရောဂါများ ပိုပြီး ရှုပ်ထွေးလာခြင်းနှင့်အတူ ဆေးကုသမှုများကလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနေခြင်းကြောင့် အမှားအယွင်းနည်းအောင် ပိုမိုသတိပြုဆင်ခြင်ရမည်ဖြစ်ပါကြောင်း။

"လူနာ ဘေးကင်းလုံခြုံမှု" ဆိုသည်မှာ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် တားဆီးနိုင်သော မလိုလားအပ်သည့် ဘေးအန္တရာယ်များမဖြစ်ပွားစေရန်နှင့် လျော့နည်းနိုင်သမျှ လျော့နည်းစေရန် အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ လူနာဘေးကင်းလုံခြုံမှုတွင် ဆေးဝါးဆိုင်ရာ ဘေးကင်းလုံခြုံမှု၊ စိတ်ချရသော သွေးသွင်းကုသမှု၊ စိတ်ချရသော ဆေးထိုးကုသမှု၊ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ တားဆီးကာကွယ်မှု၊ ဘေးကင်းစိတ်ချရသော ခွဲစိတ်ကုသမှု၊ အန္တရာယ်ကင်းသော ဓာတ်ရောင်ခြည်ကုသမှုတို့သာမက Adverse Events များ ဖြစ်ပွားမှု၊ incidence နှင့် ၎င်း၏ အကျိုးသက်ရောက်မှု လျော့နည်းစေရန် စသည့်ဆောင်ရွက်ချက်များ ကျယ်ပြန့်စွာ ပါဝင်ပါကြောင်း။

ယခုနှစ် World Patient Safety Day Theme မှာ "Safe Maternal and Newborn Care" ဖြစ်ပါကြောင်း၊ မိခင်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံကြီးများတွင် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ၊ အထူးကုဆရာဝန်များ တာဝန်ချထားနိုင်ရေး ဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံတွင် ကျေးလက်နေ ပြည်သူ ပိုမိုများပြားခြင်းကြောင့် ကျေးလက်နေ ပြည်သူလူထုအနေဖြင့် အန္တရာယ်ကင်းစွာ မွေးဖွားနိုင်စေရေး သားဖွားဆရာမများကိုလည်း ခန့်ထား ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးတိုးတက်လာစေရေးအတွက် မိခင်ကလေးစောင့်ရှောက်မှုနှင့် သားပျက်သားလျှော ပြုစုစောင့်ရှောက်မှုဆိုင်ရာ အခြေခံသင်တန်းများ ဆောင်ရွက်ခြင်း၊ စံလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ ပြုစုထုတ်ဝေခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ၂၀၂၁-ခုနှစ်အတွက် လူနာဘေးကင်းလုံခြုံမှုဆိုင်ရာချန်ပီယံ (Patient Safety Champion) များအဖြစ် ဆုချီးမြှင့်ရန် ရွေးချယ်ခဲ့သည့် လုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြပြီး လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အထိမ်းအမှတ်နေ့ မှတ်တမ်းဗီဒီယိုပြသကာ ဆုရရှိသည့် ဆေးရုံများကို Online စနစ်ဖြင့် ဆုချီးမြှင့်ခြင်းနှင့် ဆုရရှိသည့် ပြည်သူ့ဆေးရုံ သုံးရုံမှ အတွေ့အကြုံ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် မြဝတီ၊ ချင်းရွှေဟော်နယ်စပ်စခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီလေးခုမှ ယာဉ်စီးရေ ငါးစီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၁၀၀၀ ၊ Oxygen Plant ၁၅ ခု၊ အိမ်သုံး Oxygen Concentrator ၃၆၇ ခု၊ Covid Test Kit ၁၀၂၆၀ ၊ PPE ၁၅၇၁၇၇ စုံ၊ လက်အိတ် ၁၆ တန်နှင့် နှာခေါင်းစည်း (Mask) ၃၂ တန် တင်သွင်းခဲ့သည်။ Oxygen Plant ၁၅ ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ၁၄ ခုနှင့် ချင်းရွှေဟော်မှ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့သို့ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

သတင်းစဉ်

# လမ်းပြကြယ်တစ်ပွင့် သို့မဟုတ် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)

## သန်းသန်းစီ (စာပေဗိမာန်)

**၂၀၀၁ ခုနှစ်မှစတင်၍ နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် အမျိုးသားစာပေတစ်သက်တာဆုသမိုင်းတွင် စာပေပညာရှင် ၃၁ ဦး ဆွတ်ခူးရရှိခဲ့ပြီး ယင်းတို့အနက် အမျိုးသမီးစာပေပညာရှင် သုံးဦးပါဝင်ခဲ့ရာ အဆိုပါသုံးဦးမှာလည်း ကွယ်လွန်သွားကြရှာပြီဖြစ်သည်။ အမျိုးသမီးစာပေပညာရှင်အဖြစ် ဆရာမကြီး စည်သူဒေါ်ရင်ရင်(စောမုံညင်း)က ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာ ဆု၊ ဆရာမကြီး စည်သူဒေါ်ကြန်(မကြန်)က ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ ဆရာမကြီး ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)က ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်အဖြစ် အသီးသီးရရှိခဲ့ခြင်းဖြစ်သည်။**



### တွေ့ဆုံဂါရဝပြုခွင့်ရ

မိမိအနေဖြင့် ဆရာမကြီးရေးသားခဲ့သည့် ဝတ္ထုများစွာအနက် တက္ကသိုလ်နောက်ခံဝတ္ထုနှစ်ပုဒ်ဖြစ်သည့် ပုလဲငုံနှင့် နှင်းဆီကမွေးဝတ္ထုတို့မှတစ်ဆင့် ဆရာမကြီး၏ စာပေလက်ရာများကို စွဲလမ်းနှစ်ခြိုက်ခဲ့ရသော်လည်း ဆရာမကြီးနှင့်မူ တစ်ခါမှ ဆုံစည်းကြုံကြိုက်ခွင့် မရှိခဲ့။ ဆုံဆည်းခွင့်ကြုံချင်ပြန်တော့ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တွေ့ဆုံဂါရဝပြုခွင့်ရခဲ့သည်။ အဆိုပါနှစ်ကား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက် ဖြစ်ပေသည်။ အဆိုပါနှစ်တွင် ဆရာမကြီးနှင့်အတူ ဆရာကြီး ဦးအောင်သင်း (အောင်သင်း) နှင့် ဆရာကြီး ဦးတင်မောင် (သိပ္ပံမှူးတင်) တို့ပါ အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့ကြသည်။ ၂၀၀၁ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်အထိ အမျိုးသားစာပေ တစ်သက်တာဆုကို တစ်နှစ်လျှင် တစ်ဦးသာရရှိခဲ့ပြီး ဆရာမကြီးဆွတ်ခူးရရှိသည့် ၂၀၁၂ ခုနှစ်တွင်မူ ထူးထူးခြားခြား စာပေပညာရှင် ဆရာကြီး ဆရာမကြီး သုံးဦးအထိ ဆွတ်ခူးရရှိခြင်းဖြစ်ရာ ထူးခြားမှုတစ်ခုအဖြစ် စွဲငြိမှတ်မိနေခြင်းလည်း ဖြစ်သည်။ စိတ်မကောင်းစရာတစ်ခုကား ဆရာမကြီးတို့အတူတကွ အမျိုးသားစာပေ တစ်သက်တာဆု ဆွတ်ခူးရရှိခဲ့ကြသည့် ပညာရှင်သုံးဦးမှာ ကွယ်လွန်သွားခဲ့ရှာပြီဖြစ်သည်။

### ဘဝနှင့်စာပေ

စာရေးဆရာမကြီး ခင်ဆွေဦးကို အဖ ဦးဘဆွေ(စာရေးဆရာကြီး မဟာဆွေ)၊ အမိ ဒေါ်ကြည်ကြည်တို့က ၁၉၃၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် စစ်ကိုင်းမြို့၌ မွေးဖွားခဲ့ပါသည်။ မွေးချင်းညီအစ်မနှစ်ဦးအနက် အကြီးဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်ဦးဖြစ်ပြီး ညီမမှာ ဒေါ်ခင်ဆွေအေးဖြစ်သည်။ ဆရာမကြီးသည် ဖခင်ကလောင်မှ “ဆွေ” ကို ယူကာ “ခင်ဆွေဦး” ဟု ကလောင်အမည် ခံယူခဲ့သည်။

ငယ်စဉ်က ရန်ကုန်မြို့ မြို့မအမျိုးသမီး အထက်တန်းကျောင်း၊ စိန့်ဂျွန်းကွန်ဗင့်(ယခုလသာ အထက–၂)၊ စိန့်မေရီကျောင်းတို့၌ ပညာသင်ယူခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၅၈ ခုနှစ်တွင် စိန့်ဂျွန်းကွန်ဗင့် (ယခုလသာ အထက–၂)၌ အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်သည်။ ဆရာမလုပ်သက် ၁၀ နှစ်တွင် တာဝန်မှ အနားယူခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ ပညာရေးဘွဲ့ (ဘီအီးဒီ) ရရှိသည်။

**ဆရာမကြီးသည် အသက် ၁၂ နှစ်အရွယ်မှစ၍ စာပေလောကအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး အသက် ၂၈ နှစ်အရွယ်တွင် သူမ၏ပထမဆုံးလုံးချင်းဖြစ်သည့် “တို့တိုင်း၌ာနီ” ကို ရေးသားထုတ်ဝေနိုင်ခဲ့သည်။ “တို့တိုင်း၌ာနီ” ဝတ္ထုသည် သမိုင်းဖြစ်ရပ်များကို သုတေသီဆန်ဆန်ရေးဖွဲ့ထားပြီး လွတ်လပ်ရေးခေတ်မှ စတင်၍ အထောက်အထားပေါင်းများစွာကို ဖတ်ရှုမှတ်သားလေ့လာ ရေးသားထားသော ဝတ္ထုဖြစ်သည်**






၁၉၄၆ ခုနှစ် အသက် ၁၂ နှစ်အရွယ်မှ စတင်၍ သံတော်ဆင့်သတင်းစာ ကလေးကဏ္ဍ၌ ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ အသက် ၁၆ နှစ်အရွယ်တွင် “ဖူးစစံပယ်” ဝတ္ထုတိုကို သွေးသောက်မဂ္ဂဇင်းတွင်ရေးသားခဲ့ပြီးနောက် ရှုမဝ၊ ငွေတာရီ၊ မြဝတီ၊ နဝဒေး စသည့် လစဉ်ထုတ်မဂ္ဂဇင်းကြီးများတွင် ဝတ္ထုတိုနှင့် ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ဆရာမကြီးသည် သံတော်ဆင့်သတင်းစာ ကလေးကဏ္ဍ၌ စာတည်းအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၁–၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာနယ်ဇင်းအသင်း တွဲဖက်အတွင်းရေးမှူး၊ ၁၉၅၂–၁၉၅၃ ခုနှစ်တွင် အိုးဝေမဂ္ဂဇင်း မြန်မာစာတွဲဖက်စာတည်းအဖြစ် ဆောင်ရွက်သည်။ ဆရာမကြီးသည် ၁၉၈၄ ခုနှစ်တွင် စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဆရာမကြီး၏ပထမဆုံးလုံးချင်းဝတ္ထုဖြစ်သည့် “တို့တိုင်း၌ာနီ” ကို ထုတ်ဝေခဲ့သည်။ အဆိုပါ ဝတ္ထုကို ဂျပန်နိုင်ငံ တိုယိုတာဖောင်ဒေးရှင်းက ဂျပန်ဘာသာသို့ ပြန်ဆို၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဇူလိုင်လတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့သည့် “နှင်းဆီက မွေး” လုံးချင်းဝတ္ထုသည် ဆရာမ၏ ၂၃ အုပ်မြောက်ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂအဆောက်အဦ နောက်ခံကားချပ်ကို သရုပ်ဖော်ရေးခဲ့သော ဝတ္ထုဖြစ်သည်။ အဆိုပါဝတ္ထုကို ဆရာတက်တိုးက ဂါးဒီးယန်းသတင်းစာတွင် “Khin Swe Oo’s 23rd Novel” ခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။ ထို့ပြင် ဆရာမရေးခဲ့သည့် ပထမဦးဆုံး လုံးချင်းဝတ္ထု “တို့တိုင်း၌ာနီ” နီးပါး ပေါ်လွင်ထင်ရှားခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ဒုတိယအကြိမ်၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် တတိယအကြိမ် ပြန်လည်ထုတ်ဝေခဲ့ရလေသည်။

ဆရာမကြီးသည် လုံးချင်းဝတ္ထုပေါင်း ၆၅ အုပ်ကျော်၊ ဝတ္ထုရှည် ၁၀ ပုဒ်၊ ဝတ္ထုတိုပေါင်း ၁၀၀၀ ကျော်နှင့် ဆောင်းပါးပေါင်း ၅၀၀ ခန့် ရေးသားခဲ့သည်။ ဖခင်အကြောင်း၊ မိမိကျင်လည်ခဲ့ရသည့် တက္ကသိုလ်ဝန်းကျင် ပညာနယ်ပယ်အကြောင်း၊ ဘာသာရေး အတွေးအမြင်များ၊ စာပေဆိုင်ရာ အကြောင်းများကို သတိပြု ထိတွေ့မှတ်သားခဲ့ရသည်။ ဆရာမကြီးရေးသားခဲ့သမျှ ဝတ္ထုများအနက် ‘မပန်သာသည်’၊ ‘ပုလဲငုံ’၊ ‘ဆူးနှစ်ဆူး’၊ ‘ပျံသာပျံပါ ငှက်ရွှေဝါ’၊ ‘မောင့်အချစ်သီရိ’၊ ‘နေခြည်ဖြာတော့ နွေးလိမ့်မယ်’ တို့ကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ရိုက်ကူးခဲ့ကြသည်။

ဆရာမကြီး ခင်ဆွေဦး၏ ထင်ရှားသော လုံးချင်းဝတ္ထုအချို့မှာ အင်ကြင်းရဂုံ(၁၉၆၆)၊ လှမျိုးနွယ် (၁၉၆၆)၊ ရွှေပြည်ကိုသာ လွမ်းတော့သည်(၁၉၆၇)၊ တိမ်တောက်ချိန် (၁၉၆၈)၊ နေခြည်ဖြာတော့ နွေးလိမ့်မယ် (၁၉၇၂)၊ ချစ်ခြင်းကိုဆိုမယ်(၁၉၇၃)၊ ဘဝနှင့် မုန်တိုင်း၊ မြပုဝါ၊ ပုလဲငုံ၊ စုံတောမြိုင်၊ လွင်၊ မြကေရှင်၊ ဥမ္မာ၊ မိုးနှင့်ရေ၊ မိုးပန်းဝေဝေ၊ ကံ့ကော်ဦးနှင့် လေ့တစ်စင်းနဲ့ ရွက်လွှင့်မယ်တို့ဖြစ်သည်။ ဝတ္ထုတိုပေါင်းချုပ် စာအုပ်များအဖြစ် ခေတ်နှင့်အတူ (၁၉၆၂)၊ ငြိမ်းချမ်းပါစေ(၁၉၆၃)နှင့် အလှအပ (၁၉၆၉) တို့ကိုလည်း ထုတ်ဝေခဲ့သည်။ စစ်ကိုင်းသမီးဒိုင်ယာရီ (၂၀၀၄)၊ မှတ်မှတ်ရရနေ့ရက်များ(၂၀၀၅) စာအုပ်တို့ကိုလည်း ရေးသားခဲ့ပြီး စံပယ်ဖြူမဂ္ဂဇင်းကိုလည်း ဦးစီးထုတ်ဝေခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ တစ်လခွဲခန့်သွားရောက်ပြီး နိုင်ငံတကာ ဝိပဿနာစာတမ်းဖတ်ပွဲများသို့ တက်ရောက်ခဲ့ကြောင်း မှတ်သားခဲ့ရဖူးသည်။

### တို့တိုင်း၌ာနီ

ဆရာမကြီးသည် အသက် ၁၂ နှစ်အရွယ်မှစ၍ စာပေလောကအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး အသက် ၂၈ နှစ်အရွယ်တွင် သူမ၏ပထမဆုံးလုံးချင်းဖြစ်သည့် “တို့တိုင်း၌ာနီ” ကို ရေးသားထုတ်ဝေနိုင်ခဲ့သည်။ “တို့တိုင်း၌ာနီ” ဝတ္ထုသည် သမိုင်းဖြစ်ရပ်များကို သုတေသီဆန်ဆန် ရေးဖွဲ့ထားပြီး လွတ်လပ်ရေးခေတ်မှ စတင်၍ အထောက်အထားပေါင်းများစွာကို ဖတ်ရှုမှတ်သားလေ့လာရေးသားထားသော ဝတ္ထုဖြစ်သည်။ အင်္ဂလိပ်လက်အောက်မှ မြန်မာ့လွတ်လပ်ရေးတိုက်ယူရန် လူငယ်သခင်များ ကြိုးပမ်းနေချိန်မှစ၍ သားနှစ်ယောက်၊ သမီးတစ်ယောက်၊ တူမတစ်ယောက်ပိုင်ရှင် မိသားစုတစ်စု၏ လှုပ်ရှားမှုကို ဇာတ်အိမ်ဖွဲ့ကာ တော်လှန်ရေးသမိုင်းမှ ဖြစ်ရပ်မှန်အချို့ကို ထည့်သွင်းဖော်ပြထားသည့် စာအုပ်ဖြစ်ပေသည်။

“တို့တိုင်း၌ာနီစာအုပ်သည် ကိုသူရ တည်းဟူသော ကြေးမုံပြင်ကို ထောင်ပြ၍ ရဲဘော်သုံးကျိပ်တို့မှအစ တော်လှန်ရေးကာလအတွင်းနှင့် လွတ်လပ်ရေးအပြီး အပိုင်မရခင်စပ်ကြား တစ်တိုင်းပြည်လုံးထားရှိခဲ့ကြသော စိတ်ဓာတ်ကို တစ်ဖန်အရိပ်ပြန်ထင်အောင် ကြိုးစားခြင်းဖြစ်သည်။”

“တိုင်းပြည်တွင် အတွင်းအပ ရန်မီးဝိုင်းနေသောအခါ၌ တစ်ကြိမ်ကရှိခဲ့ဖူးသော အနစ်နာခံစိတ်၊ မျိုးချစ်စိတ်၊ ဖွဲလုံ့လတို့ကို ယခင်ကလိုခဲ့သည်နှင့်အမျှ ယခုလည်း လိုသေးသည်။ တစ်နည်းဆိုရသော် အာဇာနည်တွေလိုနေသည်”ဟု ဆရာစံလွင်က ၁၉၆၁ ခုနှစ် စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းစာအုပ်ဝေဖန်ချက်တွင် သုံးသပ်တင်ပြခဲ့သည်။

ကိုသူရ၊ ကိုရန်နောင်၊ မိဟူသော သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းနှင့်အတူ ၁၉၄၅ ခုနှစ် တော်လှန်ရေးကြီးနှင့်တကွ ပြည်တွင်းသောင်းကျန်းမှု တိုက်ပွဲများ၊ တရုတ်ဖြူတိုက်ပွဲများတွင် ဘဝပေါင်း၊ အသက်ပေါင်းများစွာ စတေးခဲ့ရသူတို့၏ အကြောင်းကို “တို့တိုင်း၌ာနီ” မှတစ်ဆင့် ပြန်ပြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

အဆိုပါ စာအုပ်မှာ မှတ်တမ်းစာအုပ် ၁၀ အုပ်ကို မှီငြမ်းပြုပြီးရေးသားထားသည်ကို သိရသည့်အတွက် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလများအတွင်း မြန်မာလူငယ်တို့၏ မျိုးချစ်စိတ်၊ လူနေမှုဘဝအဖုံဖုံတို့ကိုပါ ခံစားထိတွေ့နိုင်မည်ဖြစ်ပေသည်။ “တို့တိုင်း၌ာနီ” သည် ဆရာမကြီး၏ ပထမဆုံးလုံးချင်းဝတ္ထုတစ်အုပ်ဖြစ်သကဲ့သို့ “တို့တိုင်း၌ာနီ” နှင့် ဒေါ်ခင်ဆွေဦး၊ ဒေါ်ခင်ဆွေဦးနှင့် “တို့တိုင်း၌ာနီ” သည် ခွဲခြားမရအောင် အောင်မြင်ထင်ရှားခဲ့ပေသည်။

### အထင်ကရ အမှတ်အသားများ

ဆရာမကြီး၏ဘဝကို လေ့လာကြည့်လျှင် ပညာဆည်းပူးလေ့လာခြင်း၊ သင်ကြားပို့ချခြင်းနှင့် စာပေရေးသားခြင်းဟူသည့် အမှတ်အသားများကိုသာ အထင်ကရ တွေ့မြင်ရလေသည်။

*စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လက်ရှိဖြစ်ပေါ်တိုးတက်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ မြန်မာနိုင်ငံနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများ ရှင်းလင်းပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

**(၄၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးမှူးရုံး ဘုတ်အဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် virtual ဖြင့် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်ထွေး online မှ ပါဝင်တက်ရောက်သည်။**




အဆိုပါ အစည်းအဝေးများသို့ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ South- east Asia Department ဒါရိုက်တာ Mr. Alfredo Perdiguero၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွား လုပ်ငန်းညှိနှိုင်းရေးရုံး အမှုဆောင်ဒါရိုက်တာ Mr. Jens Thraenhart နှင့် အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။

**ကိုဗစ်အလွန်ခရီးသွားကဏ္ဍ**

မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးမှူးရုံး ဘုတ်အဖွဲ့အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုဗစ်အလွန် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)၊ "စွဲမက်ဖွယ်ရာ ပြည်မြန်မာ" ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ထုံးလုပ်နည်း အစီအစဉ်ထုတ်ပြန်ကြေညာမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ၎င်းတို့နိုင်ငံများရှိ ခရီးသွားလုပ်ငန်းအခြေအနေများနှင့် မဟာမဲခေါင်ဒေသအတွင်း ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

**ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာရေး**

ဆက်လက်၍ (၄၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ပါဝင်တက်ရောက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်ဆိုင်နေရသည့်အခြေအနေများ၊ ကိုဗစ်-၁၉ အလွန်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေးအတွက် ပြင်ဆင်သင့်သော လုပ်ငန်းအစီအစဉ်များ၊ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ-မိုင်းလား ဝမ်တာပင်း ပူးပေါင်းစစ်ဆေးရေးဂိတ် ပြန်လည်ဖွင့်လှစ်

**ကျိုင်းတုံ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ-မိုင်းလား ဝမ်တာပင်း ပူးပေါင်းစစ်ဆေးဂိတ်ကို ယမန်နေ့ကစ၍ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဂိတ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်က ပိတ်ထားခဲ့ရာ ဒေသနေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရန်အတွက် စက်တင်ဘာ ၁၆ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျိုင်းတုံ-မိုင်းလား ဝမ်တာပင်းဂိတ် ပြန်လည်ဖွင့်လှစ်နိုင်ရေး စက်တင်ဘာ ၁၀ ရက်က တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်နှင့်အညီ ယမန်နေ့က ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့သို့ အောက်ဆီဂျင်စက်ရောက်ရှိ တစ်ရက် လီတာ ၄၀ ဆံ့ အိုးအလုံး ၄၀ ထုတ်လုပ်ပေးနိုင်မည်

**ကျောင်းကုန်း စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဝယ်ယူထားသည့် အောက်ဆီဂျင်စက်မှာ ယမန်နေ့က ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၈၅၀ ခန့်ရှိပြီး တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး လေးလုံး ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယင်းအောက်ဆီဂျင်စက်ကို တစ်နေ့လျှင် ၁၀ နာရီမောင်းနှင်၍ လီတာ ၄၀ ဆံ့ အိုးအလုံး ၄၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်ကို ကျောင်းကုန်းမြို့နယ်အတွင်းရှိ စေတနာရှင်များ ထည့်ဝင်အလှူငွေဖြင့် တပ်ဆင်ခြင်းဖြစ်ကြောင်း ဖြစ်မြောက်ရေးကော်မတီဝင် ဦးဇော်လွင်ဦးက ပြောသည်။

ကျောင်းကုန်းမြို့နယ်အနေဖြင့် အောက်တိုဘာလလယ်လောက်မှသာ အောက်ဆီဂျင်စတင်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စက်ရုံလည်ပတ်နိုင်ပါက ကျောင်းကုန်းမြို့နယ်မှ အောက်ဆီဂျင်လိုအပ်နေသော လူနာများအပြင် အခြားမြို့နယ်များမှ လူနာများအတွက် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

ငယ်စဉ်ကပင် ဆရာသိပ္ပံမောင်ဝ၏ ဆောင်းပါးဝတ္ထုတိုများကို စွဲလမ်း နှစ်သက်ခဲ့ပြီး ဆရာမန်းတင်၏ ဆောင်းပါးဆန်ဆန် ဝတ္ထုများ၊ ဝတ္ထုဆန်ဆန် ဆောင်းပါးများ(ပြောရမလား)ကို အာရုံဝင်စားစွာ ဖတ်ရှုလေ့လာခဲ့သည်။ ထိုစဉ်က ဆရာမကြီး၏အသက်မှာ ၁၃ နှစ်သာသာ ရှစ်တန်းကျောင်းသူဘဝဟု "ကုသိုလ်မြစ်တစ်စင်း" စာအုပ် အမှာစကားတွင် ရေးသားခဲ့ဖူးသည်။ ဖခင်ကိုယ်တိုင် စာရေးဆရာဖြစ်၍လားမသိ၊ ဆရာမကြီး ဘဝက စာပေနှင့် အကျွမ်းတဝင်ရှိနေနှင့်သည်။ ဖခင်၏ မျိုးချစ်စိတ်၊ နိုင်ငံရေး အတွေးအမြင်များက ဆရာမကြီး၏ အာရုံကို ဖမ်းစားထားနိုင်ခဲ့သည် ထင်ပါသည်။ ထို့ကြောင့်ပင် ပထမဆုံးလုံးချင်း ဝတ္ထုဖြစ်သည့် "တို့တိုင်းဌာနီ"မှာပင် လွတ်လပ်ရေး၊ နိုင်ငံရေးအကြောင်းအရာများ ထုံမွမ်းနေခဲ့သည်။

စာပေလက်ရာများစွာကို ရေးသားရာတွင် စာပေအပေါ်ထားသည့် ဆရာမကြီး၏စိတ်နှလုံးသားမှာ များစွာလေးစားအတုယူဖွယ်ကောင်းပုံကို " ကုသိုလ်မြစ်တစ်စင်း" စာအုပ် အမှာစကားတွင် အောက်ပါအတိုင်းတွေ့ရသည်-

"ကျွန်မတို့ လူ့ဘောင်လူ့လောကမှာ ဘဝရဲ့ဖြစ်ကြောင်းစုံ၊ ကောင်းသင်္ခါရနဲ့ ဆိုးသင်္ခါရတွေ၊ ကိုယ်ပိုင်အတွေ့အကြုံ (စာတွေ့ရော၊ ကိုယ်တွေ့ရော) ရေးဖွဲ့စရာ အကြောင်းအရာတွေ များပါတယ်။ ဆောင်းပါးတွေဟာ တကယ့်အဖြစ်အပျက်အပေါ်၊ အကြောင်းအချက်အပေါ် မူတည်ထားတာမို့ ရေးတဲ့အခါမှာ ပိုပြီးတာဝန်ကြီးပါတယ်။ ဝတ္ထုများ၊အတ္ထုပ္ပတ္တိဖြစ်စဉ်ဝတ္ထုတိုများ များလို့ အဖြစ်မှန်ထက် ပိုမိုတဲ့ စိတ်ကူးတွေထည့်လို့ မရပါဘူး။ သို့သော်လည်း နှလုံးသားနှင့်ရင်းပြီး ရေးတာမို့ အနုပညာဂုဏ်မြောက်ဖို့တော့ လိုတာပေါ့။ ဆောင်းပါးတွေမှာလည်း အနုပညာခံစားမှု လိုတာပါပဲ။ ကျွန်မလည်း အတတ်နိုင်ဆုံး ကြိုးစားရေးထားပါတယ်။ လိုအပ်တာတွေ ချွတ်ယွင်းတာတွေများရှိခဲ့ရင်လည်း ဝေဖန်သတိပေးနိုင်ပါတယ်" ဟုဆိုခဲ့သည်။

'သုတစာပေ' သည် လူတို့၏ ဦးနှောက်ကို ထွန်းညှိပေးသကဲ့သို့ ရသစာပေသည် လူတို့၏ နှလုံးသားကို အာဟာရပေးသည်ဟု မှတ်သားခဲ့ရဖူးသည်။ ဆရာမကြီးကလည်း ရသစာပေနှင့် ပတ်သက်၍ "မကြည့်တတ်ရင် တဏှာ၊ ကြည့်တတ်ရင် ပညာပါ။ ရသစာပေကလည်း လူငယ်တွေကို ပြုပြင်ပေးနိုင်တဲ့အတွက် ဖတ်ဖို့လိုပါတယ်" ဟု ဆိုဖူးပါသည်။

**ရသစာပေ**

ထိုအဆိုနှင့်ပတ်သက်၍ ရသစာပေက လူငယ်တို့၏ နှလုံးသားကို မည်မျှ ဖမ်းစားနိုင်ကြောင်းကိုလည်း "ခင်ဆွေဦး စာပေဆွေးနွေးပွဲ" စာအုပ်တွင် တွေ့ရသည်။ "ခင်ဆွေဦး စာပေဆွေးနွေးပွဲ" စာအုပ်သည် ၁၉၇၄ ခုနှစ်က ရန်ကုန်မြို့ရှိ ဝိုင်အမ်စီအေခန်းမ၌ စနေနေ့တိုင်း ကျင်းပသည့် စာပေဆွေးနွေးပွဲတွင် စာဖတ်သူနှင့် စာရေးသူမေးမြန်းဆွေးနွေးမှုများကို စုစည်းထုတ်ဝေခြင်း ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဆရာမကြီး၏ စာဖတ်ပရိသတ်တစ်ဦးက "ဒီတော့ ကျွန်တော်သိပ်ကြိုက်တဲ့ ကျွန်တော်တို့ နှစ်သက်တဲ့ စာရေးဆရာကြီးတွေရဲ့ စာပေအရေးအသားထဲက ဇာတ်ဆောင်တွေ ဇာတ်ကောင်တွေလုပ်သလို အထူးသဖြင့် ကျွန်တော်တို့က ပုံတူကူးချလေ့ရှိပါတယ်။

ဆိုတော့ အဲဒီလိုပုံတူကူးချတဲ့နေရာမှာ အများအားဖြင့် ဒေါ်ခင်ဆွေဦးရဲ့ ဇာတ်ကောင်တွေဟာ ကျွန်တော်တို့ကို အများကြီးအကျိုးပြုတာတွေ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘဝကို ရင်ဆိုင်ရုန်းကန်ရမယ့် အခြေအနေမျိုးဖြစ်လာတဲ့ အခါမှာ ဒေါ်ခင်ဆွေဦးရဲ့ ဇာတ်ကောင်တွေဟာ ကျွန်တော်တို့အတွက် အင်မတန် အားကိုးလောက်တယ်။

ဒီကနေ့အထိတော့ ကျွန်တော်ဟာ စိတ်ဓာတ်ကျလာတဲ့ အခြေအနေမျိုးရှိရင် ဒေါ်ခင်ဆွေဦးရဲ့ "အင်ကြင်းရဂုံ"၊ "ဖန်ဝါလား" တို့ဟာ အခုတောင်မှ ကျွန်တော်နည်းနည်း စိတ်ဓာတ်ကျလာလို့ စာကြည့်စားပွဲပေါ်မှာ "တေးသီလို့ဖွဲ့မယ်" တောင် တင်ထားသေးတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဟုတ်တယ်၊ စိတ်ဓာတ်နည်းနည်း ကျလာတာနဲ့အမျှ ဒေါ်ခင်ဆွေဦးရဲ့ ဇာတ်ဆောင်တွေဟာ အင်မတန်ဘဝကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ရဲတဲ့ သူတွေဆိုတော့ သူ့ကိုပဲ ဖတ်ရတယ်။ ဒါက ကျွန်တော်တို့အတွက် အင်မတန် အတုယူဖွယ်ကောင်းတဲ့ ဒီဇာတ်ဆောင်တွေရဲ့ ရုန်းကန်မှုပါ" ဟု ဆွေးနွေးထားသည်ကို တွေ့ရပေသည်။

သို့ရာတွင် "ကျွန်တော်တို့ အင်မတန်ကြိုက်တဲ့ဇာတ်ဆောင်ရဲ့ ပုံစံဆိုးလေးတွေ ဝင်သွားတာနဲ့အမျှ ဘာဖြစ်လာသလဲဆို ကျွန်တော်ဟာ ဒီပတ်ဝန်းကျင်နဲ့ မဝင်ဘဲ သီးသန့်ဖြစ်ချင်တဲ့ ဆန္ဒမျိုးလေးတွေရှိရှိသွားတယ်" ဟုလည်း ဆွေးနွေးသွားခဲ့ရာ ရသစာပေက ကြည့်တတ်ရင် ပညာဟူသော ဆရာမကြီး၏စေတနာက အဆိုပါ လွှမ်းမိုးမှုမျိုးအတွက် လမ်းညွှန်ချက်တစ်ခုဟု ဆိုနိုင်ကောင်းအံ့ထင်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းနှင့်ဆန်အိတ်များ ထောက်ပံ့

**ထားဝယ် စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် မြိတ်-ထားဝယ်ခရိုင် (KNU)ကရင်အမျိုးသားအစည်းအရုံး၊ မြိတ်ခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ကရင်မော်ကယ် (ဆလုံ) စာပေနှင့် ယဉ်ကျေးမှု အသင်းများ၊ ခရစ်ယာန်သာသနာပြုအသင်းများသို့ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် တိုင်းရင်းသားအဖွဲ့များကို ကျန်းမာရေးအထောက်အကူပြုပစ္စည်းနှင့် ဆန်အိတ်များကို ကိုဗစ်-၁၉ ကာလအတွင်း အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားများကို လိုအပ်သော ဆေးဝါးများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး လိုအပ်ချက်များရှိပါက တင်ပြပေးရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားများအား မှတ်ပုံတင် ပြုလုပ်ပေးခြင်းလုပ်ငန်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က မြိတ်ခရိုင် မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် တနင်္သာရီမြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားလူမျိုးများအား (ငွေကျပ် ၅၁၄၇၅၀၀ တန်ဖိုးရှိ) ကျန်းမာရေး အထောက်အကူပြုပစ္စည်းနှင့် ဆန်အိတ်ပစ္စည်းများကိုလည်းကောင်း၊ ကျွန်းစုမြို့နယ်အတွင်းရှိ မော်ကယ်(ဆလုံ)တိုင်းရင်းသားများအား (ငွေကျပ် ၄၂၄၁၀၀၀ တန်ဖိုးရှိ) ပစ္စည်းများကိုလည်းကောင်း၊ မြိတ်- ထားဝယ်ခရိုင်(KNU) ကရင်အမျိုးသား အစည်းအရုံးသို့ (ငွေကျပ်၂၉၃၂၄၀၀၀တန်ဖိုးရှိ) ပစ္စည်းများကိုလည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူပြီး ကျန်းမာရေး အထောက်အကူပြုပစ္စည်းနှင့် ဆန်အိတ်များ လက်ခံရရှိသူများကိုယ်စား မြိတ်-ထားဝယ်ခရိုင် (KNU)ကရင်အမျိုးသား အစည်းအရုံးမှ ပဒိုဝင်းခိုင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၂၇ ကျောင်း၌ အမျိုးသမီး ၇၃၂ ဦး စက်ချုပ်သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၂၇ ကျောင်းတို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ် သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ ကျင်းပသည်။

ဘားအံမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပခုက္ကူမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လဟယ်မြို့၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာ သင်တန်းဆင်းပွဲ အခမ်းအနားသို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း တို့ကလည်းကောင်း၊ သင်တန်းကျောင်းအသီးသီး၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက လည်းကောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းများတွင် ဒေသခံ အမျိုးသမီးငယ်များကို နေထိုင် စားသောက်စရိတ်နှင့် သင်ထောက်ကူပစ္စည်းများ အခမဲ့ ထောက်ပံ့ပေးပြီး သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို တစ်နှစ်အရစ်ကျ ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းနှင့် ပူးပေါင်း၍ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

အိမ်တွင်းမှု သင်တန်းကျောင်း၂၇ကျောင်းတွင် သင်တန်းသူ စုစုပေါင်း ၇၃၂ ဦးအား မေ ၁၇ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ရက်သတ္တ ၁၈ ပတ်ကြာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးပြီး တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၂၆၈၈ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ရှစ် ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၁ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၀ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၈ ဦးတို့ကို အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄)ရပ်ကွက် စက်မှုဇုန်တွင် ယနေ့နံနက်ပိုင်းက စတင်၍ မြောက်ဒဂုံစက်မှုဇုန် ကော်မတီရုံးတွင် စက်မှုဇုန်အတွင်းရှိ အလုပ်သမား ၃၅၈ ဦးအား ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံရန် လာရောက်သူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင်၏ လမ်းညွှန်မှုဖြင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်း၍ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကာကွယ်ဆေး ထိုးနှံပေးသည်။



ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် ဩဂုတ် ၁၅ ရက်အထိ ကာကွယ်ဆေးထိုးနှံပြီးသူ အသက် ၆၅ နှစ်နှင့် အထက် ဘိုးဘွား ၄၆၅၂ ဦး၊ ကျန်းမာရေးဝန်ထမ်း ၆၈၉ ဦး၊ စေတနာ့ဝန်ထမ်း ၂၃၂ ဦး၊ သံဃာတော်၊ သီလရှင် ၁၅၄ ပါး၊ နိုင်ငံ့ဝန်ထမ်း ၃၉၅ ဦး၊ အကျဉ်းသားအကျဉ်းသူ ၁၆ ဦး ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ဒဂုံမြောက်)**

# တာချီလိတ်မြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ၂၇ ရွာကို အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု တောင်ပေါ်ကျေးရွာ ၂၇ရွာရှိ အိမ်ထောင်စုပေါင်း ၁၂၀၀ အတွက် အခြေခံစားသောက်ကုန်များကို မိုး မိသားစုကုမ္ပဏီနှင့် ရွှေမိုင်းဟဲ မိသားစုတို့က ယနေ့နေ့လယ်ပိုင်းက သွားရောက်ထောက်ပံ့လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာ၌ ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်းအတွင်း စားဝတ်နေရေးခက်ခဲသည့် တောင်ပေါ်နေ တိုင်းရင်းသားပြည်သူ လားဟူ၊ အာခါ၊ ပလောင်နှင့် ရှမ်းလူမျိုးအများစု နေထိုင်သည့် ရွာများကို ပထမအကြိမ်အဖြစ် တစ်အိမ်ထောင်စုလျှင် ထိုင်းဘတ် ၂၀၀တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့်အခြား အခြေခံစားသောက်ကုန်ပစ္စည်းများကို အိမ်ထောင်စု ၁၂၀၀အတွက် အလှူရှင်များက ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး သက်ဆိုင်ရာကျေးရွာဒေသခံတိုင်းရင်းသားများက လက်ခံရယူခဲ့ကြသည်။ ဆက်လက်၍ ထောက်ပံ့လှူဒါန်းသွားရန်လည်း စီစဉ်ထားရှိကြောင်း အလှူရှင် ကုမ္ပဏီမှတာဝန်ရှိသူ ဦးဝီလ်ဆင်မိုးထံမှ သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျေးလက်ဒေသ အသေးစားစက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ကြည့်ရှုအားပေး



ကဝ စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကဝမြို့နယ် သပြုကျေးရွာသို့ ရောက်ရှိပြီး ဒန်နှင့် သံထည်ပစ္စည်းများ အရည်ကြိုပုံသွင်းထုတ်လုပ် ဆောင်ရွက်လျက်ရှိသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သပြုကျေးရွာ တိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ကဝ-သပြု-ရှမ်းကံ ကျေးလက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သပြုကျေးရွာ ဇရပ်ကျောင်း ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး လှူဖွယ်ဝတ္ထု ပစ္စည်းများ၊ ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကဝမြို့ပေါ်ရှိ မြို့တွင်းလမ်းများ၊ အုတ်ရေမြောင်းနှင့် ပလက်ဖောင်းများ ပြုလုပ်နေမှုကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာနှင့် ကဝမြို့မဈေး တည်ဆောက်မည့် မြေနေရာတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကဝမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေး ဝန်ထမ်းများထံ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**လမ်းခင်းနေမှု ကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကဝမြို့ ငါးထပ်ကြီးဘုရားဝင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကို ကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ကျန်းမာရေးသုံး အထောက်အကူပြု ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ကဝမြို့အဝင် တံတားပြန်လည်အဆင့်မြှင့်တင်နေမှုနှင့် အင်းတကော်-ကဝ-အုန်းနဲ့ လမ်းကို ကတ္တရာထပ်ပိုးလွှာ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

**အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (ASEAN Senior Officials Meeting on the Environment– ASOEN and Related Meetings) ကို စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ဘရူနိုင်းနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူ၍ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သည်။(ယာပုံ)**



ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ (ASOEN) ၏ လက်ရှိဥက္ကဋ္ဌ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(၁၆)ကြိမ်မြောက် စည်းဝေး**

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လက်ရှိဥက္ကဋ္ဌဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦး၊ ပူးတွဲသဘာပတိအဖြစ် ဘရူနိုင်းနိုင်ငံမှ Dr. Nor Imtihan တို့က ဆောင်ရွက်ကြပြီး အစည်းအဝေးတွင် (၁၆) ကြိမ်မြောက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေး၊ အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့် အစည်းဝေး၊ (၂၂) ကြိမ်မြောက် ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့် ဦးဆောင်ကော်မတီ အစည်းအဝေး၊ (၁၀) ကြိမ်မြောက် မဲခေါင် ဒေသခွဲ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့် ဦးဆောင်ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြသည်။

**စွန့်ပစ်ပစ္စည်းဆိုင်ရာ ဆွေးနွေးတင်ပြ**

ဆက်လက်၍ အာဆီယံဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို အာဆီယံဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးဗဟိုဌာန၊ အာဆီယံဒေသတွင်း အဏ္ဏဝါညစ်ညမ်းမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို အာဆီယံကမ်းရိုးတန်းနှင့် အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့ ထိုင်းနိုင်ငံ၊ (၅) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သောမြို့တော်ဆု အစီအစဉ်ကို အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သောမြို့တော် တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ မလေးရှားနိုင်ငံ၊ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အပေါ် အာဆီယံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲကြေညာချက်ကို ဘရူနိုင်းနိုင်ငံ၊ အာဆီယံရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံဓာတုပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ ပူးတွဲကြေညာချက်ကို အာဆီယံဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ စင်ကာပူနိုင်ငံတို့က ဆွေးနွေးတင်ပြကြသည်။

**အစည်းအဝေးအစီရင်ခံစာ ပြုစု**

ယင်းနောက် ASEAN Environmentally Sound Technologies ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံရေရှည်တည်တံ့သော စားသုံးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ (၆) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာ (SOER6) နှင့် Establishment of ASEAN Resources Panel တို့ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံရေရှည်တည်တံ့သော စားသုံးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ မူဘောင်ကို အင်ဒိုနီးရှားနိုင်ငံတို့က ဆွေးနွေးတင်ပြခြင်း၊ အာဆီယံ – တရုတ် စိမ်းလန်း၍ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက် (မူကြမ်း)၊ အာဆီယံ – ဂျပန် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်၊ အာဆီယံ – အီးယူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ၊ အာဆီယံ – ကိုရီးယား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အာဆီယံ – ယူကေ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးနှင့် အာဆီယံ–အမေရိကန် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတို့ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြခြင်း၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာအစီအစဉ် (မူကြမ်း)၊ အာဆီယံလူမှုရေး – ယဉ်ကျေးမှု အသိုက်အဝန်း လမ်းပြမြေပုံ (၂၀၂၅)နှစ်လယ် အကဲဖြတ်မှု အစီရင်ခံစာ၊ အာဆီယံလူမှုရေး – ယဉ်ကျေးမှု အသိုက်အဝန်း သုတေသန ပလက်ဖောင်းများ၊ တီမောလက်စတေနိုင်ငံ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် လျှောက်ထားမှုအား အကဲဖြတ်ခြင်း၊ အာဆီယံဒေသတွင်း မိုးခေါင်မှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးမှုများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြခြင်း၊ အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် မိတ်ဖက်နိုင်ငံများ အစည်းအဝေးများအတွက် ပြင်ဆင်ထားမှုများအား ဘရူနိုင်းနိုင်ငံက တင်ပြခြင်း၊ (၁၆) ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများအတွက် ပြင်ဆင်ထားမှုများအား အင်ဒိုနီးရှားနိုင်ငံက တင်ပြခြင်း၊ အခြားကိစ္စရပ်များအနေဖြင့် အာဆီယံအစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးမှုဗဟိုဌာန၏ လုပ်ငန်းတာဝန်များ၊ အရှေ့အာရှဒေသတွင်း အဏ္ဏဝါညစ်ညမ်းမှု တိုက်ဖျက်ရေးဆိုင်ရာ ပင်မ လုပ်ငန်းအစီအစဉ် (မူကြမ်း)၊ ၂၀၂၂ ခုနှစ်အတွက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအောက်ရှိ အာဆီယံအစည်းအဝေးများအား ပြက္ခဒိန်သတ်မှတ်ခြင်း၊ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အထောက်အကူပြု အဖွဲ့များတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပါဝင်ဆောင်ရွက်ရန်နှင့် ဆက်သွယ်ရန် ပုဂ္ဂိုလ်အမည်စာရင်းများ အတည်ပြုခြင်း၊ (၃၃) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့် နေရာသတ်မှတ်ရန်ဆွေးနွေးညှိနှိုင်းခြင်းနှင့် အစည်းအဝေးအစီရင်ခံစာ ပြုစုခြင်းတို့ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(၁၈) ကြိမ်မြောက် စည်းဝေး**

စက်တင်ဘာ ၁၆ ရက်တွင် (၁၅) ကြိမ်မြောက် အာဆီယံ–ဂျပန် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေး၊ ပထမအကြိမ်မြောက် အာဆီယံ–ကိုရီးယား ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေးနှင့် အာဆီယံ–အီးယူ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲနှင့် စက်တင်ဘာ ၁၇ ရက်တွင် အာဆီယံ– အမေရိကန် ပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၁၈) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက် ၃ နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတို့ကို ကျင်းပခဲ့သည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ ဌာနအကြီးအကဲများ၊ ASOEN အောက်ရှိ Working Groups များမှ National Focal Points များနှင့် အဆင့်မြင့်အရာရှိများ၊ Development Partners များ၊ ASEAN Centre for Biodiversity–ACB ၊ ASEAN Specialized Meteorological Centre–ASMC တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၇**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာ၌ ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ် အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိသူများစသည့် ဦးတည်အုပ်စု ၁၆စု သတ်မှတ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ၂၃၀၇၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်သုံးမြို့နယ်တို့၌ ၃၆၄၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်လေးမြို့နယ်တို့၌ ၃၀၁၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌ ၁၃၀၁၂ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၌ ဘင်္ဂါလီလူမျိုး ၂၃၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ၇၅၈၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ(ဝဲပုံ) မြို့နယ်လေးမြို့နယ်တို့၌ ၂၈၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ၁၁၉၁၂ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၁၄၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ဝန်ထမ်းများနှင့် Super Market များနှင့် ဈေးများမှ ဝန်ထမ်းများအား ဦးစားပေးအုပ်စု (၁၂) ခုအဖြစ် သတ်မှတ်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပါသည်။

၃။ (၁၄–၉–၂၀၂၁)ရက်နေ့မှစ၍ အောက်ပါဦးတည်အုပ်စုများ ထပ်မံတိုးချဲ့၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်ထိုးနှံပေးလျက်ရှိပါသည်–

(က) အသက်(၅၅)နှစ်နှင့်အထက် ပြည်သူလူထု၊
(ခ) မသန်စွမ်းသူများ၊
(ဂ) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ၊
(ဃ) ရွှေ့ပြောင်းလူအုပ်စုများနှင့် ယာယီစခန်းများမှ ပြည်သူလူထု၊
(င) နာတာရှည်နှင့် မကူးစက်နိုင်သော ရောဂါရှိသူများ။

၄။ အထက်ပါအုပ်စုများအား ဦးစားပေးအုပ်စုများအဖြစ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် ယခင်သတ်မှတ်ထားသည့် ဦးစားပေးအုပ်စု (၁၂) ခုမှ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါသည်။ အသက် (၅၅) နှစ် မပြည့်သေးသော်လည်း ဦးစားပေးအုပ်စုများတွင် ပါဝင်သူများအားလုံးအား ကာကွယ်ဆေးထိုးနှံပေးပါမည်။

၅။ ထိုသို့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့ပေါ်ဆေးထိုးစုရပ်များသာမက ကျေးလက်ကျန်းမာရေးဌာနများကို အခြေပြု၍ ကျေးလက်နေပြည်သူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးသော်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကြရန် လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းအား ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ကောင်းမွန်စေရန် အသက်အုပ်စုအလိုက်နှင့် ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည်ဖြစ်သောကြောင့် ပြည်သူလူထုမှ ဆေးထိုးစုရပ်များသို့ လာရောက်၍ ကာကွယ်ဆေးထိုးနှံကြရန်၊ ကာကွယ်ဆေးထိုးနှံရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) သက်သေခံနိုင်သည့် အထောက်အထားတစ်ခုခု ယူလာကြပါရန်၊ ထပ်မံချိန်းဆိုသည့်ရက်တွင် ဒုတိယအကြိမ် ကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံကြရန်၊ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်တွင် မထိုးနှံနိုင်ပါက အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန်နှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးပါက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသော QR Code ပါသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားများကို ကောင်းမွန်စွာ သိမ်းဆည်းထားပြီး ခရီးသွားလာသည့်အခါ (သို့မဟုတ်) လိုအပ်သောအခါ စိစစ်မှုများခံယူနိုင်ရန်အတွက် ယူဆောင်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❊ *ကျောဖုံးမှ*

အဆိုပါ IDPsစခန်းသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်း ရေးသွင်းကောက်ယူခြင်းများကို ဆောင်ရွက်ပေးပြီး ကျောက်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေး ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့်စပ်လျဉ်း၍ ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းနေ မခင်လင်းလင်းက “ကျွန်မက ဒီကျောက်တစ်လုံး IDPs Camp မှာ ကိုဗစ်ကာကွယ်ဆေးကို ပထမအကြိမ် လာရောက်ထိုးနှံတာ ဖြစ်ပါတယ်။ ကျွန်မ အသက်က ၂၀ နှစ်ရှိပါပြီ။ ဒီဆေးထိုးပြီးတဲ့ အချိန်မှာ မူးဝေတာတို့၊ နာကျင်ကိုက်ခဲတာတို့မရှိခဲ့ပါဘူး။ ဒီ Camp ထဲမှာနေတဲ့ ကျွန်မတို့လို အသက် ၁၈ နှစ် အထက်ရှိပြီး အကျုံးဝင်တဲ့သူတွေကို ထိုးနှံပေးတဲ့အတွက် အထူးပဲဝမ်းသာမိပါတယ်။ ပထမအကြိမ်ဆေးထိုးပြီးပြီဖြစ်လို့ ကိုယ့်ကိုယ်ကိုယ်လည်း ပိုပြီးယုံကြည်မှုရှိလာသလို ခံစားရပါတယ်။ ပြီးတော့ ကူညီလုပ်ကိုင်ပေးတဲ့ Volunteer များကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ပြောချင်တာကတော့ နိုင်ငံတော်အစိုးရကနေ ဒီကာကွယ်ဆေးတွေကို ထိုးခွင့်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကိုအထူး ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

ဆက်လက်ပြီး ကာကွယ်ဆေး လာရောက်ထိုးနှံသူ အသက် ၆၉ နှစ်အရွယ် ဦးတင်ထွန်းကလည်း “ဦးလေးတို့ ဒီ IDPs Camp မှာ ကျန်းမာရေးဌာနက ဆေးလာရောက်ထိုးနှံပေးတာ နှစ်ကြိမ်ရှိပါပြီ။ အဲဒီအချိန်တုန်းက ဦးလေးက နေမကောင်းဖြစ်နေတာနဲ့ ဆေးမထိုးဖြစ်လိုက်ဘူး။ အခု ကျန်းမာရေးကောင်းသွားပြီဖြစ်လို့ လာရောက်ထိုးနှံတာဖြစ်ပါတယ်။ ဒီဆေးထိုးပြီးပြီဖြစ်လို့ ၁၀၀ ရာခိုင်နှုန်း ယုံကြည်မှုရှိတယ်လို့ ခံစားမိပါတယ်။ ဆေးလာရောက်ထိုးနှံပေးတဲ့ ကျန်းမာရေးဌာနက ဝန်ထမ်းတွေနဲ့ နိုင်ငံတော် အကြီးအကဲတွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီဆေးက ငွေကြေးနဲ့ ဝယ်ယူလို့မရပါဘူး။ ဒါကြောင့် ဒီ Camp ထဲမှာနေတဲ့ သူတွေကိုလည်း ကာကွယ်ဆေး လာရောက်ထိုးဖို့အတွက် ဦးလေး အနေနဲ့ အိမ်တိုင်ရာရောက် သွားပြီးတော့ ဆေးလာထိုးကြပါလို့ သူတို့တွေကို လိုက်လံပြီး နှိုးဆော်ပေးပါတယ်” ဟု ပြောသည်။

အဆိုပါ ခိုလှုံရာစခန်းမှ အသက် ၆၅ နှစ်အထက်ရှိ ပြည်သူ ၂၁ ဦးကို ဩဂုတ် ၄ ရက်မှစ၍ ကိုဗစ် –၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးထားပြီးဖြစ်ကာ ယခုအခါ အသက် ၁၈ နှစ်အထက်ရှိ ကာကွယ်ဆေးထိုးရန် အကျုံးဝင်သူများအား ဆက်လက်ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ယနေ့မွန်းလွဲပိုင်းအထိ ဆေးလာရောက်ထိုးနှံသူ ၁၉၂ ဦးရှိကြောင်း၊ ကျန်ရှိနေသူများကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့နောက် ကာကွယ်ဆေး လာရောက်ထိုးနှံသည့် ပြည်သူများကို ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့ ယာယီရဲမှူး တင်မောင်ဆွေနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ထွန်းတို့က အနီးကပ်ကြီးကြပ်ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး**





တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်း နယ်မြေခံတပ်များရှိ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် DYL ဝက်မွေးမြူရေးလုပ်ငန်း အခြေအနေတို့ကို လည်းကောင်း(ယာပုံ)၊ ဧြာဝတီတိုင်းဒေသ ... (text as printed) တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် မိုင်းတုံတပ်နယ် နယ်မြေခံတပ်များ၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



ထားရှိမှုတို့ကိုလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်ပြီး ပြန်လည်ထွက်ခွာလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ လိုက်ပါလာသည့် ယာဉ်တန်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ရီမုလက်လုပ်ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းဆောင်ရွက်ပြီး ပြန်လည်ထွက်ခွာလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ရီမုလက်လုပ်ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။





**ဖောက်ခွဲတိုက်ခိုက်**

ဖြစ်စဉ်မှာ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်ကျေးရွာ စိန်ပန်းဘုန်းကြီးကျောင်း၌ ကန့်ဘလူမြို့ ခုတင်(၁၀၀) ဆေးရုံမှ ဒေါက်တာ နေမိုး ဦးစီး ပူးပေါင်းအဖွဲ့တို့က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်၍ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလျက် မလယ်ကျေးရွာမှ ကန့်ဘလူမြို့သို့ မော်တော်ယာဉ်လေးစီးဖြင့် ပြန်လည်ထွက်ခွာလာစဉ် ရေအေးကျေးရွာအနီး အရောက် ကားလမ်းမပေါ်တွင် **(အပေါ်ပုံ)** အကြမ်းဖက်လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)က ရီမုလက်လုပ်ဆွဲမိုင်းငါးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် Hilux Double Cab နှစ်ခန်းတွဲယာဉ်၏ နောက်ပိုင်းနှင့် ရှေ့တံခါးအနည်းငယ် မိုင်းစထိမှန်ပျက်စီးခဲ့သည်။

**စစ်ဆေးမှုများဆောင်ရွက်**

ထိုသို့အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ရီမုလက်ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အသေးစိတ်ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မိုး/ဇလ

## ၁၇-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၆၄၆၁၃၃ | ၃၂၃၄၉၀၂၁ | ၆၈၈၆၄၉ |
| ၂။ | အိန္ဒိယ | ၃၃၃၈၄၂၆၃ | ၃၂၅၉၈၄၂၄ | ၄၄၄၃၀၂ |
| ၃။ | ဘရာဇီး | ၂၁၀၆၉၀၁၇ | ၂၀၁၇၃၀၆၄ | ၅၈၉၂၇၇ |
| ၄။ | ဗြိတိန် | ၇၃၃၉၀၀၉ | ၅၉၀၇၀၂၉ | ၁၃၄၈၀၅ |
| ၅။ | ရုရှား | ၇၂၃၄၄၂၅ | ၆၄၆၉၀၁၇ | ၁၉၆၆၂၆ |
| ၆။ | ပြင်သစ် | ၆၉၃၄၇၃၂ | ၆၅၉၅၃၇၄ | ၁၁၅၈၉၄ |
| ၇။ | တူရကီ | ၆၇၆၇၀၀၈ | ၆၂၆၂၆၉၀ | ၆၀၉၀၃ |
| ၈။ | အီရန် | ၅၃၉၆၀၁၃ | ၄၇၀၈၁၉၅ | ၁၁၆၄၃၆ |
| ၉။ | အာဂျင်တီးနား | ၅၂၃၄၈၅၁ | ၅၀၈၇၁၂၀ | ၁၁၄၁၀၁ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၆၀၅၂ | ၄၇၇၄၆၆၁ | ၁၂၅၇၈၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၇- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၈၅၁၄၄ | ၃၉၇၆၀၆၄ | ၁၄၀၁၃၈ |
| ဖိလစ်ပိုင် | ၂၃၂၄၄၇၅ | ၂၁၀၀၀၃၉ | ၃၆၃၂၈ |
| မလေးရှား | ၂၀၄၉၇၅၀ | ၁၈၀၀၂၇၈ | ၂၂၃၅၅ |
| ထိုင်း | ၁၄၄၈၇၉၂ | ၁၃၀၄၂၄၇ | ၁၅၁၂၄ |
| ဗီယက်နမ် | ၆၆၇၆၅၀ | ၄၃၃၄၆၅ | ၁၆၆၃၇ |
| မြန်မာ | ၄၄၂၉၂၈ | ၃၉၃၄၅၉ | ၁၆၉၄၄ |
| ကမ္ဘောဒီးယား | ၁၀၂၈၃၄ | ၉၆၂၇၅ | ၂၀၈၉ |
| စင်ကာပူ | ၇၄၈၄၈ | ၆၉၂၅၁ | ၅၉ |
| လာအို | ၁၈၃၄၇ | ၁၃၉၃၅ | ၁၆ |
| ဘရူနိုင်း | ၄၈၁၄ | ၃၂၅၆ | ၂၄ |

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မီးတောင်ပေါက်ကွဲ

တိုကျို စက်တင်ဘာ ၁၇

**ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းကျွန်းတစ်ကျွန်းပေါ်တွင် စက်တင်ဘာ ၁၇ ရက်က မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားရာ မီးတောင်ဝနေရာမှ တစ်ကီလိုမီတာအကွာအထိ ကျောက်တုံးကြီးများ လွင့်စဉ်သွားခဲ့သည်။**

မီးတောင်ပေါက်ကွဲရာ တောင်အနီးတစ်ဝိုက်သို့ ဝင်ရောက်ခွင့်ပိတ်ထားပြီး မိုးလေဝသအေဂျင်စီက လည်း သတိပေးမှုထုတ်ပြန်ထားသည်။ ကာဂိုရှီမာ ခရိုင် ဆူဝန်နိုဆီကျွန်းရှိ အိုတာကီတောင်တွင် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူ အရေအတွက်ကို မသိရသေးပေ။ ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးမှုအဆင့်ကို အဆင့်သုံးအထိထုတ်ပြန်ထားပြီး လူများမီးတောင် အနီး သို့ ချဉ်းကပ်ခွင့်မပြုပေ။

ပေါက်ကွဲမှုအရှိန်ကြောင့် ကျောက်တုံးကြီးများ လွင့်စဉ်လာနိုင်မှုအခြေအနေကိုလည်း သတိပေးထား သည်။ စက်တင်ဘာ ၁၆ ရက်ကတည်းက မီးတောင် အဝတွင် ပေါက်ကွဲမှုများ ပေါ်ပေါက်ခဲ့သည်ဟု အေဂျင်စီက ပြောသည်။

ဝန်ကြီးချုပ်ရုံးတွင်လည်း ဆက်သွယ်ရေး အရာရှိရုံးကို တည်ထောင်ထားပြီး သတင်းအချက် အလက်များ စုဆောင်းလျက်ရှိသည်။ ဆူဝန်နိုဆီ ကျွန်းသည် မီးတောင်ကျွန်းဖြစ်ပြီး လူဦးရေ ၁၀၀ ထက်မနည်း နေထိုင်သည်။

ကျိုဒို



မီးတောင်ပေါက်ကွဲမှု အခြေအနေကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကြောင့် ကလေး ၇၇ သန်းနီးပါး စာသင်ကျောင်းနှင့် ကင်းကွာ

ဂျီနီဗာ စက်တင်ဘာ ၁၇

နိုင်ငံပေါင်းခြောက်နိုင်ငံမှ ကျောင်းသားပေါင်း ၇၇ သန်းနီးပါးမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်း ၁၈ လတာ ပိတ်ထားရသည့် အခြေအနေနှင့် ကြုံတွေ့ နေရသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ က စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ခြောက်နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်၊ ကူဝိတ်၊ ပနားမား၊ ဖိလစ်ပိုင်၊ ဆော်ဒီအာရေဗျနှင့် ဗင်နီဇွဲလား နိုင်ငံတို့ဖြစ်သည်။

ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ခန့်မှန်းခြေအားဖြင့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကျောင်းသားပေါင်း ၁၃၁ သန်းမှာ ကျောင်းတက်ရမည့် အချိန် လေးပုံသုံးပုံကို လွဲချော်ခဲ့ရသည်။ တစ်ကမ္ဘာ လုံးအနှံ့ ၂၇ ရာခိုင်နှုန်းဝန်းကျင်မှာ စာသင်ကျောင်း လုံးဝပိတ်ထားခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းပိတ် ထားခြင်းမျိုးနှင့် ကြုံတွေ့ရနေသည်။

ကမ္ဘာအနှံ့ စာသင်ကျောင်းများမှာ ပြန်လည်ဖွင့် လှစ်ပြီဖြစ်သောကြောင့် ကျောင်းသားများသည် တတိယစာသင်နှစ်ကို စာသင်ခန်းအတွင်း ခြေမချ လိုက်ရဘဲ တက်ရောက်နေကြပြီဖြစ်သည်ဟု ယူနီ ဆက်ဖ်မှ အမှုဆောင်ဒါရိုက်တာ ဟန်နရီတာဖိုဒ်က ပြောသည်။



ပိတ်ထားရသည့် စာသင်ခန်းတစ်ခုကို တွေ့ရစဉ်။

ကျောင်းများပိတ်ထားရသည့်အတွက် ပညာရေး တွင် ဆုံးရှုံးနစ်နာမှုများရှိသကဲ့သို့ ကျောင်းသားများ အတွက် လူမှုရေးအရလည်း အထီးကျန်ခြင်းနှင့် စိတ် မသက်မသာဖြစ်ခြင်းတို့ တိုးလာသည်။ ကျောင်းများ ပိတ်ထားရခြင်းကြောင့် အချို့ကျောင်းသားများ ကျောင်းမှထွက်ပြီး ကလေးလုပ်သားဖြစ်လာခြင်းနှင့် ကလေးအရွယ်တွင် လက်ထပ်ပေးခြင်းတို့ကို ဦးတည် စေသည်ဟု ယူနီဆက်ဖ်က ပြောသည်။

အချို့သောမိဘများမှာလည်း ကလေးများကို ကြည့်ရှုစောင့်ရှောက်ရန်၊ သင်ကြားရာတွင် အကူ အညီဖြစ်စေရန် အလုပ်မှထွက်ရသဖြင့် အချို့သော မိသားစုများကို ဆင်းရဲမွဲတေမှုကြားထဲ ကျရောက် စေပြီး စီးပွားရေးအကျပ်အတည်းကို ဦးတည်စေ သည်ဟု ယူနီဆက်ဖ်ကပြောသည်။

ဆင်ဟွာ

## လေကြောင်းတိုက်ခိုက်မှုကြောင့် ဟူသီသူပုန် ၂၄ ဦး သေဆုံး

ဆာနား စက်တင်ဘာ ၁၇

ယီမင်နိုင်ငံ မာရစ်ဘ်ပြည်နယ်တွင် ဆော်ဒီဦး ဆောင်သည့် မဟာမိတ်များထိုးစစ်ဆင်တိုက်ခိုက် မှုကြောင့် စက်တင်ဘာ ၁၆ ရက်တွင် ဟူသီသူပုန် ၂၄ ဦး ထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

**ယာဉ်ကိုးစင်းကိုလည်း ဖျက်ဆီးနိုင်ခဲ့**

လက်နက်တပ်ဆင်ထားသည့် ယာဉ်ကိုးစင်း ကိုလည်း ဖျက်ဆီးနိုင်ခဲ့သည်ဟု သတင်းအရင်း အမြစ်တစ်ခုက ပြောသည်။

**တိုက်ခိုက်မှု (၁၈) ကြိမ် ပြုလုပ်ခဲ့**

ဟူသီများထိန်းချုပ်ထားသည့် ရုပ်သံလိုင်းက ဆာဝဘ်ခရိုင်တွင် ဆော်ဒီဦးဆောင်သည့် မဟာ မိတ်များက လေကြောင်းတိုက်ခိုက်မှု (၁၈) ကြိမ် ပြုလုပ်ခဲ့သည်ဟု ပြောသည်။

အသေးစိတ်အချက်အလက်များကိုမူ ထည့် သွင်းမပြောကြားခဲ့ပေ။ ပြီးခဲ့သည့်သီတင်းပတ် အတွင်းကလည်း ဟူသီစစ်သွေးကြွများသည် မာရစ်ဘ်ပြည်နယ်ရှိ ရာဟာဘတ်ခရိုင်ကို ထိန်းချုပ် နိုင်ခဲ့သည်။

ဆင်ဟွာ

## အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၂ သန်းအထိ ရှိလာ

ဂျေရုဆလင် စက်တင်ဘာ ၁၇

အစ္စရေးနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်က ကိုဗစ် -၁၉ ကူးစက်ခံ ရသူ ၈၅၈၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းကူးစက်ခံရသူ အရေအတွက်မှာ ၁၂၀၈၁၄၄ ဦး ရှိလာသည်ဟု အစ္စရေးကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၂၁ ဦး ထပ်တိုးလာပြီး တိုင်းပြည်အတွင်း သေဆုံးသူစုစုပေါင်းမှာ ၇၄၆၅ ဦး ရှိလာခဲ့သည်။ ရောဂါလက္ခဏာပြင်းထန်သည့် လူနာအရေအတွက်မှာလည်း ၆၅၀ မှ ၆၅၄ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ စုစုပေါင်းပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၁၁၇၀၂၇ ဦးရှိလာသည်။

လက်ရှိတွင် ရောဂါဝေဒနာခံစားနေရသည့် အရေအတွက်မှာ ၈၃၆၅၂ ဦးရှိသည်။ အစ္စရေးနိုင်ငံတွင် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၆ ဒသမ ၀၅ သန်းရှိပြီး နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူအရေအတွက်မှာ ၅ ဒသမ ၅၆ သန်းရှိပြီး တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၂ ဒသမ ၉၈ သန်း ရှိသည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးပေးရန် ပြင်ဆင်

တိုကျို စက်တင်ဘာ ၁၇

ဂျပန်နိုင်ငံ၌ လွန်ခဲ့သည့် ရှစ်လ က ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးထားပြီးသူများ ကို နောက်ထပ်တစ်ကြိမ် ကာကွယ်ဆေးထိုးပေးရန် ဆုံးဖြတ် ခဲ့သည်ဟု ဂျပန်ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

တတိယအကြိမ် ကာကွယ် ဆေးထိုးပေးရာတွင် မော်ဒါနာနှင့် အက်စ်ထရာဇနီကာ ကာကွယ် ဆေးတို့ကို အသုံးပြုသွားမည်ဟု သိရသည်။ ကျန်းမာရေးဝန်ကြီး ဌာနသည် အဆိုပါဆုံးဖြတ်ချက် နှင့်ပတ်သက်၍ စက်တင်ဘာ ၁၇ ရက်တွင် ဆက်လက်ဆွေးနွေးသွား မည်ဖြစ်သည်။

အချိန်ကြာလာသည်နှင့်အမျှ ကာကွယ်ဆေး၏ စွမ်းဆောင် ရည်မှာ ကျဆင်းလာသည်ကို နိုင်ငံ အတွင်းနှင့် နိုင်ငံပြင်ပတွင်ပါ တွေ့ရှိလာရသည်ဟု ဝန်ကြီး ဌာနက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး က ယခုနှစ်ကုန်ပိုင်းမတိုင်မီ အချိန် အထိ တတိယအကြိမ် ကာကွယ် ဆေးထိုးပေးခြင်းများ မပြုလုပ်ရန် နိုင်ငံများကိုတောင်းဆိုထားသည်။

ထိုမှသာလျှင် ဖွံ့ဖြိုးဆဲနိုင်ငံ များ ကာကွယ်ဆေးရရှိမည် ဖြစ်သည်။ အစ္စရေးနှင့် ပြင်သစ် နိုင်ငံတို့အပါအဝင် နိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယ အကြိမ် ထိုးနှံပေးမှုကို စတင်နေ ပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စု သည်လည်း ယခုလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယ အကြိမ် ထိုးနှံပေးမှုကို စတင်ရန် စီစဉ်ထားသည်။

အင်န်အိတ်ချ်ကေ



# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၄၃ သန်းကျော်ရှိပြီ

ဘန်ကောက် စက်တင်ဘာ ၁၇

**ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၅၅၅ ဦးရှိလာပြီး ၁၇၁ဦး ထပ်မံသေဆုံးကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာ (စီစီအက်စ်အေ) ၏ ဖော်ပြချက်အရ သိရသည်။**

စနေနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၀၀၀ ကျော် ရောက်ရှိလာခဲ့ကြောင်း ဖော်ပြပြီးနောက် ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ အတည်ပြုလူနာ အရေအတွက်မှာ သုံးရက်ဆက်တိုက် ကျဆင်းလာခဲ့သည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၂၉၁၁ ဦးမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ထိုင်းနိုင်ငံဘန်ကောက်မှ ဖြစ်သည်။

**အရှိန်အဟုန်မြှင့် လုပ်ဆောင်**

လာမည့်လတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသော နိုင်ငံခြားသားခရီးသွားများကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်သဖြင့် ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ဝေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သောနှစ်စပိုင်း ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၄၄ သန်းရှိပြီး စုစုပေါင်းသေဆုံးသူ ၁၅၁၂၄ ဦး ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပြီး သေဆုံးသူ ၉၅ ရာခိုင်နှုန်းမှာ အသက် ၆၀ နှင့် ၆၀ အထက်သက်ကြီးပိုင်းများနှင့် ရောဂါအခံရှိသူများဖြစ်သည်။

**အပြည့်အဝ ထိုးနှံပြီးဖြစ်**

စက်တင်ဘာ ၁၇ ရက်အထိ စုစုပေါင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၄၃ ဒသမ ၃၄ သန်းကျော်ရှိလာခဲ့သည်။ ၆၉သန်းရှိသည့် ထိုင်းနိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။

ယခုနှစ်ကုန်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆင်ဟွာ



ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် ကျန်းမာရေးဝန်ထမ်းတစ်ဦးက နှာခေါင်းတို့ဖတ် နမူနာရယူနေစဉ်။

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဟိုချီမင်းသည် ဗဟိုချက်ဖြစ်

**ဟနွိုင်း စက်တင်ဘာ ၁၇**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၅၂၁ ဦးရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၁၅ ဦးနှင့် ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၁၁၅၀၆ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၆၇၆၅၀ အထိရောက်ရှိလာပြီး ၁၆၆၃၇ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၅၉၇၂ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၄၀၁၃ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၃၄၅ ဦးတို့ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၄၃၃၄၆၅ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၃၃ သန်းကျော်လွန်လာပြီဖြစ်သည်။

စက်တင်ဘာ ၁၇ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၆၃၂၃၂ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆင်ဟွာ




ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းတွင် ကိုဗစ်-၁၉ သတိပေးဆိုင်းဘုတ်စိုက်ထူထားသည်ကိုတွေ့ရစဉ်။

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၁၂ သန်းနီးပါးရောက်ရှိ

**အဒစ္စအဘာဘာ စက်တင်ဘာ ၁၇**

အာဖရိကတွင် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၁၁၉၇၁၉ ဦးရောက်ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ)က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၀၅၈၁၃ ဦးရှိလာပြီဖြစ်ကြောင်းနှင့် ၇၄၃၃၀၇၇ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ လစ်ဗျားနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး၊ အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃၂၄၄၇၅ဦးရှိ

**မနီလာ စက်တင်ဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၃၃၆ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃၂၄၄၇၅ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၃၁၀ ဦးထပ်မံသေဆုံးကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၆၃၂၈ ဦးအထိ ရောက်ရှိလာခဲ့ကြောင်းနှင့် စနေနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးနေ့တစ်နေ့ဖြစ်ခဲ့ပြီး ကူးစက်ဖြစ်ပွားသူ ၂၆၃၀၃ဦးရှိခဲ့သည်ဟု ဒီအိုအိတ်ချ်က ဖော်ပြသည်။

လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၈၈၀၀၈ ဦး ရှိသည်။ ယခုဖော်ပြသောနှုန်းသည် ဧပြီလက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူထက် နှစ်ဆကျော်လောက်ပိုများသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၉ သန်းနီးပါးရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး လူပေါင်း ၄၄ သန်းကျော် ထိုးပြီး

**ဂျကာတာ စက်တင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၈၃၅ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၄၁၈၅၁၄၄ ဦးအထိရောက်ရှိလာခဲ့သည်။

ထို့အတူကိုဗစ်-၁၉ ကြောင့် ၂၁၉ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူ ၁၄၀၁၃၈ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၇၉၁၂ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၉၇၆၀၆၄ ဦးအထိ ရောက်ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၄၄ ဒသမ ၁၂ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၇၇ ဒသမ ၄၁ သန်းရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန် ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# အနက်ရှိုင်းဆုံးဖြစ်လာတဲ့ တောင်ဆူဒန်ရဲ့ ဆင်းရဲတွင်း

ထွန်းကျော်

**လွန်ခဲ့တဲ့ ၁၀ နှစ်၊ ဆူဒန်ကခွဲထွက်ပြီး လွတ်လပ်ရေးရရှိခဲ့ချိန်မှစကာ တောင်ဆူဒန်နိုင်ငံဟာ အခုချိန်မှာတော့ စားနပ်ရိက္ခာမလုံလောက်မှု အဆင့်သတ်မှတ်ချက်မှာ အမြင့်ဆုံးရောက်ရှိလာတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။**



တောင်ဆူဒန် အဝွတ်အနီးရှိ ကျေးရွာများသို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက မျိုးစေ့၊ စိုက်ပျိုးရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ဝေငှပေးနေစဉ်။

### ဆိုးရွားတဲ့ စားနပ်ရိက္ခာမလုံလောက်မှုကို ခံစားနေရ

စုစုပေါင်း ပျမ်းမျှလူဦးရေ ၁၂ ဒသမ ၇၈ သန်းရှိတဲ့အထဲမှာ ၆၀ ရာခိုင်နှုန်းကျော်ဟာ အလွန့်ကိုဆိုးရွားစွာနဲ့ စားနပ်ရိက္ခာမလုံလောက်မှုကို ခံစားနေရပါတယ်လို့ လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးဆိုင်ရာ ကုလသမဂ္ဂရုံးရဲ့ လုပ်ငန်းလည်ပတ်ရေးနဲ့ အကူအညီပေးရေးညွှန်ကြားရေးမှူး ရီနာ ဂီလာနီက ပြောကြားခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ လူပေါင်း ၂ ဒသမ ၄ သန်း စိုးရိမ်ဖွယ်စားနပ်ရိက္ခာမလုံလောက်မှု အရေးကြီးအဆင့်ကို ရင်ဆိုင်နေရတယ်လို့ ကုလသမဂ္ဂက ခန့်မှန်းတွက်ချက်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ လူပေါင်း ၁၀၈၀၀၀ ဟာ စိုးရိမ်ဖွယ်စားနပ်ရိက္ခာမလုံလောက်မှုကို ကပ်ဘေးအသွင်အကြီးအကျယ်ရင်ဆိုင်နေရပါတယ်။

### လိုအပ်ချက်တွင်းနက်ကြီးထဲ ကျစေ

ပဋိပက္ခအကျပ်အတည်းတွေ၊ ရုတ်တရက် ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုတွေ၊ ရွှေ့ပြောင်းနေထိုင်ရမှုတွေ၊ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာတဲ့ လူမှုစီးပွားရေးရိုက်ခတ်မှုတွေ၊ အခြေခံအဆောက်အအုံတွေနဲ့ အခြေခံဝန်ဆောင်မှုတွေအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုမရှိတာတွေစတဲ့ အကြောင်းတရားတွေ ပေါင်းစုပြီး အကြောင်းပြုလိုက်ခြင်းက လူတွေကို လိုအပ်ချက်တွင်းနက်ကြီးထဲ ကျဆင်းစေခဲ့ပါတယ်။

လတ်တလောမှာ လူပေါင်း ၈ ဒသမ ၃ သန်း အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေလိုအပ်လျက်ရှိပါတယ်။ အဲဒီထဲမှာ ကလေးငယ် ၁ ဒသမ ၄ သန်းပါဝင်ပါတယ်။

### အကူအညီမရသူတွေရှိနေ

၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အကူအညီပေးရေးအဖွဲ့တွေဟာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ လူပေါင်း ၄ ဒသမ ၄ သန်းကို အစားအစာတွေ၊ ဆေးဝါးတွေနဲ့ အာဟာရထောက်ပံ့မှုတွေ၊ ရေနဲ့ ရေဆိုးစနစ်ဆိုင်ရာ ထောက်ပံ့မှုတွေ၊ နေရာထိုင်ခင်းထောက်ပံ့မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။

ဒီလိုမျိုးအကူအညီအထောက်အပံ့တွေရရှိနေသော်လည်း တချို့အဖွဲ့တွေနဲ့ တချို့လူငယ်အုပ်စုတွေအနေနဲ့ ဒီအခွင့်အရေးကို ရရှိဖို့ ကန့်သတ်ချက်တွေ ရှိနေသေးပါတယ်။

### တိုက်ခိုက်မှုတွေက အနှောင့်အယှက်ဖြစ်

၂၀၂၁ ခုနှစ်အစပိုင်းကတည်းက အကူအညီပေးရေးလုပ်သားလေးဦးတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ပါတယ်။ ဒါ့အပြင် အကူအညီပေးရေးလုပ်သား ၁၇၀ ကျော် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေကြောင့် နေရာရွှေ့ပြောင်းနေထိုင်ခဲ့ရပါတယ်။

အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိတဲ့ အစားအစာ မက်ထရစ်တန်ချိန် ၁၀၀၀ ကျော် လုယက်ခံလိုက်ရခြင်းအပါအဝင် လူသားချင်းစာနာနားလည်မှုဆိုင်ရာ ဆောင်ရွက်ပေးနေမှုအပေါ် လုယက်ဖျက်ဆီးမှုတွေဟာ ဆက်လက်ဖြစ်ပေါ်နေပါတယ်။ ဒါ့အပြင် မကြာသေးမီက ဖြစ်ခဲ့တဲ့ အရပ်သားတွေနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ယာဉ်တန်းကို တိုက်ခိုက်မှုတွေ၊ လမ်းဘေးချုံခို တိုက်ခိုက်မှုတွေဟာ အကူအညီပေးရေးလုပ်ငန်းလည်ပတ်မှုတွေကို အနှောင့်အယှက်ပေးရာကျပါတယ်။

### ဆင်းရဲတွင်းနက်စေ

အဲဒီလို လုပ်လိုက်တဲ့အကျိုးဆက်ကြောင့် အခြေခံစားသောက်ကုန်တွေရဲ့ဈေးနှုန်းတွေ မြင့်တက်လာတဲ့အတွက် နဂိုကတည်းက ချည့်နဲ့ဆင်းရဲနေပါတယ်ဆိုမှ ပိုလို့တောင် ဆင်းရဲတွင်းနက်စေမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်လူငယ်တွေကြောင့် အကူအညီပေးရေးလှုပ်ရှားဆောင်ရွက်မှုတွေမှာ အနှောင့်အယှက်တွေလည်း ရှိပါတယ်။

သုံးနှစ်ဆက်တိုက်ရေကြီးမှုကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်ကို ပိုမိုဆိုးရွားစေပြီး လူပေါင်း ၄၂၀၀၀၀ နီးပါးအပေါ် ဆိုးကျိုးသက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ လာမယ့်လတွေအတွင်းမှာ မိုးသည်းထန်စွာ ရွာသွန်းမှုတွေ ဆက်လက်ဖြစ်ပေါ်လာနိုင်တဲ့အတွက် လူပေါင်းထောင်ချီ အိုးပစ်အိမ်ပစ်နေရပ်စွန့်ခွာထွက်ပြေးကြရဦးမှာဖြစ်တဲ့အတွက် နေ့စဉ်လူနေမှုဘဝမှာ အကူအညီတွေ ပိုမိုလိုအပ်လာမှာဖြစ်ပါတယ်။

### မိုးကြီးမှုကြောင့် စားနပ်ရိက္ခာရရှိမှု လျော့နည်းနိုင်

ထွန်ယက်စိုက်ပျိုးနိုင်တဲ့ ရာသီကိုမျှော်လင့်ရင်း ဆိုးရွားတဲ့ရာသီကရှန်းထလာတဲ့ တောင်ဆူဒန်ဟာ မိုးသည်းထန်စွာရွာသွန်းပြီးရေကြီးမှုကြောင့် စားနပ်ရိက္ခာရရှိမှုမှာ လျော့နည်းလာနိုင်ပါတယ်။ အဲဒါက နောက်နှစ်မှာ စားနပ်ရိက္ခာအလွန်အမင်း မလုံလောက်မှုကို ဖြစ်စေမှာဖြစ်ပါတယ်။

တောင်ဆူဒန်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံဟာ တောင်ဆူဒန်အတွက် သမိုင်းမှာ အများဆုံးရန်ပုံငွေပဲဖြစ်ပါတယ်။ သို့သော်လည်း ဒါဟာ ၅၆ ရာခိုင်နှုန်းပဲ ထောက်ပံ့ထားတာဖြစ်ပါတယ်။

### ပြန်လည်ထောက်ပံ့ပေးနိုင်

ရန်ပုံငွေရရှိရေးစိန်ခေါ်မှုဟာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)ကို ဒုက္ခသည်တွေ၊ အရပ်ဘက်ကာကွယ်ရေးစခန်းတွေနဲ့ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတွေအတွက် ဒီနှစ်ဧပြီလမှစကာ စားနပ်ရိက္ခာပမာဏလျှော့ချမှုကို ဖြစ်စေပါတယ်။ ဒါဟာ လူပေါင်း ခုနှစ်သိန်းအပေါ် သက်ရောက်စေပါတယ်။ အောက်တိုဘာလမှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကို ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတွေကို ထောက်ပံ့မှုတွေ ရပ်ဆိုင်းစေဖို့ဖြစ်လာပါတယ်။ အကြောင်းကတော့ ပြန်လည်ခွဲတမ်းချ ထောက်ပံ့မှုတွေကို ငတ်မွတ်ခေါင်းပါးမှုကြုံတွေ့နေတဲ့ လူတွေနေတဲ့ စီရင်စုတွေအတွက် ထောက်ပံ့ပေးနေရလို့ပဲဖြစ်ပါတယ်။ အရင်းအမြစ်တွေ ရလာမယ်ဆိုရင်တော့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က လူဦးရေ ၁၀၆၀၀၀ လောက်ရှိတဲ့ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတွေကို ပြန်လည်ထောက်ပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။

### ကိုဗစ်-၁၉ ကြောင့် ပိုဆိုးနိုင်

တောင်ဆူဒန်ဟာ ကူးစက်မြန်ပြင်းထန် ဒယ်လ်တာ ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့် ကိုဗစ်-၁၉ ပြန်လည်ကူးစက်ဖြစ်ပွားမှု မြင့်တက်လာတဲ့အပေါ်လည်း သတိထားနေရပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျော့နည်းစေဖို့ ကိုဗစ်-၁၉ ဆန့်ကျင်တားဆီးရေးဆောင်ရွက်ချက်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း ကန့်သတ်ချက်တွေ ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကာကွယ်ဆေးတွေ အုံနဲ့ကျင်းနဲ့ထိုးနှံဖို့ ကျန်းမာရေးစနစ်မှာ စိန်ခေါ်မှုတွေရှိနေသလို လုပ်ကိုင်နိုင်စွမ်းတွေ မရှိလို့ပဲ ဖြစ်ပါတယ်။

### အားလုံးပူးပေါင်းဆောင်ရွက်ဖို့လို

လာမယ့်နှစ်မှာ တောင်ဆူဒန်မှာ ငတ်မွတ်ခေါင်းပါးမှုကို ကာကွယ်ဖို့ဆိုရင် အကြမ်းဖက်မှုတွေ လျော့နည်းသွားအောင် လုပ်ဆောင်ဖို့ အားလုံးအနေနဲ့ ပူးပေါင်းလုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တောင်ဆူဒန်ရဲ့ အစိတ်အပိုင်းအတော်များများအပေါ် အမှန်တကယ် အကျိုးသက်ရောက်စေသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်တဲ့နေရာမှာတော့ နှေးကွေးလေးလံမှုတွေ ရှိနေပါတယ်။ ထို့အတူ အကြမ်းဖက်လုပ်ရပ်တွေကလည်း ဒီဖြစ်စဉ်ကို နှောင့်ယှက်စေပါတယ်။

ဘေးကင်းလုံခြုံဖို့နဲ့ အကူအညီတကယ်လိုအပ်နေတဲ့သူတွေဆီ ဟန့်တားနှောင့်ယှက်ခြင်းမရှိဘဲ အကူအညီတွေရရှိဖို့ တောင်ဆူဒန်အတွက် လူသားချင်းစာနာနားလည်မှုဆိုင်ရာ အထောက်အပံ့တွေကို ဆက်လက်ပံ့ပိုးပေးဖို့ လိုအပ်နေပါတယ်။ စောစီးစွာ လှူဒါန်းနိုင်မယ်ဆိုရင် လိုအပ်ချက်တွေ စောင့်ဆိုင်းနေစရာ မလိုဘဲ အဆင်ပြေချောမွေ့သွားမှာ ဖြစ်ပါတယ်။ ။

ကိုးကား-ဆင်ဟွာ

**ပဋိပက္ခအကျပ်အတည်းတွေ၊ ရုတ်တရက် ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုတွေ၊ ရွှေ့ပြောင်းနေထိုင်ရမှုတွေ၊ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာတဲ့ လူမှုစီးပွားရေးရိုက်ခတ်မှုတွေ၊ အခြေခံအဆောက်အအုံတွေနဲ့ အခြေခံဝန်ဆောင်မှုတွေအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုမရှိတာတွေစတဲ့ အကြောင်းတရားတွေ ပေါင်းစုပြီး အကြောင်းပြုလိုက်ခြင်းက လူတွေကို လိုအပ်ချက်တွင်းနက်ကြီးထဲ ကျဆင်းစေခဲ့**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



◆ *ကျောဖုံးမှ*

- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၆–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၇–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၈၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၁၈၇) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၇၀,၄၈၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၂,၉၂၈) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၁၉၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၉၃,၄၅၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၉၄၄)ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၇–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၃၆)ခု | (၁၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁)ခု | (၁၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၅)ခု | (၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၀)ခု | (၁၅)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀) | (၃၀)ခု | (၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၇)ခု | (၅)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၁)ခု | (၁၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၆၁)ခု | (၁၈၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၁၈၉)ခု | (၁,၇၅၈)ဦး |
| စုစုပေါင်း | (၂၂,၈၀၀)ခု | (၂,၁၈၇)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၃–၉–၂၀၂၁ ရက်နေ့မှ ၁၇–၉–၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၁၃ . ၆၀၂ သန်း ဖြစ်ပါသည်။ ၁၇–၉–၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၀–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၄၆,၀၃၇,၂၃၈,၅၀၃.၉၁ |
| (+) ၁၃–၉–၂၀၂၁ မှ ၁၇–၉–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁၃,၆၀၂,၀၀၀.၀၀ |
| **၁၇–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၂၄၆,၀၅၀,၈၄၀,၅၀၃.၉၁** |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၀–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၈၃,၆၆၂,၃၄၉.၅၃ |
| (+) ၁၃–၉–၂၀၂၁ မှ ၁၇–၉–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| **၁၇–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၈၃,၆၆၂,၃၄၉.၅၃** |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA–013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၁၃–၈–၂၀၂၁ ရက်နေ့မှ ၁၇–၉–၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၃-၉-၂၀၂၁ | ၈၀၀,၀၀၀ |
| ၁ | ဦးလှဝင်း (မန္တလေးမြို့) | ၅၀,၀၀၀ |
| ၂ | ဦးရဲဝင်းကိုဦး (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃ | ဒေါ်လှဲ့ရည်နိုင် (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄ | ဒေါ်လှဲ့ရည်နိုင် (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅ | မမြတ်အေးအေးနိုင် (စစ်ကိုင်းမြို့) | ၁၀၀,၀၀၀ |
| ၆ | ဦးသိန်းလှိုင် (တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၇ | ဦးနေအေး +ဒေါ်မေဘယ်လ်စန်း မိသားစု(သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၈ | အရှင်အဂ္ဂဝံသ (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၉ | ဒေါ်စိုးစိုးခိုင်(မန္တလေးမြို့) | ၅၀,၀၀၀ |
| | | |
| | ၁၄-၉-၂၀၂၁ | ၁,၀၀၀,၀၀၀ |
| ၁ | ဒေါ်ခင်မြင့်အေး | ၁,၀၀၀,၀၀၀ |
| | ရွှေမင်းဝင်ရပ်ကွက်၊ စစ်ကိုင်းမြို့ | |
| | | |
| | ၁၅-၉-၂၀၂၁ | ၆၅၀,၀၀၀ |
| ၁ | U NYANA LINKARYA (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂ | ဦးလင်းကျော်မိုး(မင်္ဂလာဒုံမြို့နယ်) | ၅၀,၀၀၀ |
| ၃ | ဦးစန်းလွင် (KBZ) | ၃၀၀,၀၀၀ |
| | | |
| | ၁၆-၉-၂၀၂၁ | ၁၅၂,၀၀၀ |
| ၁ | ငွေးလွင် (မြန်အောင်မြို့) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်စိုးစိုးညွန့်(ညောင်းတုန်းမြို့) | ၅၂,၀၀၀ |
| | | |
| | ၁၇-၉-၂၀၂၁ | ၁၁,၀၀၀,၀၀၀ |
| ၁ | ဦးသန်းစီ(ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၂ | ကိုသန့်ဇင်မျိုး(မင်္ဂလာဒုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| | | |
| | **(၁၃-၉-၂၀၂၁ ရက်နေ့မှ ၁၇-၉-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း** | ၁၃,၆၀၂,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်း ဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကာကွယ်ဆေးထိုးနှံရမယ့် ဦးစားပေးအုပ်စုတွေထဲမှာ နာတာရှည် ရောဂါအခံရှိသူတွေလည်း ပါဝင်ပြီးဖြစ်လို့ မိမိဒေသအလိုက် ကာကွယ်ဆေးထိုးနှံနိုင်ရေး စာရင်းကောက်ယူနေတဲ့နေရာတွေမှာ စာရင်းပေးသွင်း၍ ကာကွယ်ဆေးကို အထူးအလေးအနက်ထား ထိုးနှံသင့်တဲ့အကြောင်းကို ဒီနေရာကနေ တင်ပြလိုက်ရပါတယ်

ဒေါက်တာသန်းနိုင်စိုး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၁၅ ရက် ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။ ။ ကိုဗစ်ကာလအတွင်း ကျန်းမာစွာ ဘယ်လိုနေထိုင်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာဖြစ်ပါတယ်။**

ကိုဗစ်ကာလအတွင်း အိမ်မှာကျန်းမာစွာ ဘယ်လိုနေထိုင်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦးဆရာ။

**ဒေါက်တာသန်းနိုင်စိုး ။ ။** ကိုဗစ် – ၁၉ ရောဂါဟာ ကမ္ဘာမြေပေါ်က အလွယ်တကူ ပျောက်ကွယ်သွားမယ့်ရောဂါထဲမှာ မပါနိုင်ဘူးဆိုတဲ့ ကျွမ်းကျင်သူတွေရဲ့မှတ်ချက်ကို ဦးစွာဆွေးနွေး တင်ပြလိုပါတယ်။ စင်ကာပူနဲ့ ဩစတြေးလျနိုင်ငံတွေက ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ပြီး တစ်ဖက်က ကိုဗစ် – ၁၉ ဖြစ်ပွားမှုတွေ ကာကွယ်ထားတဲ့အချိန်မှာ တစ်ဖက်က မိမိတို့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစတဲ့ လုပ်ငန်းတွေကို ဘယ်လိုပြန်လည်ရှင်သန်ပြီး နေထိုင်မလဲဆိုတာ စတင်စဉ်းစားဆောင်ရွက်နေတာကို တွေ့လာရပါတယ်။

ကျွန်တော်တို့အနေနဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရင်းနဲ့ ဘယ်လိုကျန်းမာအောင် ရှင်သန်နေထိုင်ကြမလဲ။ ကိုဗစ် – ၁၉ ရောဂါအပြင် အခြားရောဂါတွေ ဖြစ်ပွားမှုမရှိအောင် ဘယ်လိုနေထိုင်စားသောက်ကြမလဲဆိုတာ အရေးကြီးလာပါတယ်။ ၂၁ ရာစုခေတ်ကာလမှာ ကူးစက်တတ်သောရောဂါနဲ့ မကူးစက်တတ်သော ရောဂါ နှစ်ခုက တစ်ပြိုင်နက်တည်း ခံစားနေရသလို ဖြစ်နေပါတယ်။ ၂၁ ရာစုရဲ့ လူနေမှုပုံစံတွေကြောင့် မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုများပြားတယ်လို့ ပညာရှင်တွေက ပြောကြပါတယ်။

ဒီတော့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေထိုင်စားသောက်မှုပုံစံတွေအဖြစ် ပြောင်းလဲရပါမယ်။ ဒါတွေပြောင်းလဲနိုင်ရင် မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုကို သိသိသာသာလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ လို ရောဂါတွေက မကူးစက်တတ်သောရောဂါအခံရှိတဲ့သူကို ဝင်ရောက်ရင် ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှု၊ သေဆုံးမှုတွေ ပိုပြီးမြင့်မားစေပါတယ်။ ဒါကြောင့် မကူးစက်တတ်သော ရောဂါဖြစ်ပွားမှုတွေ လျော့ပါးအောင် ဆောင်ရွက်နိုင်ရင် တစ်ဖက်က ကူးစက်ရောဂါတွေ ဝင်ရောက်ဖြစ်ပွားလာတဲ့အခါ ကျန်းကျန်းမာမာနဲ့ အောင်မြင်စွာဖြတ်ကျော်နိုင်မှာ ဖြစ်ပါတယ်။

ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်မယ်ဆိုရင် ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်စားသောက်ဖို့



လိုပါတယ်။ ဒါမှ အခြေခံကျန်းမာရေးကောင်းပြီး မကူးစက်တတ်သောရောဂါတွေနဲ့ ရောဂါအခံရှိနိုင်တာတွေ လျှော့ချနိုင်မယ်။ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာမယ်ဆိုရင် ရောဂါပိုးဝင်ရောက်ကူးစက်တာကို ကာကွယ်နိုင်မယ်။ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးဝင်လာခဲ့ရင်တောင်မှ ခန္ဓာကိုယ်ခုခံအားစနစ်က အနိုင်ယူနိုင်ဖို့ အထောက်အကူပြုပါတယ်၊ ဒီလိုနည်းလမ်းတွေကို ပေါင်းစပ်ကျင့်သုံးရမှာ ဖြစ်ပါတယ်။

ကျန်းမာတဲ့ လူနေထိုင်မှုပုံစံနဲ့နေထိုင်သူ၊ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာသူ၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုကို ခံယူထားသူ တစ်ယောက်ဆိုရင် ကိုဗစ်–၁၉ ရောဂါလို ကူးစက်ရောဂါတွေ ကြံ့ကြံ့ခံကျော်လွှားနိုင်တဲ့၊ ကျန်းမာရေးအရ လုံခြုံစိတ်ချရတဲ့ လူသားတစ်ဦးဖြစ်လာမှာဖြစ်ပါတယ်။ ဒါတွေကို မိသားစုတိုင်းက ကျင့်သုံးရင် ကိုဗစ်–၁၉ ဘေးအန္တရာယ်က လုံခြုံစိတ်ချရတဲ့၊ ကိုဗစ်–၁၉ ရောဂါလို ကူးစက်ရောဂါတွေအပြင် အခြားမကူးစက်တတ်တဲ့ရောဂါတွေ အန္တရာယ်က ကာကွယ်နိုင်တဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုတွေ ဖြစ်လာပါမယ်။ ဒီလို တစ်ရပ်ကွက်လုံး၊ တစ်ဒေသလုံး၊ မြန်မာတစ်နိုင်ငံလုံးက ကျင့်သုံးကြရင် ကိုဗစ်–၁၉ ရောဂါပိုးရဲ့ ကမ္ဘာပေါ်မှာ ဆက်လက်တည်ရှိနိုင်တဲ့ အနေအထားတွေက ကျွန်တော်တို့အတွက် ကြီးမားတဲ့ ခြိမ်းခြောက်မှုဖြစ်ချင်မှဖြစ်မယ်။ အားလုံးက ပူးပေါင်းဆောင်ရွက်ရင် ဒီကိစ္စက ဖြစ်လာနိုင်ပါတယ်။ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်။

မိဘပြည်သူတွေကို ယခုလို ဆွေးနွေးတင်ပြရတဲ့ ရည်ရွယ်ချက်တွေရှိပါတယ်။ နံပါတ် ၁ က ကိုဗစ်–၁၉ ရောဂါပိုး ဝင်ရောက်မကူးစက်စေချင်တဲ့အတွက် ကာကွယ်ရေးနည်းလမ်းတွေကို အမြဲပြောကြားပါတယ်။ နံပါတ် ၂ က ရောဂါကြောင့် သေဆုံးမှုတွေကို တတ်နိုင်သမျှ လျှော့ချချင်ပါတယ်။ ဒါကြောင့် **ရောဂါအခံရှိသူတွေအနေနဲ့ အိမ်မှာနေဖို့၊ သူတို့ အိမ်မှာနေရင်လည်း ပါးစပ်နှာခေါင်းစည်း (Mask) တပ်ထားဖို့၊ အပြင်ထွက်လေ့ရှိသူတွေနဲ့ အနီးကပ် မနေဖို့၊ ကာကွယ်ဆေးထိုးနှံပြီလို့ သတင်းကြားပြီဆိုရင် မကူးစက်တတ်သော ရောဂါအခံရှိသူတွေအနေနဲ့ အထူးအလေးအနက်ထားပြီး သွားရောက်ထိုးနှံကြဖို့၊ ဒါ့အပြင် မည်သူမဆို ရောဂါလက္ခဏာတွေ ခံစားရပြီဆိုရင် စောစီးစွာ ကျန်းမာရေးဌာနတွေကို ဆက်သွယ်အကြောင်းကြားပြီး ကုသမှုခံယူဖို့ တိုက်တွန်းနေရတာဖြစ်ပါတယ်။** ရောဂါရှိတဲ့သူကလည်း **စောစီးစွာ လိုအပ်တဲ့ဆေးဝါးနဲ့ ကုသမှုတွေ အချိန်မီရရှိရင် အသက်ရှင်သန်နိုင်တဲ့ အခွင့်အလမ်းများပါတယ်။** နံပါတ် ၃ က ကူးစက်ရောဂါကွင်းဆက်တွေ ပြတ်တောက်သွားဖို့အတွက် ရောဂါပိုးရှိသူနဲ့ နီးကပ်စွာထိတွေ့မှုရှိသူတွေကို သီးသန့်ခွဲခြားနေထိုင်စေဖို့၊ ရောဂါမပြင်းထန်သူများကို ကိုဗစ်ကုသရေးစင်တာတွေမှာ နေထိုင်စေဖို့ဖြစ်ပါတယ်။ ဒီအချက်တွေကို ရည်ရွယ်ပြီး ကျန်းမာရေးအသိပညာပေးအစီအစဉ်ကို ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

ကိုဗစ်–၁၉ ဖြစ်ပွားစဉ်ကာလမှာ ကျန်းမာအောင်နေထိုင်ဖို့အတွက် ရောဂါကာကွယ်ရေးနည်းလမ်းတွေ သိရှိလိုက်နာဖို့လိုပါတယ်။ ဒီရောဂါက အသက်ရှူလမ်းကြောင်းနဲ့ လက်ကနေတစ်ဆင့် ကူးစက်ပါတယ်။ အဓိက ကူးစက်မှုလမ်းကြောင်းက ဒီနှစ်ခုပဲရှိပါတယ်။ ကူးစက်တဲ့အခါ လူတစ်ဦးနဲ့တစ်ဦး ထိတွေ့မှုကနေဆက်ပြီး အဆင့်ဆင့် ကူးစက်စေတယ်။ ဒါကြောင့် အခြားသူတွေနဲ့ ထိတွေ့မှုမရှိအောင် တတ်နိုင်သမျှ အိမ်မှာနေတယ်။ အိမ်မှာနေတဲ့အခါ မိသားစုဝင်တွေလောက်ပဲ ထိတွေ့မှုရှိတယ်၊ မိသားစုထဲမှာ ပိုးရှိသူမရှိဘူးဆိုရင် လုံခြုံစိတ်ချရမှုရှိပါတယ်။

မဖြစ်မနေ ဈေးဝယ်ထွက်တာပဲဖြစ်ဖြစ်၊ ရေသန့်လာပို့တာပဲဖြစ်ဖြစ်၊ ပစ္စည်းပို့တဲ့ Deli သမားလာတာပဲဖြစ်ဖြစ် အပြင်လူနဲ့ထိတွေ့ရမယ့်အချိန်မှာ ဘာပဲဖြစ်ဖြစ် ပိုးရှိနိုင်တယ်လို့ သတိထားပြီး သူတို့နဲ့ ထိတွေ့မှုနည်းအောင် ဆောင်ရွက်ရပါမယ်။ နောက်တစ်ခုက မဖြစ်မနေ အပြင်ထွက်ရမယ်ဆိုရင် နေအိမ်ပြင်ပထွက်တာနဲ့ Mask မဖြစ်မနေတပ်ဖို့၊ အများသုံးပစ္စည်းတွေ၊ ငွေတွေကို ကိုင်တွယ်မိရင် လက်ကို စနစ်တကျ ပြန်ဆေးဖို့လိုပါတယ်။ လက်မဆေးဘဲ နှာခေါင်း၊ ပါးစပ်ရှိတဲ့နေရာတွေ ထိတွေ့ကိုင်တွယ်ခြင်း မပြုမိဖို့၊ ဈေးဝယ်ထွက်ရင်လည်း တတ်နိုင်သမျှ တစ်ပတ်ကို တစ်ကြိမ်လောက်ပဲ ထွက်ဖို့၊ အိမ်မှာ မလိုအပ်ဘဲ ဧည့်သည်လက်မခံဖို့၊ ကိုယ်တိုင်လည်း ဧည့်သည်အနေနဲ့ အိမ်မလည်ဖို့ လိုပါတယ်။ အပြင်ထွက်တာကနေ အိမ်ကိုပြန်ရောက်တဲ့အခါလည်း လက်ဆေးဖို့၊ ကိုယ်လက်သန့်စင်ဖို့နဲ့ Mask ကို အိမ်ပြင်မှာ စနစ်တကျ သေချာစွာစွန့်ပစ်ဖို့ လိုပါတယ်။

နာတာရှည်ရောဂါရှိသူ၊ မကူးစက်တတ်သော ရောဂါအခံရှိသူတွေကို အထူးသတိပြုပြီး ကာကွယ်ပေးဖို့လိုပါတယ်။ အသက်အရွယ်ကြီးရင့်သူတွေ၊ ကင်ဆာရောဂါဝေဒနာခံစားနေရသူတွေ၊ နာတာရှည် ကျောက်ကပ်ဝေဒနာရှိသူတွေ၊ ပန်းနာရင်ကျပ်ရောဂါရှိသူ၊ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု အစားထိုးထားသူတွေ၊ အဝလွန်သူတွေ၊ နှလုံးရောဂါရှိသူ၊ သွေးရောဂါတစ်ခုခုရှိသူတွေနဲ့ ဆီးချိုရောဂါရှိသူတွေက ကာကွယ်ရေးနည်းလမ်းတွေကို အထူးသတိထားပြီး လိုက်နာကာကွယ်ပေးဖို့ လိုပါတယ်။ **ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကာကွယ်ဆေးထိုးနှံရမယ့် ဦးစားပေးအုပ်စုတွေထဲမှာ နာတာရှည်ရောဂါအခံရှိသူတွေလည်း ပါဝင်ပြီးဖြစ်လို့ မိမိဒေသအလိုက် ကာကွယ်ဆေးထိုးနှံနိုင်ရေး စာရင်းကောက်ယူနေတဲ့နေရာတွေမှာ စာရင်းပေးသွင်း၍ ကာကွယ်ဆေးကို အထူးအလေးအနက်ထား ထိုးနှံသင့်တဲ့အကြောင်းကို ဒီနေရာကနေ တင်ပြလိုက်ရပါတယ်။**

ကာကွယ်ဆေးထိုးနှံခြင်းနဲ့ ပတ်သက်ပြီး အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုဌာန (CDC) က စက်တင်ဘာ ၁၀ ရက်က သုတေသနတွေ့ရှိချက်တစ်ခုကို ထုတ်ပြန်ပါတယ်။ ဒီထုတ်ပြန်ချက်မှာ ‘ဒယ်လ်တာ’လို ကူးစက်မြန်ပြင်းထန်တဲ့ ဗိုင်းရပ်စ်မျိုးကွဲတွေ ပြန့်ပွားနေတဲ့အချိန်မှာ ကာကွယ်ဆေးထိုးထားသူတွေက မထိုးထားသူတွေထက်စာရင် ရောဂါကူးစက်မှု ငါးဆလျော့နည်းသက်သာတယ်လို့ဆိုပါတယ်။ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရင် ရောဂါပြင်းထန်စွာဖြစ်ပွားလို့ ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆအထက်၊ ရောဂါကြောင့်သေဆုံးမှုကို ၁၀ ဆအထက် လျှော့ချပေးနိုင်တယ်လို့ ဆိုပါတယ်။

အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ နေရာ ၁၃ ခုမှာ ဧပြီ ၄ ရက်ကနေ ဇူလိုင် ၁၇ ရက်အထိ လေ့လာထားတာဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိသူ ၆၁၅၄၅၄ ဦး၊ ကိုဗစ်–၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ရသူ ၃၇၉၄၈ ဦး၊ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၆၇၄၈ ဦးကို လေ့လာရာမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးမထိုးထားသူတွေရဲ့ ရောဂါဖြစ်ပွားမှုက ၅၆၉၁၄၂ ဦးရှိပြီး ၉၂ ရာခိုင်နှုန်း ရှိတာ တွေ့ရပါတယ်။ ကိုဗစ်–၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုတွေရဲ့ ၉၂ ရာခိုင်နှုန်းဖြစ်တဲ့ ၃၄၉၇၂ ဦးက ကာကွယ်ဆေးမထိုးထားသူတွေ ဖြစ်ပါတယ်။ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရသူတွေထဲမှာ ၉၁ ရာခိုင်နှုန်းဖြစ်တဲ့ ၆၁၃၂ ဦးက ကာကွယ်ဆေးမထိုးထားသူတွေနဲ့ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းမခံထားသူတွေ ဖြစ်တာတွေ့ရပါတယ်။

ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူတွေ အကြားမှာ ရောဂါဖြစ်ပွားမှုနှုန်းကို ပြန်ကြည့်ရင် ၈ ရာခိုင်နှုန်းသာဖြစ်တဲ့ ၄၆၃၁၂ ဦးတွေ့ရှိရပြီး ရောဂါကြောင့် ဆေးရုံတက်ရောက်ရသူတွေထဲမှာ ၈ ရာခိုင်နှုန်းဖြစ်တဲ့ ၂၉၇၆ ဦးကို တွေ့ရပါတယ်။ ရောဂါကြောင့် သေဆုံးသူတွေထဲမှာ ၉ ရာခိုင်နှုန်းဖြစ်တဲ့ ၆၁၆ ဦး တွေ့ပါတယ်။ ဒီထုတ်ပြန်ချက်က စက်တင်ဘာ ၁၀ ရက် ထုတ်ပြန်တာဖြစ်တဲ့အတွက် နောက်ဆုံးတွေ့ရတဲ့ သုတေသနတွေ့ရှိချက်လို့ ပြောလို့ရပါတယ်။

ဒ့ါကြောင့် ဘာပဲဖြစ်ဖြစ် ကာကွယ်ဆေးကို ဦးစားပေးပြီး ထိုးနှံဖို့လိုပါတယ်။ မြို့ပြတွေမှာ နေထိုင်သူတွေက ကျန်းမာရေးအသိပညာနဲ့

*စာမျက်နှာ ၁၇ သို့*

## ဟိုပန်မြို့သို့ ပြန်လည်ဝင်ရောက်မည့် ဒေသခံပြည်သူများ၊ မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများအား ကိုဗစ်-၁၉ ရောဂါ အရေးပေါ်လူနာများ သီးသန့်ထားရှိကုသမည့်အခန်းများ ပြင်ဆင်ဆောင်ရွက်



**ဟိုပန် စက်တင်ဘာ ၁၇**

ဟိုပန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယနေ့ နံနက် ၉ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဟိုပန်မြို့နယ်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်လူနာများအား ကုသမှုပေးနိုင်ရန်အတွက် "၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ရန်ပုံငွေကျပ် သိန်း ၇၀ ဖြင့် ဆောင်ရွက်ပြီးစီးပြီးဖြစ်သည့် အောက်ဆီဂျင် ပိုက်လိုင်းများ သွယ်တန်းထားရှိမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါအရေးပေါ်လူနာများ သီးသန့်ထားရှိကုသမည့်အခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာပြည့်ကိုကိုက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ "၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝဏ္ဏကျော်ထင် စဝ်ခွန်ဆမ်ခန်းမသို့ သွားရောက်၍ ကိုဗစ် - ၁၉ ရောဂါလူနာများထားရှိကုသမှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ အခြားဒေသမှ ဟိုပန်မြို့သို့ ပြန်လည်ဝင်ရောက်မည့် ဒေသခံပြည်သူများ၊ မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများအား RDT (Test kit) ဖြင့် စစ်ဆေး၍ ရောဂါတွေ့ရှိသူများကို ထားရှိကုသပေးမည်ဖြစ်ကာ ယခင်က ၄၂ ဦးသာ ထားရှိကုသမှုပေးနိုင်သော်လည်း ယခုအခါ ၇၂ ဦးအထိ ထားရှိကုသမှုပေးနိုင်မည်ဖြစ်သည်။ ထို့နောက် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဟိုပန်မြို့မအားကစားကွင်းသို့သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်လေးပင်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့သွားရောက်ကာ ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ စစ်ဆေးပေး

**ညောင်လေးပင် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများ၌ သီတင်းသုံးနေကြသော ရဟန်းသံဃာများနှင့် သီလရှင်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ လိုက်လံစစ်ဆေးပေးခြင်းကို စက်တင်ဘာ ၁၇ ရက်က တာဝန်ရှိပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးဇော်မင်းယု ဦးဆောင်၍ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ တောင်ကျောင်းတိုက်၊ မြောက်ကျောင်းတိုက်၊ ကျောင်းသစ်ကျောင်း၊ ထူပါရုံကျောင်း၊ လေးဆူမဏ္ဍိုင်ကျောင်း၊ ကမ္မဋ္ဌာန်းကျောင်းတိုက်များသို့ သွားရောက်ကာ အဆိုပါကျောင်းတိုက်များရှိ သံဃာတော်များ၊ သီလရှင်များ၊ အကျိုးဆောင်ကပ္ပိယလူပုဂ္ဂိုလ်နှစ်ဦးအပါအဝင် စုစုပေါင်း ၁၅၀ အား ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးရာ သံဃာလေးပါး၊ သီလရှင်လေးပါး၊ ကပ္ပိယလူပုဂ္ဂိုလ်နှစ်ဦးအပါအဝင် စုစုပေါင်း ၁၀ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိသည်။

သို့ပါ၍ အဆိုပါပိုးတွေ့ရှိသော သံဃာတော်များ၊ သီလရှင်များနှင့် ကပ္ပိယများအား ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးပြီး ဆက်လက်၍လည်း တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများရှိ ရဟန်းသံဃာ၊ သီလရှင်များအား ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်စေရန်အတွက် စစ်ဆေးဖော်ထုတ်၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

*စာမျက်နှာ ၁၆ မှ*

**‘ မဖြစ်မနေ ဈေးဝယ်ထွက်တာပဲဖြစ်ဖြစ်၊ ရေသန့် လာပို့တာပဲဖြစ်ဖြစ်၊ ပစ္စည်းပို့တဲ့ Deli သမား လာတာပဲဖြစ်ဖြစ် အပြင်လူနဲ့ထိတွေ့ရမယ့်အချိန်မှာ ဘာပဲဖြစ်ဖြစ် ပိုးရှိနိုင်တယ်လို့ သတိထားပြီး သူတို့နဲ့ ထိတွေ့မှုနည်းအောင် ဆောင်ရွက်ရပါမယ်။ နောက်တစ်ခုက မဖြစ်မနေ အပြင်ထွက်ရမယ်ဆိုရင် နေအိမ်ပြင်ပထွက်တာနဲ့ Mask မဖြစ်မနေတပ်ဖို့၊ အများသုံးပစ္စည်းတွေ၊ ငွေတွေကို ကိုင်တွယ်မိရင် လက်ကို စနစ်တကျ ပြန်ဆေးဖို့လိုပါတယ်။ လက်မဆေးဘဲ နှာခေါင်း၊ ပါးစပ်ရှိတဲ့နေရာတွေ ထိတွေ့ကိုင်တွယ်ခြင်း မပြုမိဖို့၊ ဈေးဝယ်ထွက်ရင်လည်း တတ်နိုင်သမျှ တစ်ပတ်ကို တစ်ကြိမ်လောက်ပဲ ထွက်ဖို့၊ အိမ်မှာ မလိုအပ်ဘဲ ဧည့်သည်လက်မခံဖို့၊ ကိုယ်တိုင်လည်း ဧည့်သည်အနေနဲ့ အိမ်မလည်ဖို့ လိုပါတယ် ’**

သတင်းအချက်အလက်တွေရရှိတဲ့အတွက် ဆေးထိုးနှံမှု အားကောင်းပေမယ့် အချို့အလှမ်းဝေးတဲ့ မြို့တွေ၊ ကျေးလက်ဒေသတွေက သတင်းအချက်အလက် စီးဆင်းမှုနည်းတဲ့အတွက် ကာကွယ်ဆေးရဲ့ ကောင်းကျိုးတွေကို သိရှိမှု အားနည်းနိုင်တာ ဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်ကာလမှာ ကျန်းမာအောင် ဘယ်လိုနေထိုင်ရမလဲဆိုတာကို အချက် ငါးချက်နဲ့ တင်ပြထားပါတယ်။ နံပါတ် (၁) အချက်က လှုပ်လှုပ်ရှားရှားနေဖို့၊ ထိုင်တာကိုလျှော့ဖို့၊ နံပါတ် (၂) က ကျန်းမာရေးနဲ့ညီညွတ်အောင် စားသောက်ဖို့၊ နံပါတ် (၃) က စိတ်ကျန်းမာရေးကို ဂရုစိုက်ဖို့၊ နံပါတ် (၄)က ဒီလိုအချိန်မျိုးမှာ ဆေးလိပ်၊ ကွမ်းစွဲနေသူတွေအနေနဲ့ ဖြတ်တောက်ကြဖို့၊ နံပါတ် (၅) က ဒီလိုအချိန်မှာ သားသမီးတွေနဲ့ အတူနေရချိန်ဖြစ်လို့ ကလေးတွေကို အချိန်ပေးကြည့်ရှုဖို့ တိုက်တွန်းထားပါတယ်။

နံပါတ် (၁) အချက်က လှုပ်လှုပ်ရှားရှားနေရမယ်ဆိုရင် လူကြီးတွေသာမက ကလေးတွေပါ လှုပ်ရှားရမှာဖြစ်ပါတယ်။ အသက်တစ်နှစ်အောက် ကလေးတွေကို တစ်နေ့လှုပ်ရှားမှုအနေနဲ့ နာရီဝက်လောက် ချော့မြှူပေးခြင်း ပြုလုပ်သင့်ပါတယ်။ ငါးနှစ်အောက် ကလေးတွေကို တစ်ရက်ကို ၂ နာရီလောက် ကစားဖို့၊ ထိုင်မနေစေဖို့၊ လှုပ်ရှားစေဖို့ လိုပါတယ်။ ငါးနှစ်မှ ၁၇ နှစ် အရွယ်တွေကို တစ်ရက်ကို မိနစ် ၆၀ လောက် လှုပ်ရှားစေဖို့ လိုပါတယ်။ အသက် ၁၈ နှစ်အထက်ဆိုရင် တစ်ပတ်ကို မိနစ် ၁၅၀လောက်အနည်းဆုံး လှုပ်ရှားမှုလုပ်သင့်ပါတယ်။ Stay at Home ကာလမှာ အိမ်ကနေ အလုပ်လုပ်ကြရတယ်။ ယခင်လှုပ်ရှားမှုရှိတဲ့သူဆိုရင် အခုကာလမှာ သိပ်ပြီးမလှုပ်ရှားဖြစ်တဲ့အတွက် ထိုင်မနေပါနဲ့၊ လှုပ်လှုပ်ရှားရှား နေပေးပါလို့ တင်ပြချင်ပါတယ်။

နံပါတ်(၂)အနေနဲ့ အစားအသောက်နဲ့ ပတ်သက်ရင် ကျန်းမာရေးနဲ့ ညီညွတ်အောင်စားသုံးမယ့် အချက် ရှစ်ချက်ရှိပါတယ်။ (၁) အရောင်အသွေးစုံလင်အောင်စားပါ။ အသီးအရွက်တွေ များများစားပေးပါ။ (၂) ဆားနှင့် အငန်ကို လျှော့စားပါ။ အချိုမှုန့် အလွန်အကျွံစားသုံးခြင်းနဲ့ စားပွဲပေါ်မှာ ဆားဘူးငယ်ထားရှိပြီး ဆားအလွယ်တကူထပ်ထည့်လို့ စားသောက်တတ်တဲ့အကျင့်ရှိရင် ရှောင်ကြဉ်သင့်ပါတယ်။ (၃) ပြည့်ဝဆီကို လျှော့စားရပါမယ်။ မပြည့်ဝဆီကို ပြည့်ဝဆီနဲ့ အစားထိုးစားသုံးရပါမယ်။ ထပ်ခါတလဲလဲကြော်ထားတဲ့၊ မသန့်ရှင်းတဲ့ဆီတွေနဲ့ ကြော်ထားတာတွေကို ရှောင်ရပါမယ်။ (၄) အချိုစားတာနဲ့ သကြားစားတာကိုလည်း တတ်နိုင်သမျှ လျှော့ရပါမယ်။ (၅) ရေများများသောက်ရပါမယ်။ (၆) အရက်အလွန်အကျွံသောက်ခြင်းကိုလည်း ရှောင်ရမှာဖြစ်ပါတယ်။ (၇) လူကြီးတွေတင်မက ကလေးရှိသူဆိုရင် ကလေးကိုလည်း အသက် (၆)လအရွယ်ထိ မိခင်နို့တစ်မျိုးတည်းသာ ပုံမှန်တိုက်ကျွေးခြင်း၊ အသက်(၆)လကျော်ရင် ဖြည့်စွက်စာ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ရပါမယ်။ နံပါတ် (၈) အနေနဲ့ အစားအသောက်တွေကို စီမံချက်ပြုတ်ရာမှာ သန့်သန့်ရှင်းရှင်းနဲ့ စနစ်တကျ ဆောင်ကြဖို့ လိုပါတယ်။ ဒီနေရာမှာ အသီးအရွက်တွေကို ဆေးကြောရာမှာ အရွက်ဖျန်းဆေးဆိုပြီး အယ်လ်ကိုဟောပါတဲ့ လက်သန့်စင်ဆေးရည်လိုမျိုးတွေနဲ့ ဖျန်းတာတွေက ပိုပြီးအဆိပ်အတောက် ဖြစ်စေပါတယ်။ လုံးဝ မလုပ်သင့်ပါဘူး။ ဈေးကဝယ်လာတဲ့ အသီးအရွက်တွေကို ကိုင်တွယ်မယ်ဆိုရင် လက်ကို ဆပ်ပြာနဲ့ရေအသုံးပြုပြီး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးရပါမယ်၊ အသီးအရွက်တွေကို ရေသန့်သန့်နဲ့ဆေးရင် လုံလောက်ပါပြီ။ အစားအစာတွေကနေ ကိုဗစ်-၁၉ ရောဂါ ကူးစက်တာ၊ အစားအသောက်ကို ထုပ်ပိုးတဲ့ပစ္စည်းတွေက ကိုဗစ်-၁၉ ရောဂါ ကူးစက်တဲ့ အထောက်အထား မတွေ့သေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရှင်းပြထားပါတယ်။

ကျန်းမာအောင်နေရမယ့် အချက်တွေထဲမှာ နံပါတ်(၃)အချက်က စိတ်ကျန်းမာရေးနဲ့ပတ်သက်ပါတယ်။ **စိတ်ရှုပ်စေမယ့်အရာတွေကို ရှောင်ကြဉ်ပြီး မိတ်ဆွေအပေါင်းအသင်းတွေနဲ့ စကားပြောတာတွေကို လုပ်ဆောင်သင့်ပါတယ်။ အိပ်ရေးဝအောင် အိပ်သင့်ပါတယ်။ အချို့က အိပ်မပျော်ရင် ဆေးဝါးတွေသုံးတာ၊ အရက်အလွန်အကျွံသောက်တာတွေက ရေရှည်မှာ ဆိုးကျိုးတွေကိုပဲ ဖြစ်စေတဲ့အတွက် လုံးဝရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဆိုရှယ်မီဒီယာအသုံးများပြီး အိပ်ရေးမဝတာတွေ၊ စိုးရိမ်စိတ်လွန်ကဲတာတွေကိုလည်း ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။**

နံပါတ်(၄)အချက်က ဆေးလိပ်၊ ကွမ်းစားသုံးမှုကို လုံးဝဖြတ်တောက်သင့်တဲ့အချိန်ကာလ ဖြစ်ပါတယ်။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းကြောင့် ရောဂါကူးစက်မှုကို မြင့်မားစေသလို ရောဂါကူးစက်ခံရရင်လည်း ပြင်းထန်စွာ ဖြစ်ပွားနိုင်ပါတယ်။

နံပါတ်(၅)အချက်အနေနဲ့ ယခုလို Stay at home ကာလ အတူနေရချိန်မှာ မိဘတွေအနေနဲ့ ကလေးတွေရဲ့ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်တတ်မယ့်အပြုအမူတွေကို သင်ကြားပေးတာ၊ အွန်လိုင်းသုံးစွဲမှုတွေကို စနစ်တကျဖြစ်အောင် စောင့်ကြပ်ကြည့်ရှုပေးတာ၊ အွန်လိုင်းကတစ်ဆင့် ပညာသင်ကြားပေးတဲ့အစီအစဉ်တွေနဲ့ ချိတ်ဆက်ပေးတာ၊ မိဘတွေကိုယ်တိုင်က အနီးကပ်သင်ကြားပေးတာမျိုးတွေစတဲ့ ရင်းရင်းနှီးနှီးနဲ့ ပြုစုစောင့်ရှောက်ပေးဖို့သင့်တဲ့ အခါဖြစ်ပါတယ်။

အခုတင်ပြတဲ့အချက်တွေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်းမှာ ကျန်းမာစွာနေထိုင်ရေး အကြံပြုချက်တွေကိုအခြေခံပြီး ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် နံတော်စဉ်ကျောင်းတိုက်၊ ရတနာ့သိဒ္ဓိကျောင်းတိုက်၊ မာန်အောင်ကျောင်းတိုက်၊ ပုဗ္ဗသီရိမြို့နယ် ထူးကြီးကျောင်းတိုက်နှင့် သစ္စာဝေလီသီလရှင် စာသင်တိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့ရှိ နောင်နင်းကျောင်းတိုက်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ မြို့မကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်ရှိ ရွှေဥမင်တောရရိပ်သာကျောင်းတိုက်၊ သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာရှိအလွမ်းဆွတ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ရှိ အောင်မင်္ဂလာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကွင်းကျောင်းကျောင်းတိုက်၊ အိုးဘိုကျောင်းတိုက်နှင့် သာသနာ့ရောင်ခြည်စာသင်တိုက် (ရွှေကျင်)၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရတနာကြည့်ရှင်ကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (အောက်ပုံ)

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် မြိတ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့များကို ချီးမြှင့်ငွေများ ထောက်ပံ့စဉ်။

## ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပုံပါကျင်းမြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကော့သောင်းမြို့နယ် ဘုတ်ပြင်းမြို့နယ်များအတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန် နယ်မြေရဲစခန်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ရှိ ပြည်သူ့ဆေးရုံနှင့် အိုင်သပြု တိုက်နယ်ဆေးရုံရှိ ကိုဗစ်-၁၉ ခေတ္တခွဲအတည်ပြုပိုးတွေ့ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အသီးသီး သွားရောက်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သရက်မြို့နယ်၌ လေသေနတ် ခုနစ်လက် အပ်နှံ


**သရက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ညောင်ပင်ငယ်ကျေးရွာ အုပ်စု ညောင်ပင်ငယ်ကျေးရွာမှ ကျေးရွာသားများက လက်လုပ်လေသေနတ် ခုနစ်လက်အား ညောင်ပင်ငယ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုမှ တစ်ဆင့် သရက်မြို့ မြို့မရဲစခန်းသို့ အပ်နှံခဲ့ရာ ခေတ္တစခန်းမှူး ဒုရဲမှူး တင်အောင်မိုးက စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် လက်ခံရယူခဲ့ကြောင်း သိရသည်။



**ဇော်ဝမ်းထွန်း(အောင်လံ)**






အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၉-၂၀၂၁ စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ရတနသုတ်၊မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၃၅ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၀၅ | MRTV Travelogue |
| ၀၇:၃၅ | Weekly Sports Info | ၁၇:၃၅ | ပန်းခင်းစီပံချက် |
| ၀၈:၃၅ | ပလတ်စတစ်ညစ်ညမ်းမှု | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၄၅ | ကျန်းမာရေးစနစ်ကိုဖြိုခွင်းခြောက် နေသောဒယ်လ်တာဗီဇပြောင်း မျိုးစိတ်အန္တရာယ် | ၁၈:၁၅ | သုတဝေဖြာသီရိဂေဟာ |
| | | ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၂၃) |
| ၁၀:၀၀ | သတင်းထဲကသတင်း | | |
| ၁၀:၃၅ | သဘာဝအလှတွေစုံလင်စွာ ရောဂါမြေမှဘိုကလေးမြေမဟာ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'မျဉ်းနှစ်ကြောင်း' | | |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | 'ပန်းတော်ဝင်အငြိမ့်' |

**mitv**

07:01 News
07:27 Great Shwedagon - The Repository Of Buddhist Scriptures And Archives
07:43 The Beauty In The North Of Myanmar
08:01 Weekly Review
08:16 Myanmar Master Class "Still Life" (Fruit)
08:24 Discovering Tribes: Kanan their life and customs (Part-I)
09:01 Myanmar Designer Studio: Naw Naw
09:17 Myanmar's Traditions and Culture "Myanmar Pottery"
09:41 Kabyar Wa Beach
09:49 Gold from Garbage
10:01 Myanmar Puppeteers (Tha Nge Taw Dance)
11:01 Living in Off-season
11:14 Ancient Heritage In Natalin
11:26 Pan Tamawt... Stone Carving

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၆)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တိမ်တိုက်ကြားကဘောဂလိမြို့

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သာယာလှပတဲ့မြစ်ဝကျွန်းပေါ်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သူတို့ယုံကြည်ရာ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဝဥအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
အဟာရပြည့် အတွေ့ချက်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်တို့အလှမွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လခြမ်းမြေမှရိုးရာအလှ (အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၄)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအလှမယ် (အပိုင်း-၃)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလဲ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဆိပ်ကမ်းများနှင့် နယ်စပ်ဂိတ်များမှ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

### ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီရှစ်ခုမှ Vitamin C+ Zinc + D3 Tablets ၂၀၄၀၊ Rosinox (Enoxparin Sodium) ၁၁၀၀၀၊ Enoxa-K40 Injection ၈၀၀၀ ၊ Softgels Of Vitamins Minerals ၁၁၄၀၀၊ Test Kit ၁၀၂၆၀၊ Centrifuge "Bbrc-101" နှစ်ခု၊ Blocheminal Analyzer လေးခု။

### ရန်ကုန်ဆိပ်ကမ်းများ

ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Concentrator ၁၆၇ ခု၊ Dis-Posable Gown ၁၀၅၁၅၀၊ PPE ၁၁၀၈၂၇ ခု၊ Oxygen Plant ၁၄ ခု၊ Oxygen Cylinders ၁၀၀၀၊ Oxygen Regulators ၁၀၄၀၊ Oxygen Mask ၂၀၀၀၀၊ Face Mask ၁၇၃၄၃၁ ခုနှင့် ဆေးမျိုးစုံ ခြောက်မျိုး ၂၈၈၀၃၉ Kg ။

### နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ)

နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ) တွင် ကုမ္ပဏီငါးခုတို့မှ Mask ၉၉၁၀ Kg ၊ PPE ၂၅၀၀၊ Oxygen Plant တစ်ခု၊ Oxygen Mask ၂၀၀၊ Gloves ၁၆၀၉၄ Kg ၊ Glucose/Sodium Chloride Injection ၁၂၆၄၈၀ Kg ၊ Vitamin-C Injection ၁၀၁၇၆ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၉ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၆၀/၁၁၇၀ ကျပ် | ၁၁၉၀/၁၂၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၆၅/၁၁၈၀ ကျပ် | ၁၂၀၅/၁၂၃၅ကျပ် |
| အောက်တိန်း ၉၂ | ၁၁၆၅/၁၁၇၅ ကျပ် | ၁၂၂၀/၁၂၅၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၉၀ /၁၂၁၅ ကျပ် | ၁၃၀၀/၁၃၂၅ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၆၃၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၁ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၄၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၂၉၀ | ၂၅၆၂၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၆၃၅၂ | ၁၉၉၄၁၂၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၂၂၀ | ၉၅၁၆၀၀၀ |
| FPB | ၁၉၅၀၀ | ၂၀၀၀၀ | ၁၂၀ | ၂၃၈၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀ | ၂၇၅၀၀ |
| EFR | ၃၀၀၀ | ၂၉၀၀ | ၂၁၉ | ၆၃၇၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၅ | ၁၂၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# "ဓာတ်မြေသြဇာရဲ့အဘ" လာပြီ

မောင်အောင်

"ကဲ... ကိုအောင်ရေ ငါတို့လယ်သမားတွေ အခက်တွေ့နေပြီကွ။ တကယ့် စိုက်တဲ့ပျိုးတဲ့ရာသီရောက်မှ မြေဆီဈေးတွေက မနှစ်ကထက်နှစ်ဆမက ကြီးနေတော့ ငါတို့လယ်သမားတွေ ဘယ်လိုလုပ် စိုက်လို့ပျိုးလို့ ရတော့မလဲ။ အရေးထဲ မင်းကလည်း ဒီအချိန်မှာ တို့လယ်သမားတွေနဲ့ တိုက်ရိုက်ပတ်သက်တဲ့ ဝန်ကြီးဌာနမှာ အလုပ်လုပ်နေတော့ ရွာကကောင်တွေက ပြောကုန်ပြီ။ ဘကြီးထွန်း ခင်ဗျားညီတာဝန်ယူမှ မြေဆီတွေဈေးတက်ကုန်ပြီ ဘယ်လိုလုပ်မလဲ။ ဘကြီးထွန်း လယ်မစိုက်လို့ လယ်သမားတွေအတွက် လှည့်မကြည့်တာတော့ မဟုတ်လောက်ပါဘူးနော်တဲ့။ ကဲ- အဲဒီကိစ္စ ဘယ်လိုလုပ်ပေးမလဲ။ ပြောစမ်းပါဦးကွာ။"





သဘာဝမြေဆွေးမြေသြဇာပြုလုပ်ခြင်း။

တိုက်တိုက်ဆိုင်ဆိုင် မြေသြဇာကော်မတီ အစည်းအဝေးပြုလုပ်ပြီး ရုံးစာများဖတ်နေချိန်တွင် ကျွန်တော့်အစ်ကိုကြီးထံမှ တယ်လီဖုန်းဝင်လာခြင်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် ရုံးချိန်တွင် ကျွန်တော်ဖုန်းကိုင်လေ့မရှိပါ။ ကျွန်တော့်တပည့်ကို ပေးထားပါသည်။ ကျွန်တော့်တပည့်ကလည်း ဝင်လာသည့်ဖုန်းများထဲမှ အရေးကြီးသည့် ဖုန်းများကိုသာ ကျွန်တော့်ကို ပေးပြောပါသည်။ ကျန်မသိသည့် ဖုန်းများကိုတော့ ဖုန်းလက်ခံထားပြီး ကျွန်တော်အားနေသည့်အချိန်တွင်မှ လာရောက်ပြီး သတင်းပို့လေ့ရှိသည်။ ယခုတော့ အစည်းဝေးအပြီး ကျွန်တော်အခန်းထဲ ပြန်ရောက်ချိန်ဖြစ်သည့် အပြင် ကျွန်တော့်အစ်ကိုကြီး၏ ဖုန်းလည်းဖြစ်၍ ကျွန်တော့်ထံပေးလာခြင်း ဖြစ်သည်။

ကျွန်တော်က "ဟလို" တစ်ချက်သာထူးလိုက်ရသော်လည်း အစ်ကိုကြီး၏ စကားက တရစပ် ပြောလာခြင်းဖြစ်သည်။ အစ်ကိုကြီးကား အသက်ရှစ်ဆယ်ပြည့်နေပြီ။ လယ်မလုပ်တော့ပါ။ အမေ့ရွာ ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာတွင် နေထိုင်ခြင်းဖြစ်သည်။ တစ်ဝမ်းကွဲအစ်ကို ဖြစ်သော်လည်း လေးတန်းအောင်ပြီးကတည်းက ကျွန်တော်တို့အိမ်တွင် အလယ်တန်းနှင့် အထက်တန်းပညာ ဆက်လက်သင်ယူခဲ့သည်။ သို့ဖြစ်၍ တစ်ဝမ်းကွဲ ညီအစ်ကိုဖြစ်သော်လည်း ညီအစ်ကိုအရင်းလိုပင် ချစ်ခင်ပါသည်။ (၁၀) တန်းအထိ ကျောင်းတက်ခဲ့သော်လည်း (၁၀) တန်း မအောင်ပါ။ အစ်ကိုကြီးတို့ မိသားစုတွင် အစ်ကိုကြီးက သားအကြီးဆုံးဖြစ်၍ (၁၀)တန်းစာမေးပွဲဖြေပြီးကတည်းက ရွာသို့ပြန်၍ သူ့မိဘနှင့်အတူ လယ်စိုက်သည်။ အားသည့်အချိန် စာဖတ်သည်။ အိမ်ထောင်မပြုခဲ့၍ ယခုထိ လူပျိုကြီး ဖြစ်နေပါသည်။

ကျွန်တော် အမေ့ရွာသို့ သွားလည်လျှင် အစ်ကိုတို့အိမ်၌သာ ညအိပ်ညနေတည်းလေ့ရှိပါသည်။ အစ်ကိုကြီးတို့ မောင်နှမငါးယောက်ရှိသည့်အနက် အစ်ကိုလေးမြင့်တစ်ယောက်သာ အိမ်ထောင်ကျပြီး ကျန်သည့် အစ်ကိုကြီး၏ညီမနှင့် ညီနှစ်ယောက်လည်း အိမ်ထောင်မကျပါ။ အစ်ကိုကြီး၏ ညီအငယ်ဆုံးပင် အသက်(၆၀)ကျော်နေပြီ။ အစ်ကိုကြီးတို့ မောင်နှမငါးယောက်လုံး ကျိုက်လတ်မြို့ရှိ ကျွန်တော်တို့အိမ်တွင်ပင် ကျောင်းနေသွားကြသည်။ သို့ဖြစ်၍လည်း မောင်နှမအရင်းများလို ဖြစ်နေကြသည်။

## ပုလဲတစ်အိတ်ကို ငါးသောင်းကျော်

"ကိုအောင် ငါပြောနေတယ်လေကွာ ကြားတယ်မဟုတ်လား။ မြေသြဇာတွေ ဈေးတက်နေတယ်။ ပုလဲတစ်အိတ်ကို ငါးသောင်းကျော် ခြောက်သောင်းနီးပါးဖြစ်နေတယ်။ ကြည့်ပြီးလုပ်ဦးလေကွာ။ မင်းတို့အစည်းအဝေးကရော ဘာတွေဆွေးနွေးပြီး ဘာတွေဆုံးဖြတ်တာလဲ ပြောစမ်းပါဦးကွ"

အစ်ကိုကြီးအကြောင်း ပြန်ပြီးတွေးနေမိသည့် ကျွန်တော်။ အစ်ကိုကြီး၏ ထပ်ဆင့်ပြောလာသံကြောင့် ပြန်ပြီးသတိရလာသည်။

"ကျွန်တော်တို့ အစည်းအဝေးကလည်း အဲဒီ မြေသြဇာကိစ္စတွေပဲ ဆွေးနွေးတာပါ အစ်ကိုကြီး။ အထူးသဖြင့် ပြည်ပကတင်သွင်းလာတဲ့ မြေသြဇာတွေ၊ သတ်မှတ်တဲ့ အာဟာရဓာတ်တွေ ပြည့်ဝဖို့၊ အရည်အသွေးမှန်ကန်ဖို့၊ ပြီးတော့ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ မြေသြဇာတွေကို မှတ်ပုံတင်ဖို့၊ အရည်အသွေးပြည့်ဝဖို့၊ ဒီကိစ္စတွေ ဆွေးနွေးတာပါ။ နောက်ပြီး ပြည်ပကနေ ပင်လယ်ကူးသင်္ဘောဝမ်းဗိုက်ထဲမှာထည့်ပြီး တင်သွင်းလာတဲ့ မြေသြဇာတွေ ပြန်ပြီးအိတ်သွတ်တဲ့အခါမှာ အရောအနှောကင်းဖို့၊ အထဲမှာပါဝင်တဲ့ အာဟာရဓာတ်တွေ မှန်ကန်ဖို့၊ အဲဒီအာဟာရဓာတ်တွေနဲ့ ကုမ္ပဏီနာမည်တွေ၊ သုံးစွဲတဲ့အညွှန်းတွေ မြန်မာလိုရေးဖို့၊ စည်းကမ်းမလိုက်နာတဲ့ ကုမ္ပဏီတွေ အရေးယူဖို့၊ လိုင်စင်ပိတ်သိမ်းဖို့ ဒီကိစ္စတွေ ဆွေးနွေးတာပါ"

"ဟင်း... မင်းတို့ အစည်းအဝေးကလည်း ငါတို့လယ်သမားတွေ တကယ်ခံစားနေရတဲ့ ဓာတ်မြေသြဇာဈေးကြီးတာ၊ ရှားပါးနေတာတွေအတွက်လည်း ဘာမှ မပါပါလားကွ။ မင်းသတိရဖို့က မင်းအမေအမျိုးတွေအားလုံး တောမှာနေကြတာ။ လယ်သမားအလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းလုပ်နေကြတာ၊ လယ်သမားအကျိုးလည်း ကြည့်စမ်းပါဦးကွာ"

ကျွန်တော့်စကားကို အားမလိုအားမရဖြင့် အစ်ကိုကြီးက ပြောလာခြင်းဖြစ်သည်။ တကယ်တော့ ကျွန်တော့်အဖေရော အမေပါ တောက ဖြစ်ပါသည်။ အဖေ့ဇာတိက ကျုံတာရွာ။ အမေ့ဇာတိက သလိပ်ကြီးရွာ ဖြစ်ပါသည်။ အဖေနှင့်အမေ အိမ်ထောင်ကျသည့်အခါ တစ်မျိုးလုံးတစ်ဆွေလုံး တောမှာနေပြီး လယ်သမားတွေ ဖြစ်နေသဖြင့် **"ငါတို့တောမှာဆက်နေရင် ငါတို့သားသမီးတွေလည်း တောမှာနေပြီး အိမ်ထောင်ကျ။ လယ်သမားပဲ ဖြစ်နေမှာပဲ။ ဒီတော့ မြို့ပြောင်းပြီးနေမှဖြစ်မယ်"** ဟု အဖေက ဆုံးဖြတ်ကာ ကျိုက်လတ်သို့ ပြောင်းရွှေ့နေခဲ့ခြင်းဖြစ်သည်။ သည်သို့ဖြင့် ကျွန်တော်တို့ မောင်နှမလေးယောက် ကျိုက်လတ်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ အဖေက သူ့သားသမီးတွေကို အစိုးရဝန်ထမ်း၊ ကျောင်းဆရာ၊ ဆရာမဖြစ်စေချင်သည်။ ကျောင်းထားပေးသည်။ သို့ဖြစ်၍လည်း ကျွန်တော့်အစ်မ အငယ်နှင့်ညီမှာ ကျောင်းဆရာ၊ ဆရာမ ဖြစ်ခဲ့ကြသည်။

"လယ်သမားအကျိုးကြည့်ပါတယ် အစ်ကိုရာ။ ဓာတ်မြေသြဇာတွေ ဈေးကြီးနေတယ် ဆိုတာလည်း ကျွန်တော်တို့သိလို့ ဒီအစည်းအဝေးကို ချက်ချင်းလုပ်တာပါ"

"အဲဒီတော့ ဘယ်လိုအဖြေထွက်လဲ ပြောစမ်းပါဦး"

ကျွန်တော့်စကားမဆုံးခင် အစ်ကိုကြီးက အားမရ၍ ဖြတ်ပြီးမေးလိုက်ခြင်းဖြစ်သည်။ အစ်ကိုကြီးကား တင်းမာနေချေပြီ။

"ပြီးခဲ့တဲ့ တစ်နှစ်ကစပြီး တစ်ကမ္ဘာလုံးမှာ ကိုဗစ်ဖြစ်တာ၊ အစ်ကိုကြီးမှတ်မိတယ် မဟုတ်လား"

"မှတ်မိတယ်လေကွာ။ ဘာဖြစ်လို့လဲ။ ကိုဗစ်ဖြစ်လို့ကို မလေးရှားက ပြန်လာတဲ့ ထွန်းအေးရဲ့တူတောင် ဖျာပုံမှာ ဆုံးသွားသေးတယ်လေ"

"ဟုတ်တယ်၊ အဲဒီကိုဗစ်ဖြစ်တော့ ပထမလှိုင်း၊ ဒုတိယလှိုင်းမှာတော့ ကျွန်တော်တို့နိုင်ငံမှာ အသေအပျောက်တွေ သိပ်မများပေမယ့် ဒီတတိယလှိုင်းဖြစ်တဲ့ ကိုဗစ်ပိုးကျတော့ ကူးစက်လည်း မြန်တယ်။ အသေအပျောက်လည်း များတယ်"

## ကိုဗစ်နဲ့ ဓာတ်မြေသြဇာဈေး

"ဟုတ်တယ်လေကွာ။ မင်းကလည်း ဒီတတိယလှိုင်းမှာ ဒယ်လ်တာဗိုင်းရပ်စ်ကြောင့် ကိုဗစ်ဖြစ်ကြတယ်။ သေကြတယ်။ အဲဒီ ဒယ်လ်တာကိုဗစ်ဗိုင်းရပ်စ်နဲ့ ဓာတ်မြေသြဇာဈေးတက်တာ ဘာဆိုင်လဲကွ။ မင်းတို့က တစ်ခုခုဆို ကိုဗစ် ကိုဗစ်နဲ့ ကိုဗစ်ကို လွှဲချနေကြတာ။ ကိုဗစ်ဖြစ်တာနဲ့ ဓာတ်မြေသြဇာဈေးတက်တာ တခြားစီပဲလေကွာ"

အစ်ကိုကြီးက လုံးဝမလျှော့။ သူလိုချင်ရာ အတင်းဆွဲပြီး ပြောသည်။

"ဟုတ်ပါတယ်။ အပေါ်ယံကြည့်ရင်တော့ ကိုဗစ်ဖြစ်တာနဲ့ ဓာတ်မြေသြဇာဈေးတက်တာ ဘာမှမဆိုင်ဘူးလို့ တွေးလို့ရပါတယ်။ အဲ...ဒါပေမယ့် အစ်ကိုကြီးသိတဲ့အတိုင်း ကိုဗစ်ကူးစက်တာ များတော့ လူတွေအပြင်မထွက်ရဘူး။ အိမ်ထဲမှာနေရတယ်။ ရုံးတွေပိတ်ရတယ်၊ စက်ရုံအလုပ်ရုံတွေ ပိတ်ကြရတယ်"

"အေးလေ၊ မင်းပြောတာတွေ ငါသိတယ်။ လှိုင်သာယာစက်ရုံမှာ သွားပြီးအလုပ်လုပ်တဲ့ ကလေးတွေ ပထမတော့ အလုပ်ဆက်လုပ်ကြသေးတယ်။ နောက်တော့ အလုပ်မလုပ်ရဘဲ စက်ရုံတွေပိတ်တယ်။ အစပိုင်းတော့ စက်ရုံပိုင်ရှင်က လစာတစ်ဝက်ပေးသေးတယ်။ အခုတော့ လစာမပေးတော့ဘူးဆိုတော့ ဒုက္ခရောက်နေပြီ။ အခုမှ အစိုးရအလုပ်မလုပ်မိတာ နောင်တရနေကြတယ်။ မင်းတို့အစိုးရဝန်ထမ်းတွေကတော့ အလုပ်ပိတ်လည်း လစာအပြည့်ရနေတော့ အိုကေတာပေ့ါကွာ။ အဲ–နောက်ပြီး နိုင်ငံရေးလည်း ငါသွားပြီး စဉ်းစားမိတယ်ကွ။ (၈၈)အရေးအခင်းဖြစ်တုန်းက ဝန်ထမ်းတွေဆန္ဒပြပြီး ရုံးတွေပိတ်ကြတော့ အစိုးရယန္တရား ရပ်ဆိုင်းသွားတော့၊ အဲဒီတုန်းက တာဝန်ယူထားရတဲ့ အစိုးရပြုတ်ကျသွားပြီး တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ကြရတယ်"

စာမျက်နှာ ၂၂ သို့

❖ **မြေသြဇာမှာ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနဲ့ ဇီဝမြေသြဇာ ဆိုတာ ရှိတယ်။ ဓာတ်မြေသြဇာကတော့ အစ်ကိုကြီး သိပြီးသား။ သဘာဝမြေသြဇာ ဆိုတာလည်း အဆန်းတော့မဟုတ်ပါဘူး။ မြေဆွေးပေါ့။ မြေဆွေးလုပ်တာက လည်း အထူးမလိုပါဘူး။ စပါးခွံ၊ မြက်၊ ပေါင်းရွက်ခြောက်၊ ကောက်ရိုး၊ ပြောင်းရိုး၊ လွှစာမှုန့်၊ အသီးအရွက်အခွံ၊ ကော်ဖီကြိတ်ဖတ်အစို၊ ကြက်ဥဘဲဥခွံ၊ အသားစားပြီး စွန့်ပစ်တဲ့ အရိုး၊ ငါးအကြေးခွံ၊ အရိုးခြောက်နဲ့ စားလို့မရတဲ့ တိရစ္ဆာန်အသေကောင် တွေ။ ဒါတွေကိုရောပြီး စုပုံထားတာနဲ့ ဒါမှမဟုတ် ကျင်းကြီးထဲ ထည့်ပြီးထားရင်၊ သုံးလလောက်ကြာရင် မြေဆွေး ဖြစ်သွားတာပဲ**

# အိမ်မဲမြို့နယ်အတွင်းရှိ ဝါဆိုသံဃာများ၊ သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆားများ ဆက်ကပ်



**အိမ်မဲ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက မြို့နယ်အတွင်းရှိ ဝါဆိုသံဃာများ၊သီလရှင်များအား ဆွမ်းဆန်၊ ဆီ၊ ဆားများ ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့က ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် ဇဟိုဝန်ဆောင် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသော ဆရာတော် အရှင်သူမြတ်များက ပရိတ်တရားများ ချီးမြှင့်သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး မောင်မောင်ငြိမ်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့ပြီး တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဝါဆိုသံဃာ၁၀၅၈ ပါး၊ သီလရှင် ၄၇ ပါးတို့အတွက် တစ်ပါးလျှင် ဆွမ်းဆန်ခြောက်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ဆား ၂၅ ကျပ်သားနှုန်းဖြင့်စုစုပေါင်း ဆွမ်းဆန် ၂၇၇ အိတ်၊ ဆီ ၂၇၆ ပိဿာ၊ ဆား ၂၇၆ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းကာ ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

**ချစ်သက်လယ်( ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

"အခုကျတော့ လက်ရှိအစိုးရက ကိုဗစ်ကြောင့် လူတွေကူးစက်မှာစိုးလို့ ရုံးတွေကို တရားဝင် ပိတ်ပေးတယ်။ ငါတို့ထင်တာက ခဏပဲထင်တာ။ အခုတော့ နှစ်လလောက်ဖြစ်နေပြီ။ ရုံးက ပိတ်ထားတုန်း။ သူတို့ရုံးမတက်ရင် အစိုးရပြုတ်ကျမှာပဲ ထင်ပြီး CDM လုပ်တဲ့ဝန်ထမ်းတွေ အခု ကောင်းကောင်း နောင်တရနေပြီ။ အစိုးရက ပြုတ်မကျရုံမက ကိုဗစ်ကူးမှာစိုးလို့ ရုံးတောင် ထပ်ပိတ်ပေးနေသေးတယ်။ အစိုးရဝန်ထမ်းအလုပ်ကို သူများပြောလို့ နားယောင်ပြီး CDM လုပ်ခဲ့တဲ့ကောင်တွေ အခု ရွာပြန်လာပြီး အလုပ်ကလည်းထုတ်ခံရ၊ လစာလည်းမရ။ အကြီးအကျယ်နောင်တရနေကြတယ်။ အဲ.. ငါ့စကားကလည်း ဓာတ်မြေဩဇာကနေ CDM ရောက်သွားတယ်။ အဲဒါနဲ့ မင်းပြောတဲ့ ကိုဗစ်နဲ့ ဓာတ်မြေဩဇာဈေးတက်တာ ဘာဆိုင်လို့လဲကွ"

အစ်ကိုကြီးက သူ့စကားကိုသူ အဆုံးသတ်လိုက်ရင်း သူသိလိုသည်ကို ပြန်ပြီးမေးခွန်းထုတ်လာသည်။

"အစ်ကိုကြီးကလည်း အစ်ကိုကြီးစကားထဲမှာ အဖြေကပါပြီးသွားပြီလေ။ ကိုဗစ်ဖြစ်တော့ စက်ရုံ အလုပ်ရုံတွေပိတ်တယ်။ အဲဒီတော့ ထုတ်လုပ်မှု ကျဆင်းတယ်။ အဲဒါ ကျွန်တော်တို့ တစ်နိုင်ငံတည်း ဖြစ်တာမဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာဖြစ်တာ။ အဲဒီတော့ ဓာတ်မြေဩဇာထုတ်တဲ့ နိုင်ငံတွေမှာလည်း စက်ရုံ၊ အလုပ်ရုံတွေပိတ်တော့ ဓာတ်မြေဩဇာ ထုတ်လုပ်မှု ကျဆင်းတာပေါ့။ ဒီကြားထဲ မြို့မှာ ကျပ်ကျပ်တည်းတည်းနေရတာထက် တောမှာ ကျယ်ကျယ်ဝန်းဝန်းနေရတာ ရောဂါကူးစက်မှုနည်းတာကြောင့် လူတွေက တောကို ပြန်လာကြတယ်။ ပထမတော့ ကိုယ့်ရွာကိုယ် ပြန်လာတော့ ပျော်တာပေါ့။ အဲ-ဒါပေမယ့် အလုပ်လုပ်ဖို့ကြတော့ တောရွာမှာ စိုက်ရေးပျိုးရေးလုပ်တာက ကျန်းမာရေးအညီညွတ်ဆုံးလေ။ ဒီတော့ စိုက်ပျိုးဖို့ကြတော့ ဓာတ်မြေဩဇာလိုတယ်။ ဒီတော့ ဓာတ်မြေဩဇာက ထုတ်လုပ်တာကနည်းပြီး ဝယ်ချင်တဲ့သူများတော့ ဈေးတက်ပြီပေါ့"

"အေး ဒါကတော့ ဖြစ်တတ်တဲ့သဘောပဲလေကွာ။ ငါလက်ခံပါတယ်။ အဲ- ဒါပေမယ့် နိုင်ငံခြားကမှာမှ ဓာတ်မြေဩဇာကရမှာလား။ တို့နိုင်ငံက အရင်အစိုးရတွေလက်ထက်မှာ တည်ထားခဲ့တဲ့ စလေတို့၊ ကျွန်းချောင်းတို့၊ မြောင်းတကာတို့၊ ကန်ကြီးဒေါင့်တို့မှာလည်း ဓာတ်မြေဩဇာစက်ရုံတွေ ရှိတယ် မဟုတ်လား။ အဲဒီစက်ရုံတွေကရော မထုတ်လုပ်နိုင်ဘူးလား"

"အား..အစ်ကိုကြီးက တယ်ပြီးသိပါလား"

ကျွန်တော်က အစ်ကိုကြီး၏ လေ့လာမှုကို အသိအမှတ်ပြုလိုက်ပါသည်။

"မင်းအစ်ကိုပဲကွာ၊ ဒီလောက်တော့သိတာပေါ့။ အဲဒါနဲ့ ငါသိချင်တာပြောစမ်းပါဦး။ တို့ပြည်တွင်း စက်ရုံတွေက လောက်အောင် မထုတ်လုပ်နိုင်ဘူးလား"

"ဟုတ်တယ် အစ်ကိုကြီး၊ အစ်ကိုကြီးပြောတဲ့ စက်ရုံတွေမှာ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ စလေတို့၊ ကျွန်းချောင်းတို့က စက်ရုံတွေမလည်ပတ်နိုင်တော့ဘူး။ အခု မှော်ဘီမြောင်းတကာနဲ့ ကန်ကြီးဒေါင့်စက်ရုံနှစ်ရုံကပဲ ဓာတ်မြေဩဇာထုတ်နိုင်တော့တာ။ အဲဒီစက်ရုံနှစ်ရုံကလည်း တစ်နှစ်မှ ဓာတ်မြေဩဇာ ၁ ဒသမ ၂ သိန်းတန်လောက်ပဲ ထုတ်လုပ်နိုင်တာ။ ဓာတ်မြေဩဇာအိတ်ပေါင်း ၂၄၀၀၀၀ လောက်ပဲ ထုတ်နိုင်တာ။ တကယ်တော့ ကျွန်တော်တို့ တစ်နိုင်ငံလုံး ဓာတ်မြေဩဇာ လိုအပ်ချက်က တန် ၁၂ သိန်းကနေ ၁၅ သိန်းလောက် လိုအပ်တာ။ အဲဒါကြောင့် လက်ရှိအစိုးရက ရပ်ထားတဲ့နိုင်ငံပိုင်စက်ရုံတွေ လည်ပတ်နိုင်အောင် ကြိုးစားနေတာ"

## ဘယ်လိုလုပ်ကြရမှာလဲ

"အေး ငါသဘောပေါက်တယ်။ စက်မှုဝန်ကြီးစပြီးလည်း ခန့်လိုက်ရော ရပ်နားထားတဲ့ စက်ရုံတွေ လည်ပတ်နိုင်ဖို့ တောက်လျှောက်လိုက်ပြီး သွားနေတာ သတင်းစာမှာရော၊ တီဗွီမှာရော တွေ့နေရတယ်။ အဲဒီတော့ တို့လယ်သမားတွေက မြေဩဇာလိုအပ်ချက် ဘယ်လိုလုပ်ကြရမှာလဲ။ ဒီလိုပဲ ငုတ်တုတ်ထိုင်နေကြရတော့မှာလား"

"ဒီလိုတော့ မဟုတ်ပါဘူး အစ်ကိုကြီးရာ။ အစ်ကိုကြီး မြန်မာစကားပုံ၊ ဟိုစကားပုံကြားဖူးတယ်မလား"

"ဘယ် စကားပုံလဲ။ မင်းကလည်း ဖုန်းဖိုးတက်အောင် စကားကိုလှည့်ပတ်ပြီး ပြောနေပြန်ပြီ"

"ဟို စကားပုံလေ အစ်ကိုကြီးရ။ **'အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်လည်'** ဆိုတဲ့ စကားပုံလေ"

"မင်းစကားပုံနဲ့ ဓာတ်မြေဩဇာရှားတာနဲ့ ဘာဆိုင်လို့လဲကွ"

"ဩော် အစ်ကိုကြီးကလည်း ဓာတ်မြေဩဇာဆိုတာ လွန်ခဲ့တဲ့ နှစ် ၄-၅၀။ ကျွန်တော်တို့ ငယ်ငယ်က ပေါ်တာတောင်မဟုတ်သေးဘူး။ အဲဒီတုန်းက ကျွန်တော်တို့အဖေတွေ၊ အဘိုးတွေ ဓာတ်မြေဩဇာမသုံးဘဲ သဘာဝမြေဩဇာဖြစ်တဲ့ နွားချေးတို့၊ ဆိတ်ချေးတို့၊ သစ်ရွက်ဆွေးတို့၊ ဒါတွေပဲ သုံးခဲ့ကြတာပဲလေ။ အဲ.. လယ်ထဲဆိုလည်း အစ်ကိုကြီး သိတာပဲ၊ ကောက်ရိုး ရိုးပြတ်တွေကို ဒီအတိုင်းထားတာပဲ။ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီး လယ်ထဲရေတင်လာရင် ထယ်ထိုး၊ ထွန်မွှေပြီး အဲဒီရိုးပြတ်တွေကို ပုပ်အောင်ထား၊ ပြီးတော့ စက်တုံးနဲ့ခုတ်၊ ထွန်ပြန်ပြီးမွှေ။ လယ်တွေဆိုကောင်းမှကောင်း၊ စပါးတွေဆို သီးမှသီး၊ အဲဒီတုန်းက ပြောစကားတောင်ရှိသေးတယ်။ **'ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ'** လေ"

"ငါ့ညီက ဘယ်ဆိုးလို့လဲ။ ငါတို့ငယ်ငယ်တုန်းက စက်တုံးလိုက်ပြီးစီးတာကို မမေ့သေးဘဲကိုး။ အေး ဒါနဲ့ နွားချေးလောက်နဲ့က မလောက်ဘူးကွ။ ကျန်တဲ့ဟာ ဘာတွေလုပ်ရင်ကောင်းမလဲ"


အစ်ကိုကြီး ဓာတ်မြေဩဇာဈေးကြီး၍ ဈေးသက်သာပြီး ပြည်တွင်းမှာရနိုင်မည့်ကိစ္စကို စိတ်ဝင်စားလာသည်။

"ဒါကတော့ အစ်ကိုကြီးရယ်။ မြေဩဇာမှာ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနဲ့ ဇီဝမြေဩဇာ ဆိုတာရှိတယ်။ ဓာတ်မြေဩဇာကတော့ အစ်ကိုကြီး သိပြီးသား။ သဘာဝမြေဩဇာဆိုတာလည်း အဆန်းတော့မဟုတ်ပါဘူး။ မြေဆွေးပေါ့။ မြေဆွေး လုပ်တာကလည်း အထူးမလိုပါဘူး။ စပါးခွံ၊ မြက်၊ ပေါင်းရွက်ခြောက်၊ ကောက်ရိုး၊ ပြောင်းရိုး၊ လွှစာမှုန့်၊ အသီးအရွက်အခွံ၊ ကော်ဖီကြိတ်ဖတ်အစို၊ ကြက်ဥဘဲဥခွံ၊ အသားစားပြီး စွန့်ပစ်တဲ့ အရိုး၊ ငါးအကြေးခွံ၊ အရိုးခြောက်နဲ့ စားလို့မရတဲ့ တိရစ္ဆာန်အသေကောင်တွေ။ ဒါတွေကိုရောပြီး စုပုံထားတာနဲ့ ဒါမှမဟုတ် ကျင်းကြီးထဲ ထည့်ပြီးထားရင်၊ သုံးလလောက်ကြာရင် မြေဆွေးဖြစ်သွားတာပဲ။ အဲဒီ မြေဆွေးကို ထည့်ရင်လည်း သဘာဝမြေဩဇာပဲလေ။ ဓာတ်မြေဩဇာထက်ပိုကောင်းတယ်။ မြေကျစ်သွားတာ ပျက်သွားတာ မဖြစ်ဘူး။ အသေးစိတ်ကိုတော့ ကျွန်တော်နောက်မှ ထပ်ပြီး ပြောပါမယ်"

"အစ်ကိုလည်းသိတာပဲ။ သစ်ရွက်ခြောက်တွေကို အမှိုက်လှဲ၊ စုပုံပြီး ခြောက်လက်မ တစ်ထပ်လောက်ခင်း၊ အီးအမ်ရည်လောင်း၊ နောက်တစ်ထပ်ထပ်ပြီးပုံ၊ အီးအမ်လောင်း၊ အမြင့် နှစ်ပေ၊ သုံးပေလောက်ရရင် မိုးကာ ဒါမှမဟုတ် တာရပတ်နဲ့ လုံအောင်ဖုံးထား။ ၃-၄ လ နေရင် သဘာဝမြေဩဇာဖြစ်ပြီးသုံးနိုင်ပြီ"



ပိုက်ဆံလျှော် ကြဲပက်စိုက်ပျိုးခြင်း။



ပိုက်ဆံလျှော် အတန်းလိုက်စိုက်ပျိုးခြင်း။

## ဓာတ်မြေဩဇာရဲ့ အဘ

"အဲ..နောက်ပြီးအစ်ကိုလည်းသိပါတယ်။ ပဲတီစိမ်းတို့၊ ပိုက်ဆံလျှော်တို့ကို စပါးမစိုက်ခင် လယ်ထဲကြဲလိုက်။ ပေါက်လာလို့ တစ်ထွာ၊ တစ်တောင်လောက်ဖြစ်လာရင် ထယ်ထိုးထွန်မွှေပြီးရင် တစ်ခါထပ်ကြဲ၊ တစ်ခါ- တစ်ထွာတစ်တောင်လောက် ဖြစ်လာရင် ထယ်ထိုးထွန်မွှေ၊ နှစ်ခါလောက် လုပ်ပြီးရင် စပါးစိုက်ပေတော့။ ဓာတ်မြေဩဇာကတောင် အဘခေါ်ရမယ့် သဘာဝဓာတ်မြေဩဇာပဲလေ။"

"ကဲ.. ကိုအောင်ရေ ငါသဘောပေါက်ပါပြီ။ ဒါတွေက တို့လယ်သမားတွေ သိပြီးသားပါကွာ။ အလွယ်လိုက်နေကြလို့ပါ။ ငါပြောလိုက်မယ် **"ဓာတ်မြေဩဇာရဲ့ အဘ"** လာပြီလို့။ အေး ဒါပေမယ့် အခုတော့ ဖုန်းနဲ့နားကပ်ထားရလို့ နားပူလှပြီ။ အဲဒီသဘာဝမြေဩဇာလုပ်နည်း အသေးစိတ်တော့ မင်းအားတဲ့အချိန် ထပ်ပြီးဆက်ပေးပါဦးကွာ။"

ပြောပြောဆိုဆိုဖြင့် အစ်ကိုကြီး ကျေနပ်စွာ ဖုန်းချသွားပါသည်။ ။

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၅) မှာ ဝက်စ်ဟမ်းနဲ့ မန်ယူ၊ စပါးနဲ့ ချယ်ဆီးအသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ပွဲစဉ် (၄) ယှဉ်ပြိုင်ကစားအပြီးမှာ မန်ယူ၊ ချယ်ဆီး၊ လီဗာပူးနဲ့ အဲဗာတန်အသင်းတို့က ရမှတ် ၁၀ မှတ်စီ ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် ယခုအပတ်ပွဲစဉ်မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရမှတ်ဆုံးရှုံးသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ခံစစ်အားနည်းတဲ့ စပါးကို တိုက်စစ်အားသန်တဲ့ ချယ်ဆီး အနိုင်ယူနိုင်မလား

စပါး VS ချယ်ဆီး

Tottenham Hotspur Stadium

19–9–2021 (SUNDAY) Kick–Off 10:00 PM

လက်ရှိအမှတ်ပေးဇယားမှာ ချယ်ဆီးအသင်းက စပါးအသင်းအထက် ရမှတ် ၁၀ မှတ်နဲ့ ရပ်တည်နေပေမယ့်လည်း ဒီနှစ်သင်းရဲ့ ရမှတ်ကွာဟမှုက တစ်မှတ်သာရှိတာကြောင့် ယခုပွဲစဉ်က အကြိတ်အနယ်ရှိလာမှာ အသေအချာပါပဲ။ စပါးအသင်းအနေနဲ့ ပရီမီယာလိဂ်ပွဲစဉ် (၄) အပြီးမှာ သုံးပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားပါတယ်။ ဒါ့အပြင် အနိုင်ရရှိခဲ့တဲ့ သုံးပွဲမှာ ရဂိုးက သုံးဂိုးသာရှိပြီး ပေးဂိုးက သုံးဂိုးအထိ ပြန်လည်ခွင့်ပြုပေးထားရတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းမှာ လိုအပ်ချက်ရှိနေတာကို တွေ့နိုင်ပါတယ်။

ပြိုင်ဘက် ချယ်ဆီးအသင်းက ပရီမီယာလိဂ်လေးပွဲမှာ သုံးပွဲနိုင်ပြီး တစ်ပွဲ သရေကျထားပါတယ်။ အဲဒီလေးပွဲမှာ ရဂိုးက ကိုးဂိုးအထိရှိပြီး ပေးဂိုးက တစ်ဂိုးသာရှိတာကြောင့် စပါးအသင်းထက် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းမှာ သာလွန်နေတာကို တွေ့ရတယ်။ ဒါ့အပြင် အသင်းမှ တိုက်စစ်မှူး လူကာကူကလည်း ပြီးခဲ့တဲ့နှစ်ပွဲမှာ သုံးဂိုးအထိ သွင်းယူကာ ခြေစွမ်းပြသထားတာကို တွေ့ရတယ်။ စပါးအသင်းရဲ့ အဓိက တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ ပြီးခဲ့တဲ့သုံးပွဲမှာ ဂိုးသွင်းယူထားနိုင်ခြင်း မရှိပါဘူး။

ဒီနှစ်သင်းရဲ့ ယမန်နှစ်က ပရီမီယာလိဂ်မှာ တွေ့ဆုံခဲ့တဲ့ နှစ်ကြိမ်ကို ပြန်ကြည့်ရင် ချယ်ဆီးအသင်းက အိမ်ကွင်းမှာ ဂိုးမရှိသရေကျထားပြီး အဝေးကွင်းမှာ တစ်ဂိုး–ဂိုးမရှိနဲ့ စပါးအသင်းကို အနိုင်ရရှိထားပါတယ်။ စပါးအသင်းဟာ ပြီးခဲ့တဲ့ ပွဲစဉ်မှာ ပဲလေ့စ်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ယခုပွဲစဉ်ကို သေချာပေါက် အားစိုက်ကစားလာမှာပါ။ ချယ်ဆီးအသင်းကလည်း အမှတ်ပေးဇယားကို ဦးဆောင်နိုင်ရေးအတွက် အနိုင်ရရှိရေးကို ဦးတည်လာမှာပါ။ မည်သို့ပင်ဆိုစေ ခံစစ်အားနည်းတတ်တဲ့ စပါးကို တိုက်စစ်ထက်မြက်နေတဲ့ ချယ်ဆီး ကျော်ဖြတ်သွားနိုင်မလားဆိုတာ။

## စပါးအသင်း၏ ပြိုင်ပွဲစုံ နောက်ဆုံး သုံးပွဲအခြေအနေ

| | | | | |
|---|---|---|---|---|
| ၂၉-၈-၂၀၂၁ | စပါး | ၁ - ၀ | ဝက်ဖို့ဒ် | ပရီမီယာလိဂ် |
| ၁၁-၉-၂၀၂၁ | ပဲလေ့စ် | ၃ - ၀ | စပါး | ပရီမီယာလိဂ် |
| ၁၆-၉-၂၀၂၁ | ရင်းနက်စ် | ၂ - ၂ | စပါး | ကွန်ဖရင့်လိဂ် |

## ချယ်ဆီးအသင်း၏ ပြိုင်ပွဲစုံ နောက်ဆုံး သုံးပွဲအခြေအနေ

| | | | | |
|---|---|---|---|---|
| ၂၈-၈-၂၀၂၁ | လီဗာပူး | ၁ - ၁ | ချယ်ဆီး | ပရီမီယာလိဂ် |
| ၁၁-၉-၂၀၂၁ | ချယ်ဆီး | ၃ - ၀ | ဗီလာ | ပရီမီယာလိဂ် |
| ၁၅-၉-၂၀၂၁ | ချယ်ဆီး | ၁ - ၀ | ဇင်းနစ် | ချန်ပီယံလိဂ် |



# ရိုးမားကို ဦးဆောင်ဂိုးများသွင်းနိုင်သော်လည်း သရေနဲ့သာကျေနပ်ခဲ့ရသည့် လက်စတာ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်အဖွင့်ပွဲစဉ်အဖြစ် အုပ်စု (C) မှ လက်စတာနှင့် နာပိုလီအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက လက်စတာ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

လက်စတာနှင့် နာပိုလီအသင်းတို့သည် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စု (C) တွင် လီဂီယာ ဝါစ်ဇာဝါ၊ စပါးတပ်စ်အသင်းတို့နှင့်အတူ ကျရောက်နေသည်။ ပွဲစဉ် (၁) ယှဉ်ပြိုင်ကစားအပြီးတွင် အဆိုပါ အုပ်စုကို ဝါစ်ဇာဝါအသင်းက ရမှတ် ၃ မှတ်ဖြင့် ဦးဆောင်ထားသည်။

လက်စတာအသင်းအနေဖြင့် အားထားရသည့် ရှမိုက်ကယ်၊ ဒါကာ၊ အီဟီယာနာချို၊ ဘားနက်စ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ နာပိုလီအသင်းကလည်း အော့စ်ပီနာ၊ ဖေဘီယန်၊ အစ်ဆစ်ဂနီ၊ အိုစင်မန်၊ လိုဇာနိုစသည့် ကစားများဖြင့် လက်စတာအသင်းကိုရင်ဆိုင်လာခဲ့သည်။

ဦးဆောင်ဂိုးကို လက်စတာအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ကိုးမိနစ်တွင် ဘားနက်စ်၏ ဖန်တီးမှုမှတစ်ဆင့် အယိုဇီ ပီရက်ဇ်က သွင်းယူပေးခဲ့သည်။ ထို့နောက် နာပိုလီအသင်းက ချေပဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို လက်စတာအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။



ဒုတိယပိုင်းပွဲချိန် ၆၄ မိနစ်တွင် လက်စတာအသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို အီဟီယာနာချို၏ ဖန်တီးမှုမှတစ်ဆင့် ဘားနက်စ်က သွင်းယူပေးခဲ့သည်။ ထို့နောက် နာပိုလီအသင်းက ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၆၉ မိနစ်တွင် ဖေဘီယန်၏ ဖန်တီးမှုမှတစ်ဆင့် အိုစင်မန်က သွင်းယူပေးခဲ့သည်။ နာပိုလီအသင်းအတွက် ဒုတိယချေပဂိုးကိုလည်း ပွဲချိန်ပြီးခါနီးတွင် အိုစင်မန်က ပင် ပိုလီတာနို၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

မိနစ် ၉၀ တွင် လက်စတာအသင်းမှ အင်ဒီဒီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

## နောက်ဆုံးရသတင်းတိုများ

- ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်သည် မန်ယူအသင်း၌ ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်လာပြီ ဖြစ်ကြောင်း သိရသည်။
- အဲဗာတန်နည်းပြ ဘင်နီတက်ဇ်သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းဗဟိုခံစစ်ကစားသမားတစ်ဦးကို ဦးစားပေးခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ယမန်နေ့က ယူရိုပါလိဂ်ပြိုင်ပွဲအဖြစ် ဒိုင်နမိုဇာဂရက်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။
- ဂျူဗင်တပ်စ်အသင်းသည် အာဆင်နယ်အသင်းမှ လာကာဇက် (၃၀နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- နည်းပြဆိုးလ်ရှား၏ အဆိုအရ ကွင်းလယ်ကစားသမား လင်ဂတ် (၂၈နှစ်) သည် အိုးထရက်ဖို့ဒ်မှ ထွက်ခွာသွားမည်မဟုတ်ကြောင်း သိရသည်။
- တိုက်စစ်ကစားသမား မာတီနက်ဇ်သည် အင်တာမီလန်အသင်းနှင့် စာချုပ်သစ်ဆိုရန် နီးစပ်လာပြီ ဖြစ်သည်။

## ပရီမီယာလိဂ် ပွဲစဉ် (၅)

| | | |
|---|---|---|
| ၁၈-၉-၂၀၂၁ | | စနေနေ့ |
| ဝုဖ် - ဘရန့်ဖို့ဒ် | ည | ၆:၀၀ |
| ဘန်လေ - အာဆင်နယ် | ည | ၈:၃၀ |
| လီဗာပူး - ပဲလေ့စ် | ည | ၈:၃၀ |
| မန်စီးတီး - ဆောက်သမ်တန် | ည | ၈:၃၀ |
| နော့ဝှစ်ချ် - ဝက်ဖို့ဒ် | ည | ၈:၃၀ |
| ဗီလာ - အဲဗာတန် | ည | ၁၁:၀၀ |
| ၁၉-၉-၂၀၂၁ | | တနင်္ဂနွေနေ့ |
| ဘရိုက်တန် - လက်စတာ | ည | ၇:၃၀ |
| ဝက်စ်ဟမ်း - မန်ယူ | ည | ၇:၃၀ |
| စပါး - ချယ်ဆီး | ည | ၁၀:၀၀ |

## လီဂူးဝမ်း ပွဲစဉ် (၆)

| | | |
|---|---|---|
| ၁၈-၉-၂၀၂၁ | | စနေနေ့ |
| လန်းစ် - လိုင်လီ | ည | ၉:၃၀ |
| စိန့်အက်တီယန် - ဘော်ဒိုး | နံနက် | ၁:၃၀ |
| ၁၉-၉-၂၀၂၁ | | တနင်္ဂနွေနေ့ |
| နိုက်စ် - မိုနာကို | ည | ၅:၃၀ |
| အိန်ဂျား - နန့်တက်စ် | ည | ၇:၃၀ |
| ကလီမွန့် - ဘရက်စ် | ည | ၇:၃၀ |
| ရိမ်းစ် - လော်ရီရန့် | ည | ၇:၃၀ |
| ထရိုင်းယက်စ် - မောင့်ပယ်လီယာ | ည | ၇:၃၀ |
| မာဆေးလ် - ရင်းနက်စ် | ည | ၉:၃၀ |
| ပီအက်စ်ဂျီ - လိုင်ယွန် | နံနက် | ၁:၁၅ |

## စီးရီးအေ ပွဲစဉ် (၄)

| | | |
|---|---|---|
| ၁၈-၉-၂၀၂၁ | | စနေနေ့ |
| ဂျီနိုအာ - ဖီအိုရင်တီးနား | ည | ၇:၃၀ |
| အင်တာမီလန် - ဘိုလော့နာ | ည | ၁၀:၃၀ |
| စလာနီတာနာ - အတ္တလန္တာ | နံနက် | ၁:၁၅ |
| ၁၉-၉-၂၀၂၁ | | တနင်္ဂနွေနေ့ |
| အမ်ပိုလီ - ဆမ်ဒိုးရီးယား | ည | ၅:၀၀ |
| ဗင်နီဇီယာ - စပီဇီယာ | ည | ၇:၃၀ |
| ဗီရိုနာ - ရိုးမား | ည | ၁၀:၃၀ |
| လာဇီယို - ကက်ဂလီ | ည | ၁၀:၃၀ |
| ဂျူဗင်တပ်စ် - အေစီမီလန် | နံနက် | ၁:၁၅ |
| ၂၀-၉-၂၀၂၁ | | တနင်္လာနေ့ |
| အူဒီးနိစ် - နာပိုလီ | နံနက် | ၁:၁၅ |

## လာလီဂါ ပွဲစဉ် (၅)

| | | |
|---|---|---|
| ၁၈-၉-၂၀၂၁ | | စနေနေ့ |
| ဗယ်လက်ကာနို - ဂီတာဖေး | ည | ၆:၃၀ |
| အေတီမက် - ဘီလ်ဘာအို | ည | ၈:၄၅ |
| အယ်ချီ - လီဗန်တေး | ည | ၁၁:၀၀ |
| အဲလ်ဗက်စ် - အိုဆာဆူနာ | နံနက် | ၁:၃၀ |
| ၁၉-၉-၂၀၂၁ | | တနင်္ဂနွေနေ့ |
| မာလော့ကာ - ဗီလာရီးရဲ | ည | ၆:၃၀ |
| ဆိုစီဒက် - ဆီဗီလာ | ည | ၈:၄၅ |
| ဘက်တစ် - အက်စ်ပန်ညို | ည | ၁၁:၀၀ |
| ဗလင်စီယာ - ရီးရဲမက်ဒရစ် | နံနက် | ၁:၃၀ |
| ၂၀-၉-၂၀၂၁ | | တနင်္လာနေ့ |
| ဘာစီလိုနာ - ဂရန်နာဒါ | နံနက် | ၁:၁၅ |

■ မိုးဇက် - စုစည်းသည်

## အာဖဂန်အမျိုးသမီးဘောလုံးအသင်း ပါကစ္စတန်သို့ ထွက်ပြေးလာ



ပါကစ္စတန်သို့ရောက်ရှိလာသည့် အာဖဂန်အမျိုးသမီးဘောလုံးအသင်းသားများကိုတွေ့ရစဉ်။

အာဖဂန်နစ္စတန် အမျိုးသမီးဘောလုံးအသင်းမှ အသင်းသားများသည် နယ်စပ်ကိုဖြတ်ကျော်ကာ ပါကစ္စတန်သို့ ထွက်ပြေးလာကြသည်ဟု အရာရှိများက စက်တင်ဘာ ၁၆ ရက်တွင် ပြောသည်။ အငယ်တန်း အားကစားသမားများနှင့် နည်းပြများ၊ ၎င်းတို့၏ မိသားစုဝင်များသည် လွန်ခဲ့သည့်လအတွင်းက အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ ထွက်ပြေးလာနိုင်ရေးကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း ကဘူးလ်လေဆိပ်တွင် ကြောက်မက်ဖွယ် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၎င်းတို့ သောင်တင်နေခဲ့ရသည်ဟု အသင်းနှင့် နီးစပ်သူက အေအက်ဖ်ပီသို့ပြောသည်။ ၎င်းတို့ကို ကယ်တင်ပေးရေးအတွက် အကူအညီတောင်းခံသည့်စာ လက်ခံရရှိခဲ့ပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းထံ စာရေးသားခဲ့သည်ဟု အင်္ဂလန်အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ဘောလုံးအားကစား ငြိမ်းချမ်းရေးသံတမန် တာဒါနာဗီဟိုင်ဒါက ပြောသည်။ မြောက်ဘက်နယ်စပ်ကို ဖြတ်ကျော်လာသူ စုစုပေါင်း ၇၅ ဦးရှိပြီး လာဟိုးမြို့သို့မရောက်မီ ၎င်းတို့ကိုပန်းကုံးများဖြင့်ကြိုဆိုခဲ့ကြသည်။ ထွက်ပြေးလာသူအမျိုးသမီးဘောလုံးအသင်းသားများမှာ အသက် ၁၄နှစ်အောက်၊ ၁၆နှစ်အောက်နှင့် ၁၈နှစ်အောက်တို့ဖြစ်ကြသည်။ အာဖဂန်နစ္စတန်ကိုချုပ်ကိုင်ထားသည့်တာလီဘန်များသည် ၁၉၉၀ ပြည့်နှစ် ၎င်းတို့လွှမ်းမိုး အုပ်ချုပ်စဉ်ကတည်းက အမျိုးသမီးများနှင့် မိန်းကလေးများကို အားကစားပြုလုပ်ခွင့်ကန့်သတ်ထားသည်။ အမျိုးသမီးများ အားကစားပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် မလိုအပ်ဟု တာလီဘန်အဆင့်မြင့်အရာရှိတစ်ဦးက ဩစတြေးလျမီဒီယာသို့ ပြောသည်။

## ဖီဖာ ကလပ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ဘရာဇီးကြိုးပမ်း

FIFA

ယခုနှစ်အတွက် ဖီဖာ ကလပ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် ဂျပန်နိုင်ငံက နောက်ဆုတ်သွားပြီးနောက် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ကြိုးစားလျက်ရှိသည်ဟု အာဏာပိုင်များက စက်တင်ဘာ ၁၆ ရက်တွင် ပြောသည်။ ဘရာဇီးနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းလျော့ကျလာပြီးနောက် ကန့်သတ်ချက်များဖြေလျှော့ထားရာ ယခုလိုကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဖီဖာ ကလပ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးမှုများကိုစတင်နေပြီဖြစ်ကြောင်း ရီယိုဒီဂျနေးရိုးမြို့ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ပီဒရိုပေါ်လိုက ပြောသည်။ မာရာကာနာနှင့်အိုလံပစ် အားကစားရုံကြီးတို့တွင် တစ်ပြိုင်နက်ပြိုင်ပွဲကျင်းပနိုင်သည်ဟုလည်း ၎င်းကပြောသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဂျပန်ဘောလုံးအဖွဲ့ချုပ်က ဂျပန်နိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်မှုအခြေအနေများကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပရန် မဖြစ်နိုင်ဟု ပြောကြားခဲ့သည်။

အောင် – ရေးသားသည်

## ဟော်ကီအမျိုးသားအာရှတံခွန်စိုက်ဆုဖလားပြိုင်ပွဲကို ဒီဇင်ဘာလသို့ရွှေ့ဆိုင်း

ဒီနှစ်အောက်တိုဘာလမှာ ဒါကာမှာ ကျင်းပမယ့် ဟော်ကီအမျိုးသားအာရှတံခွန်စိုက်ဆုဖလားပြိုင်ပွဲကို ဒီဇင်ဘာလမှာ ကျင်းပဖို့ ရွှေ့ဆိုင်းလိုက်တယ်လို့ ဘင်္ဂလားဒေ့ရှ် ဟော်ကီအဖွဲ့ချုပ်က စက်တင်ဘာ ၁၇ ရက်က အတည်ပြုပြောကြားလိုက်ပါတယ်။

အာရှတံခွန်စိုက်ဖလား ပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှာ ကျင်းပသွားပါမယ်လို့ ဘင်္ဂလားဒေ့ရှ် ဟော်ကီအဖွဲ့ချုပ်က အတည်ပြုခဲ့ပါတယ်။

ကိုဗစ်–၁၉ အခြေအနေအားရကျေနပ်ဖွယ်မကောင်းတာကတစ်ကြောင်း၊ ခရီးသွားကန့်သတ်ချက်တွေရှိနေတာကတစ်သွယ်၊ နှစ်ပတ်တာ ရောဂါခြေချုပ်နဲ့နေရမယ့်ကာလကလည်း တစ်မျိုး၊ အမျိုးမျိုးသောအခြေအနေတွေကြောင့် နိုင်ငံတကာပွဲကို စီစဉ်ကျင်းပဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်တဲ့အတွက် ရွှေ့ဆိုင်းဖို့ ဆုံးဖြတ်ချက်ချလိုက်ရတာဖြစ်ပါတယ်။

ဟော်ကီပြိုင်ပွဲကို အရင်က အောက်တိုဘာ ၁ ရက်ကနေပြီး ၉ ရက်အထိ ကျင်းပဖို့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။

အခြေအနေတွေအားလုံးပေါ် မူတည်ပြီး အမျိုးသမီး ဟော်ကီအာရှတံခွန်စိုက်ဖလားပြိုင်ပွဲကိုလည်း ရွှေ့ဆိုင်းခဲ့ရပါတယ်။ သို့သော်လည်း တရားဝင်အတည်ပြုခြင်းတော့မရှိသေးပါဘူး။ စီစဉ်ထားတဲ့အတိုင်း ဖြစ်လာမယ်ဆိုရင်တော့ အမျိုးသမီးပွဲစဉ်ကို အောက်တိုဘာ ၂၄ ရက်ကနေ ၃၁ ရက်အထိ တောင်ကိုရီးယားနိုင်ငံ ဒွန်ဟဲမှာ ကျင်းပမယ်လို့ သိရပါတယ်။



လင်းခေတ်ဆန် – စုစည်းသည်

## ရာဖေးလ်နာဒယ် ခြေထောက်ဒဏ်ရာကြောင့် အဓိကပွဲစဉ်တွေကို လက်လွှတ်ဖွယ်ရှိနေ

တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ ခြေထောက်ဒဏ်ရာကြောင့် စက်တင်ဘာ ၁၅ ရက်မှာ ဆေးရုံတက်လိုက်ရပါတယ်။ ဒဏ်ရာပြန်လည်ကောင်းလာဖို့ခက်ခဲသလို နာကျင်ခံစားနေရတဲ့ ရာဖေးလ်နာဒယ်ဟာ ဂရင်းဆလမ်း၊ ဝင်ဘယ်လ်ဒန်၊ အိုလံပစ်နဲ့ ယူအက်စ်အိုးပင်းပွဲစဉ်တွေကို လက်လွှတ်ရတော့မှာပါ။

နာဒယ်လ်ဟာ သူ့ရဲ့ပွဲစဉ်တွေကို ခြေထောက်ဒဏ်ရာကြောင့် ဩဂုတ်လမှာ အဆုံးသတ်ခဲ့ပါတယ်။ အသက် ၃၅ နှစ်ရှိပြီဖြစ်တဲ့ နာဒယ်လ်ဟာ ခြေထောက်ပြန်ကောင်းလာဖို့ မျှော်လင့်နေပါတယ်။ “ကျွန်တော်လိုချင်တာကို နောက်တစ်ခါ ပြန်ရဖို့အတွက် ကျွန်တော်အကောင်းဆုံးဖြတ်ကျော်သွားမယ်” လို့ သူကပြောပါတယ်။

သူ့ရဲ့ခြေထောက်ဒဏ်ရာကို ဘာစီလိုနာမှာ ကုသမှာဖြစ်ပြီး ရက်အတော်ကြာအနားယူရဦးမှာဖြစ်သလို လေ့ကျင့်ရေးကွင်းနဲ့လည်း အဆက်ပြတ်နေဦးမှာဖြစ်ပါတယ်။



## ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီ ခွဲစိတ်မှုအောင်မြင်

ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများလုပ်ဆောင်နေစဉ် အသားပိုလုံးတွေ့ရှိခဲ့ပြီးနောက် သုံးကြိမ်တိုင်တိုင် ကမ္ဘာ့ဖလားရရှိခဲ့တဲ့ ဘရာဇီးဂန္ထဝင်ကစားသမား ပီလီဟာ ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့ရှိ အဲဘတ်အိုင်းစတိုင်းဆေးရုံကို တက်ရောက်ခဲ့ပါတယ်။ အသက် ၈၀ အရွယ်ရှိ ပီလီဟာ အသားပိုလုံးကို ဖယ်ရှားဖို့ ခွဲစိတ်မှုခံယူခဲ့ပါတယ်။

အူမကြီးက အသားပိုအကြိတ်ကို ခွဲစိတ်ဖြတ်တောက်ဖယ်ရှားပြီးနောက် ဆော်ပေါ်လိုဆေးရုံရဲ့ အထူးကြပ်မတ်ကုသဆောင်ကထွက်လာတဲ့ ပီလီက မိနစ် ၉၀ အတွက်သာမက အချိန်ပိုအတွက်လည်း အဆင်သင့်ပဲလို့ ပြောခဲ့ပါတယ်။ သူ့ကိုအားပေးစကားပြောကြားခဲ့တဲ့ သူ့ပရိသတ်တွေကို “သူငယ်ချင်းတို့ ဒါဟာ မင်းတို့တစ်ဦးချင်းစီအတွက် သတင်းစကားဖြစ်ပါတယ်။ မေတ္တာသက်ဝင်ချစ်ခြင်းတရားနဲ့ပေးပို့ခဲ့တဲ့ ထောင်ပေါင်းများစွာသော မင်းတို့ရဲ့စာတွေကို မဖတ်လိုက်ရတဲ့ အချိန်တစ်မိနစ်အတွက် ဘာမှမစဉ်းစားနေပါနဲ့” လို့ ပီလီက အင်စတာဂရမ်မှာ ရေးသားဖော်ပြလိုက်ပါတယ်။

“မင်းတို့ရဲ့ တစ်နေ့တာမှာ ငါ့အတွက် တစ်မိနစ်တာ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး စွမ်းအင်တွေ ပို့ပေးတဲ့ တစ်ဦးချင်းစီကို ကျေးဇူးအလွန်တင်ပါတယ်။ မေတ္တာ၊ မေတ္တာ၊ မေတ္တာတရားပါပဲ။ နောက်ဆုံးမှာ အထူးကြပ်မတ်ကုသဆောင်ကထွက်လာခဲ့ပြီး အခုတော့ ငါ့အခန်းမှာရောက်နေပါပြီ” လို့ ပီလီက ပြောခဲ့ပါတယ်။ အိုင်းစတိုင်းဆေးရုံရဲ့ အကောင်းဆုံးနဲ့ ဂရုတစိုက်ထောက်ပံ့ကူညီပေးတဲ့ အဖွဲ့တွေသာမက ကမ္ဘာကြီးက ပေးပို့လိုက်တဲ့ ချစ်ခြင်းမေတ္တာတွေ၊ စိတ်စွမ်းအင်တွေကြောင့် သန်မာပြီး ခေါင်းမာတဲ့ ပီလီဟာ ဒါကိုကျော်ဖြတ်နိုင်ခဲ့ပါပြီလို့ သူ့သမီး ကယ်လီနက်စ်စီမန်တိုက ပြောပါတယ်။

“မိနစ် ၉၀ တင်မကဘူး၊ အချိန်ပိုလည်း အကောင်းဆုံးကစားမယ်ဆိုတဲ့စိတ်နဲ့ နေ့တိုင်းပျော်ရွှင်စွာဆက်လက်နေထိုင်သွားမယ်။ မကြာမီအတူတူပြန်လည် ဆုံစည်းကြမယ်” လို့ ပီလီက ပြောခဲ့ပါတယ်။ ပီလီဟာ ၁၉၅၈၊ ၁၉၆၂နဲ့ ၁၉၇၀ ပြည့်နှစ်တွေမှာ ကမ္ဘာ့ဖလားတွေရရှိခဲ့ပြီး ပွဲစဉ် ၉၂ ပွဲမှာ ၇၇ ဂိုးနဲ့ ဘရာဇီးရဲ့ ဂိုးသွင်းအများဆုံးစံချိန် တင်ခဲ့ပါတယ်။

# မိုးရွာသွန်းမှုများခြင်းကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပိဋကတ်တိုက် ခေါင်မိုးချပ်များပဲ့ကျ

ပုဂံ စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိအုတ်တိုက်အမှတ် (၁၉၆၉)၊ ပိဋကတ်တိုက်သည် စက်တင်ဘာ ၁၇ ရက်က ပိဋကတ်တိုက်ခေါင်မိုးချပ်များ ကွာကျပျက်စီးခဲ့ကြောင်း ညောင်ဦးခရိုင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

အဆိုပါ ပိဋကတ်တိုက်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ရဲစခန်းမြောက်ဘက် သုံးမိုင်ခန့်အကွာ၊ တောင်ဘီကျေးရွာတွင် တည်ရှိပြီး စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက် ညပိုင်းက မိုးသည်းထန်းစွာရွာသွန်းပြီး မိုးရေစိမ့်ဝင်ရောက်ကာ ပိဋကတ်တိုက်၏ ခေါင်မိုး အလျား ခုနစ်ပေ၊ အမြင့်လေးပေ၊ ထု တစ်ပေခန့် ကွာကျပျက်စီးခဲ့ကြောင်း သိရသည်။ (ယာပုံ)

အဆိုပါပိဋကတ်တိုက် ကွာကျပျက်စီးသည့်နေရာသို့ ပုဂံနယ်မြေရဲစခန်းမှ ရဲအုပ်ဇော်မင်းအောင်နှင့်အဖွဲ့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



# မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော်မြတ်ကြီး၌ အန္တရာယ်ကင်း အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၇

**မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလွံစေတီတော်မြတ်ကြီး၌ အန္တရာယ်ကင်း အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့က ရင်ပြင်တော်ပဌာန်းဓမ္မာရုံ၌ ကျင်းပရာ ဆရာတော်အရှင်သူမြတ်တို့ထံမှ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များက ငါးပါးသီလခံယူကြပြီး ပဌာန်းကျမ်းမြတ်၊ ပရိတ်ရေအိုးနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းလောင်း အမျှပေးဝေသည်။ (အောက်ပုံ)**



ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံဖြူဇရပ်မြို့နယ် တောင်ဖလုကျေးရွာ လမ်းဦးစီးဌာနမှ သံဖြူဇရပ်-ကျိုက္ခမီလမ်း သုံးမိုင် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နစ်ကိုင်းကျေးရွာသို့ ရောက်ရှိကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေရန်ပုံငွေဖြင့် တောင်ဝိုင်းဘုရားလမ်း ပေ ၃၀၀၀၊ ရွာလယ်လမ်း ပေ ၁၂၀၀၀ ကတ္တရာခင်းခြင်းနှင့် ကျိုက္ခမီ – ကဒတ်ထောက် ပင်လယ်ကမ်းခြေပတ်လမ်း ငါးဖာလုံကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုများကို ညွှန်ကြားရေးမှူးက ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ကျိုက္ခမီ-ကဒတ်ထောက် စက်စဲကမ်းခြေပတ်လမ်း ဖြစ်စေရေး ဘဏ္ဍာရေးနှစ်များတွင် လျာထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားအား ဖူးမြော်ကာ ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် အလှူငွေများ လှူဒါန်းပေး၍ ဘုရားမြေထိန်းနံရံပြင်ဆင်ထားမှု၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစေရေး View Point ဆောင်ရွက်ထားရှိမှုနှင့် စက်စဲအခြေခံပညာ အထက်တန်းကျောင်း၌ အလျား ပေ ၉၀၊ အနံ ပေ ၃၀ အာစီနှစ်ထပ်အဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်စဲကျေးရွာ ဓမင်းဆိပ်ဥစားဘဲမွေးမြူရေးခြံသို့ ရောက်ရှိပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သံဖြူဇရပ်မြို့နယ်အတွင်း ဥစားဘဲမွေးမြူထားရှိမှု၊ ဘဲဥထွက်ရှိမှုများကို ရှင်းလင်းရာ ဝန်ကြီးချုပ်က မွေးမြူရေးအစားအစာလိုအပ်ချက်များရှိပါက ပေါင်းစပ်ညှိနှိုင်းပေးရေး၊ ဒေသတွင်း ဖြန့်ဖြူးရောင်းချပေးရေးနှင့် ရိက္ခာပိုလျှံစေရေး ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## လဟယ်တွင် အမျိုးသမီး သက်မွေးပညာ သင်တန်းဆင်း

**လဟယ် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသဒေသ လဟယ်မြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရသော သင်တန်းသူတစ်ဦးကို အပ်ချုပ်စက်တစ်စုံချီးမြှင့်ပြီး လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်ပေးသည်။

အဆိုပါ သင်တန်းမှ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းသူ ၂၄ ဦး သင်တန်းဆင်းခဲ့ပြီး သင်တန်းတက်ရောက်ပြီးသူ စုစုပေါင်း ၁၃၅၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ပါမင်းလိုင်(လဟယ်)**

## ဟိုပန်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ဟိုပန် စက်တင်ဘာ ၁၇**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ၌ အသုံးပြုရန် လူမှုဝန်ထမ်းဦးစီးဌာနက ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းအခု ၂၀၀၊ ခေါင်းစွပ်အခု ၂၀၀၊ လက်သန့်ဆေးရည် ၃၆ ဘူး၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ ဖိနပ် ၂၅ စုံ၊ လက်အိတ် အခုရေ ၂၀၀ နှင့် မျက်မှန်အခုရေ ၅၀ တို့ကို ဟိုပန်မြို့နယ် လူမှုဝန်ထမ်းရုံး၊ ဦးစီးအရာရှိ ဒေါ်မြကေခိုင်က ပေးအပ်လှူဒါန်းရာ “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက လက်ခံယူပြီး “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




## သာစည်မြို့နယ်၌ မသန်စွမ်းသူ ၁၂၃၂ ဦးအား ထောက်ပံ့

**သာစည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာ မသန်စွမ်းသူများအားထောက်ပံ့ငွေများကို ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် လွှဲပြောင်းပေးအပ်သည်။ ထောက်ပံ့ငွေပေးအပ်ရာတွင် မသန်စွမ်းသူ ၁၂၃၂ ဦးအား တစ်ဦးလျှင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တစ်နှစ်စာ ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# တနသ်ာရီတံတား ပြီးစီးသွား၍ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအား အကျိုးပြု

**ရန်ကုန် စက်တင်ဘာ ၁၇**


တနသ်ာရီတံတားသည် အာဆီယံလမ်းမကြီး (AH.112) ဖြစ်သည့် ထားဝယ်-တနသ်ာရီ-ဘုတ်ပြင်း-ကော့သောင်းပြည်ထောင်စုလမ်းမကြီးနှင့် မြိတ်-တနသ်ာရီ - မောတောင် နယ်စပ်ကုန်သွယ်ရေးလမ်းပေါ်တွင် တည်ရှိသည်။ မူလယာယီဘေလီတံတားမှာ ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော တစ်လမ်းမောင်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်း၊ လက်ရှိတွင် နေ့စဉ် ယာဉ်အစီးရေ ၃၀၀ မှ ၄၀၀ အတွင်း သွားလာလျက်ရှိသော လမ်းကြောင်းပေါ်မှ တံတားဖြစ်ပြီး တံတားမှာလည်း ၁၈ တန်အောက်ယာဉ်များသာ ဖြတ်သန်းအသုံးပြုနိုင်ခြင်း၊ ကုန်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှု မပြုနိုင်ခြင်းတို့ကြောင့် ယခု တံတားသစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

### တံတားအရှည် ၁၄၄၄ ပေ

တနသ်ာရီတံတားသစ်ကြီးတည်ရှိသော နေရာမှာ တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြို့နယ် မြိတ်-တနသ်ာရီ-ဘုတ်ပြင်း-ကော့သောင်းကားလမ်း(၈၃၁-ဒသမ ၃- ၈၃၁- ဒသမ ၈ ကီလိုမီတာကြား) တည်ရှိသည်။ တံတားအရှည်မှာ ၁၄၄၄ ပေ၊ တံတားအမျိုးအစားမှာ အုတ်မြစ်ဖြစ်ပြီး တံတားကိုယ်ထည် R.C Concrete၊ တံတားအပေါ်ထည် R.C Girder, P.C Girder, Steel Box Girder & R.C Decking၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် ၄ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ ရေလမ်းကင်းလွတ်အမြင့် ၃၃ ပေ၊ ခွင့်ပြုအလေးချိန် Aashtoh Hs 25၊ စီမံကိန်း တန်ဖိုးငွေကျပ် သန်း ၁၂၆၀၀ ဖြစ်ပြီး တံတားကြီးပြီးစီးသည့်နေ့မှာ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၃ ရက်က ဖြစ်သည်။

### လမ်းပန်းဆက်သွယ်မှု ချောမွေ့လာ

နယ်စပ်ကုန်သွယ်ရေး ပိုမိုထွန်းကားလာသောအချိန်တွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းအသုံးပြုနိုင်ရေးအတွက် ယာဉ်တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန်ရှိ နှစ်လမ်းသွား သံပေါင် သံကူကွန်ကရစ် ကြမ်းခင်းတံတားကြီးအဖြစ် တည်ဆောက်ပေးရန် လိုအပ်ခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ယူကာ တနသ်ာရီတံတားကြီး တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါတနသ်ာရီတံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်မှုများ ပိုမိုချောမွေ့လာပြီး မြန်မာနှင့် ထိုင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း သိရသည်။



ခရမ်းစိုးမြင့်



ရန်ကုန်မြို့ရှိ ပန်းခြံများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်က ကန်တော်ကြီးပန်းခြံတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေလျက်ရှိသည်ကို တွေ့ရစဉ်။

အာကာစိုး

## ကျိုက်လတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး

**ကျိုက်လတ် စက်တင်ဘာ ၁၇**

ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ မြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများနှင့် ပြုလုပ်လိုသူများကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်က အမှတ် ၄ ရပ်ကွက်၌ လူမှုကူညီရေးပရဟိတအဖွဲ့များအား ဆောင်ရွက်ပေးသည်။

ထိုသို့ ပြုလုပ်ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စုစုပေါင်း နိုင်ငံသားစိစစ်ရေး ကတ် ၄၉ ခုနှင့် အိမ်ထောင်စုစာရင်း ခုနစ်စောင် ထုတ်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ပြုလုပ်ပေးလျက်ရှိ

**ဒဂုံဆိပ်ကမ်း**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ၉၀ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် (၉၄) ရပ်ကွက် မြို့နယ်ကြက်ခြေနီအသင်းခွဲရုံးတို့တွင် စက်တင်ဘာ ၁၄ ရက်က ပြည်သူများ၏ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းနှင့်အဖွဲ့က အဖွဲ့နှစ်ဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပန်းခင်းစီမံချက်ဖြင့် ၉၀ ရပ်ကွက်တွင် စုစုပေါင်း လူဦးရေ ၂၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။ ပန်းခင်းစီမံချက်ဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ ၉၂ ရပ်ကွက်၊ ၈၇ ရပ်ကွက်၊ ၉၀ ရပ်ကွက်နှင့် ၉၄ ရပ်ကွက်တို့တွင် ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လွဲလွဲ(ပြန်/ဆက်)

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် အလမန်းတူးချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျေးရွာနေပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်း ၇၉ ကတ်နှင့် ရွှေ့ပြောင်းအိမ်ထောင်စုဦးရေစာရင်းတစ်ခုတို့ကို ဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၁ခုနှစ် မေ ၃ ရက်မှ စတင်ကာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ရှိနေသော ဌာနဆိုင်ရာ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စောသန္တာဦး(ပြန်/ဆက်)

## ကလေးမီးဖွားရန် အခက်အခဲရှိသဖြင့် ဆေးရုံသို့အသွား မော်တော်ယာဉ်ပေါ်၌မွေးဖွား

**သီပေါ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မန်မိုင်းရွာသစ်ကျေးရွာမှ နန်းခင်လေး ၄၂ နှစ်သည် မီးဖွားရန် ခက်ခဲနေသဖြင့် ယနေ့နံနက်ပိုင်းက လားရှိုးပြည်နယ်ဆေးရုံသို့ သွားရောက်ရန် မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းသို့ အကူအညီတောင်းခံခဲ့သည်။

ထိုသို့ အကူအညီတောင်းခံသဖြင့် မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်အေးနှင့်အဖွဲ့က လားရှိုးသို့ သွားရောက်ပို့ဆောင်ရာတွင် စင့်အင်ကျေးရွာအရောက် မော်တော်ယာဉ်ပေါ်၌ သမီးမိန်းကလေးကို မွေးဖွားခဲ့ရာ သီပေါဘက်သို့ ပြန်လှည့်ပြီး သီပေါဆေးရုံ၌ လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ကာ မိခင်ရောကလေးပါ နေကောင်းကျန်းမာသဖြင့် နေအိမ်ကျေးရွာသို့ ပြန်လည်ပို့ဆောင်ပေးသည်။

မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းအနေဖြင့် မိမိတို့၏ မော်တော်ယာဉ်ပေါ်တွင် ကလေးမွေးဖွားခဲ့၍ ကောင်းမွန်သော နိမိတ်အဖြစ် ခံယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)



# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ



သီးသန့်စောင့်ကြည့်ရမည့်သူများအား စစ်ဆေးဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၅၉ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၃၀ ကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းတော်ကြီးဒေသ၌စိုက်ပျိုးထားသည့်မိုးစပါးများ ကုပ်ကျိုးရောဂါကျရောက်နေ

**အင်းတော်ကြီး စက်တင်ဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ အိုင်လေးတူကျေးရွာအနီးအနား ပတ်ဝန်းကျင်ရှိ စပါးစိုက်ခင်းများ၌ စိုက်ပျိုးထားသော မိုးစပါးပင်များမှာ ယခုအခါ စပါးကုပ်ကျိုးရောဂါကျရောက်နေကြောင်း တောင်သူများထံမှ သိရသည်။

“ ရာသီဥတုကြောင့်လား မသိဘူး ပိုးမွှားကျမှုက တအားများတယ်။ ဒီနှစ်က မနှစ်တုန်းကထက်ကို ပိုကျတယ်။ ပြီးတော့ ကုပ်ကျိုးရောဂါဖြစ်တယ် ။ ဖြစ်စဆိုတော့ လေးငါးကေ ခြောက်ကေတော့ရှိသွားမှာ။ ကျွန်တော်ကြိုတင် ပြီးမှ ဆေးတွေသွားဖျန်းလိုက်တော့ သက်သာသွားတယ်” ဟု တောင်သူ ဦးကျော်ထွေးက ပြောသည်။

စိုက်ပျိုးရေး စာတမ်းများအရ ယင်းရောဂါသည် အပင်၏ ဇီဝကမ္မပြောင်းလဲချိန်တွင် ခံနိုင်ရည်နည်းပါးမှု၊ စိုထိုင်းဆများပြားမှုတို့ကြောင့်ဖြစ်ပြီး ညအပူချိန်နိမ့်ကျနေမှုတို့ကလည်း ရောဂါကိုပြင်းထန်စေကာ စပါးပင် အရွက်များတွင်အစက်ပြောက် သေးသေးလေးမှ အကွက်များဖြစ်ပေါ်လာပြီး အရွက်ခြောက်သွားကာ စပါးပင် ငုတ်တိုတစ်ထွာခန့်သာ ကျန်တော့ကြောင်း၊ ထိုရောဂါပိုးကျရောက်နေချိန်တွင် ပုလဲမြေဩဇာကိုထည့်၍ မရနိုင်ကြောင်း ပိုတက်/စက်ဖွဲပြာတို့ကိုသာ ထည့်သွင်းသင့်ကြောင်း အကြံပြုရေးသားထားသည်။

“လယ်တစ်ခုလုံးပိုးကျသွားပြီးမှ ငုတ်ပဲ ကျန်တာပါ၊ ငုတ်ဆိုတာ တစ်ထွာလောက်လေးပဲရှိတာ။ အညွန့်တက်လာတာ မှန်သမျှ အကုန်လုံးစားတာလေ” ဟု တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ စပါးကုပ်ကျိုးရောဂါကြောင့် အိုင်လေးတူကျေးရွာရှိ စပါးစိုက်ပျိုးကေ ရာနှင့်ချီဖြစ်ပွားနေ၍တောင်သူများက မှိုသတ်ရွက်ဖျန်းဆေးတစ်မျိုးကို အသုံးပြု၍ တိုက်ဖျက်နေကြရကြောင်း သိရသည်။



**လှိုင်ဘွား (ဗန်းမော်)**

# မြင်းခြံခရိုင်၌ နေကြာ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မြင်းခြံ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် လေးမြို့နယ်တွင် ဆီစားသုံးမှုဖူလုံရေးအတွက် မိုးနေကြာကိုစိုက်ပျိုးနေရာ ယခုအခါ ၁၀၃၁ ဧက စိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနေကြာကို မြင်းခြံမြို့နယ်မှ ၂၆ ဧက၊ တောင်သာမြို့နယ်မှ ၃၂၃ ဧက ၊ ငါန်းဇွန်မြို့နယ်မှ ၈၁ ဧကနှင့် နွားထိုးကြီးမြို့နယ်မှ ၆၁၁ ဧက စုစုပေါင်း ၁၀၃၁ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။ နေကြာသီးနှံကို သီးထပ်သီးညှပ်စိုက်နေရာ ဝင်ငွေတိုးပြီး ဆီစားသုံးမှု ဖူလုံရေးအတွက်မန္တလေးတိုင်း ခုနစ်ရိုင်ရှိ ၁၇ မြို့နယ်၌ ဧက၄၈၀၀၀ ကျော် လျာထားစိုက်ပျိုးရာ ဧက ၃၃၀၀၀ ကျော်စိုက်ပျိုးနိုင်နေပြီဖြစ်သည်။

**ဋ္ဌေးမြင့်မောင်**

# ရွှေ့ဆိုင်းထားသည့် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့်ကာလကို ဆီးဂိမ်းအဖွဲ့ချုပ် အစည်းအဝေးတွင် အတည်ပြုမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ပြန်လည်ကျင်းပမည့်ကာလကို လာမည့်ဆီးဂိမ်းအဖွဲ့ချုပ်အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်သည်။

ဆီးဂိမ်းအဖွဲ့ချုပ်အစည်းအဝေးကို ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်နိုင်ရန်လျာထားပြီး ကပ်ရောဂါအပေါ်မူတည်၍ ပြုလုပ်မည့်ကာလ အပြောင်းအလဲဖြစ်ဖွယ်ရှိနေသည်။ ယင်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပရန်စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ဗီယက်နမ်အိုလံပစ်ကော်မတီအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလကုန် သို့မဟုတ် မေလဆန်းတွင် ပြန်လည်ကျင်းပရန် လျာထားပြီး ကပ်ရောဂါအခြေအနေအပေါ်မူတည်၍ ပြုလုပ်ရမည်ဖြစ်သည်။ လာမည့်နှစ်တွင် ယခုနှစ်၌ မကျင်းပနိုင်သဖြင့် ရွှေ့ဆိုင်းထားရသည့် ပြိုင်ပွဲများ၊ ၂၀၂၂ ခုနှစ်တွင် ပုံမှန်ကျင်းပရမည့်ပြိုင်ပွဲများရှိနေသဖြင့် ဗီယက်နမ်အိုလံပစ်ကော်မတီအနေဖြင့် ယင်းပြိုင်ပွဲများနှင့် မတိုက်ဆိုင်စေရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။ လာမည့်နှစ်တွင် အာရှအားကစားပြိုင်ပွဲ၊ အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ၊ အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံအားကစားပြိုင်ပွဲ၊ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲများနှင့် မတိုက်ဆိုင်စေရန် ဆောင်ရွက်ရမည် ဖြစ်သလို ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲကိုလည်း ၂၀၂၃ ခုနှစ် မေလတွင်ကျင်းပမည်ဖြစ်သောကြောင့် ဗီယက်နမ်နိုင်ငံအနေဖြင့် လာမည့်နှစ်တွင် နှစ်ကုန်ပိုင်းမတိုင်မီ ပြုလုပ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ အားကစားနည်း ၁၈ မျိုးယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားနည်းအများစုမှာ စခန်းဝင်လေ့ကျင့်နေပြီဖြစ်ပြီး အားကစားအဖွဲ့အချို့မှာမူ ပြည်ပနိုင်ငံ၌ သွားရောက်လေ့ကျင့်လျက်ရှိသည်။ ဗီယက်နမ်အိုလံပစ်ကော်မတီအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲရွှေ့ဆိုင်းခဲ့သော်လည်း ထည့်သွင်းကျင်းပမည့် အားကစားနည်းများ အပြောင်းအလဲပြုလုပ်မည်မဟုတ်ဘဲ ယခင်သတ်မှတ်ထားသည့်အတိုင်း အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ကော့သောင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၆ နာရီခွဲက ကော့သောင်းမြို့ ရွှေစင်ယော် ရပ်ကွက်



အင်ကြင်းလမ်း အိမ်အမှတ် ၄၈၄ ဖြိုးကိုကို(ခ) ကိုဖြိုး ၏နေအိမ်ကို ရှာဖွေစစ်ဆေးရာ ၎င်းနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၈ နာရီခွဲတွင် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ အုပ်စု (၁၄)မိုင်ကျေးရွာ အနီး ခရီးသည်တင်ယာဉ်ပေါ်၌ မစိုးသကြဲန်မျိုးကို ဆက်လက်ဖမ်းဆီးရမိခဲ့ကာ ၎င်း၏ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် ၁၂၈ လမ်း၊ ၆၁ လမ်းနှင့် ၆၂ လမ်းကြားတွင် ကိုကို(ခ)ဖိုးခွား မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

မစိုးသကြဲန်မျိုး၊ ဖြိုးကိုကို(ခ)ကိုဖြိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၁၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ပန်းတောင်းမြို့တွင် ၃ ဒသမ ၃၇ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ကျိုက်ဒိုမြို့တွင် ၃ ဒသမ ၃၂ လက်မ၊ ကလေးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မလှိုင်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ညောင်ဦးမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဖာပွန်မြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ရမည်းသင်းမြို့တွင် ၂ ဒသမ ၄၈ လက်မ တို့ဖြစ်ကြသည်။

မိုး/ဇလ

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(၆)လကာလ(၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂)ရက်အထိအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ အရပ်ရပ်အခွင့်အရေးလိုင်စင်(၆)ခု၏ လုပ်ပိုင်ခွင့်များအား အိတ်ဖွင့်တင်ဒါ/အခြားနည်း စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | လိုင်စင်အမည် | အာမခံငွေ(ကျပ်) |
|---|---|---|
| (က) | လယ်ဝေးနွားပွဲဈေးဝင်ကြေးကောက် | ၂၀၅၀၀၀၀/- |
| (ခ) | လယ်ဝေးနွားပွဲဈေး စက်ဘီး၊ဆိုင်ကယ် အပ်နှံမှု | ၁၂၅၀၀၀၀/- |
| (ဂ) | သာဝတ္ထိနွားပွဲဈေးဝင်ကြေးကောက် | ၆၃၉၀၀၀၀/- |
| (ဃ) | သာဝတ္ထိနွားပွဲဈေးစက်ဘီး၊ဆိုင်ကယ် အပ်နှံမှု | ၅၂၀၀၀၀/- |
| (င) | တပ်ကုန်းနွားပွဲဈေးဝင်ကြေးကောက် | ၅၅၁၀၀၀၀/- |
| (စ) | တပ်ကုန်းနွားပွဲဈေးစက်ဘီး၊ဆိုင်ကယ် အပ်နှံမှု | ၃၇၇၅၀၀/- |

၂။ အိတ်ဖွင့်တင်ဒါ/ အခြားနည်းစနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) **နေ့ရက်။** ၂၄-၉-၂၀၂၁ရက်(သောကြာနေ့)
(ခ) **အချိန်။** နံနက် ၁၀:၃၀ နာရီ
(ဂ) **နေရာ။** ဈေးများဌာန အစည်းအဝေးခန်းမ
နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၃။ အိတ်ဖွင့်တင်ဒါ/ အခြားနည်းစနစ်ဖြင့် ရောင်းချမည့် လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များကို နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် ရုံးချိန်အတွင်း အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၂၄၉၃ ၊ ၀၉-၂၆၂၅၈၀၃၀၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန
## အသားထုတ်လုပ်ရောင်းချခွင့်အား
## အိတ်ဖွင့်တင်ဒါစနစ် / အခြားနည်းစနစ်တို့ဖြင့်
## လျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ပုဗ္ဗသီရိဈေး(ဝက်)ဈေးခုံနှင့် အာဟာရသုခဈေး (ဝက်)ဈေးခုံ (၂)ခုံ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၆)လ (၁-၁၀-၂၀၂၁မှ ၃၁-၃-၂၀၂၂ရက်အထိ) ကာလအတွက် အသားထုတ်လုပ်ရောင်းချခွင့်အား အိတ်ဖွင့်တင်ဒါစနစ်/အခြားနည်းစနစ်တို့ဖြင့် ရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) **နေ့ရက်** - ၂၄-၉-၂၀၂၁ရက် (သောကြာနေ့)
(ခ) **အချိန်** - ၁၅:၀၀ နာရီ
(ဂ) **နေရာ** - တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊
နေပြည်တော် စည်ပင်သာယာရေးကော်မတီ။

၂။ အသားထုတ်လုပ်ရောင်းချခွင့်အား အိတ်ဖွင့်တင်ဒါစနစ်/အခြားနည်းစနစ်ဖြင့် လျှောက်ထားလိုသူသည် ၁၇-၉- ၂၀၂၁ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများ ဌာနတွင် ရုံးချိန်အတွင်း ဈေးခုံလျှောက်လွှာနှင့်အတူ ဈေးခုံစည်းကမ်းချက်များ၊ ဈေးခုံနယ်မြေသတ်မှတ်ချက်များ အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၂၃-၉-၂၀၂၁ရက်၊ ၁၅:၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်ပြသွားရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အသေးစိတ်စုံစမ်းသိရှိလိုပါက တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ဖုန်း-၀၆၇-၄၃၂၄၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးခုံများနေရာချထားမှုကြီးကြပ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ပြင်ပဝင်ပေါက်မှ ခေါ်ယူသည့် ဒုတိယဦးစီးမှူးရာထူး(၁၄၉) နေရာအတွက် ရေးဖြေအောင်မြင်သူစာရင်းထုတ်ပြန်မည့်ကိစ္စ အသိပေးကြေညာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ၂၈-၈-၂၀၂၁ရက်၌ ရေးဖြေစာမေးပွဲဖြေဆိုခဲ့သည့် (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဒုတိယဦးစီးမှူးရာထူး (၁၄၉)နေရာအတွက် ရေးဖြေစာမေးပွဲအောင်မြင်ပြီး လူတွေ့ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းနှင့် လူတွေ့ဖြေဆိုရမည့်အချိန်စာရင်းကို မိမိတို့ဖြေဆိုခဲ့သည့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၌ ၁၈-၉-၂၀၂၁ရက်မှစ၍ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး ၎င်းရုံးများ၌ လူတွေ့စစ်ဆေးခြင်းကို ၂၁-၉-၂၀၂၁ရက်နှင့် ၂၂-၉-၂၀၂၁ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ လူတွေ့စစ်ဆေးခံယူမည့်သူများအနေက် နိုင်ငံ့ဝန်ထမ်းမဟုတ်သူ ပြင်ပပုဂ္ဂိုလ်များအနေဖြင့် ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာ၊ ရဲစခန်းထောက်ခံချက်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မူရင်းတို့အား ယူဆောင်လာရမည်ဖြစ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မြင်းကန်းချောင်းကျေးရွာနေ ဦးသာချမ်း အောင်၏သား ဦးမောင်ထွန်းဝင်း ၁၁/ ရသတ(နိုင်) ၀၃၅၈၇၂ နှင့် ဦးထွန်းသိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ စာဂ(၂၂)လမ်း၊ အမှတ်(၆၅ရ/က)ဟုခေါ်တွင်သည့် မြေအလျားxအနံ (၂၀'x၆၀')ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအား အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်နုနုစိန်** (၁၂/ရကန(နိုင်)၀၁၃၂၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးအောင်လင်းထွန်း** (၁၂/ဥကတ(နိုင်) ၁၄၇၇၇၆)မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်သီရိဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၁၀) (၂၉-၇-၂၀၁၄)**
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း- ၀၉၄၅၀၀၁၉၇၄၅

# မိုင်းရှူးမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး ၁၁၇၂ ဦးအတွက် ထောက်ပံ့ငွေပေးအပ်

**မိုင်းရှူး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်းမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့သည့် ထောက်ပံ့ငွေများကို စက်တင်ဘာ ၁၅ ရက်မှစ၍ ရပ်ကွက်/ကျေးရွာအလိုက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

မိုင်းရှူးမြို့နယ်အတွင်းမှ ကိုယ်ဝန်ဆောင်မိခင် ၇၁၄ ဦးနှင့် အသက် နှစ်နှစ်အောက်ကလေးငယ်၄၅၈ဦး စုစုပေါင်း၁၁၇၂ဦးတို့အတွက် ထောက်ပံ့ငွေများကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများမှတစ်ဆင့် လက်ဝယ်အရောက် ထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါ ထောက်ပံ့ငွေများသည် ၂၀၂၀ ပြည့်နှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ)များအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလစာ ငွေကျပ် ၄၅၀၀၀ ကို စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

**တောင်ပေါ်သူ(မိုင်းရှူး)**



# မြိုင်ကြီးငူတွင် အမျိုးသမီးစက်ချုပ်သင်တန်းဆင်း

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော မြိုင်ကြီးငူအထူးဒေသ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်-၂ သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးအောင်ထွဋ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများအား ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးအပ်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများလည်း ပြုလုပ်ပေးသည်။ သင်တန်းကို သင်တန်းသူ ၂၄ ဦးဖြင့် မေ ၁၇ ရက်မှစ၍ ၁၈ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသည်။ ယင်းသင်တန်းကျောင်းတွင် အခြေခံအိမ်တွင်းမှုသင်တန်း၂၄ ကြိမ်၊ အဆင့်မြင့်စက်ချုပ်သင်တန်း ၂၃ ကြိမ်၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းနှစ်ကြိမ်တို့ကို ဖွင့်လှစ်နိုင်ခဲ့ကာ သင်တန်းသူ ၁၃၉၄ ဦး သင်ကြားပေးနိုင်သည်။

**မြို့နယ် (ပြန်/ဆက်)**

# သဲကုန်းမြို့နယ်၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်

**သဲကုန်း စက်တင်ဘာ ၁၇**


ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အောက်တိုဘာလမှစက်တင်ဘာလအထိ ဆောင်ရွက်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၁၆၈၅ ဧက တည်ထောင်စိုက်ပျိုးပြီးစီးသည့်အတွက် ဒေသခံပြည်သူများသို့ အစုအဖွဲ့ပိုင် တည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲကို မြို့နယ်သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးချစ်ကိုကိုက သစ်တောများ ပြန်လည်စိမ်းလန်းစိုပြည်စေရန်နှင့် ဒေသခံတောင်သူများ၏ လူမှုစီးပွားရေးနှင့် စားဝတ်နေရေးအဆင်ပြေစေရန် မိမိတို့ဌာနအနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးတို့က ဒေသခံတောင်သူ အစုအဖွဲ့သုံးဖွဲ့အား အစုအဖွဲ့ပိုင် တည်ထောင်ခွင့်လက်မှတ်များ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ ဆက်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အငယ်တန်းအင်ဂျင်နီယာ-၂ လျှောက်လွှာခေါ်ယူခြင်းကိစ္စ
## ကြော်ငြာစာအမှတ်(၁၆၉ / ၂၀၂၂)
## ၂၀၂၂ခုနှစ် စက်တင်ဘာ ၁၆ရက်

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀- ၂၀၀၀- ၂၂၆၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ-၂ ရာထူး(၄၈)နေရာအတွက် ၉-၇-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၃၇/၂၀၂၂)ဖြင့် ၁၃-၇-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခေါ်ယူခဲ့ပြီး ဖြစ်ပါသည်။

၂။ အငယ်တန်းအင်ဂျင်နီယာ-၂ ရာထူး(၄၈)နေရာခန့်ထားရေးအတွက် လျှောက်လွှာထုတ်ပေး/လက်ခံခြင်းအား ၅-၁၀-၂၀၂၂ရက်မှ ၇-၁၀-၂၀၂၂ရက်အထိ ရုံးချိန် ၁၀:၀၀နာရီမှ ၁၆:၀၀နာရီအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

၃။ ရေးဖြေဖြေဆိုရမည့်ရက်ကို ပြန်လည်အသိပေးကြော်ငြာသွားမည်ဖြစ်ပါသည်။

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြံ့ာနွယ်စဉ်ရပ်ကွက်၊ ၃၆ လမ်းx၇၃လမ်းထောင့်ရှိ Asia Mega Link ကုမ္ပဏီလီမိတက်(မန္တလေး) အရောင်းမန်နေဂျာ ဦးစိုးမောင်မောင်ဇော် ၉/ခမစ(နိုင်)၀၀၁၈၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

Asia Mega Link ကုမ္ပဏီလီမိတက်သည် MPT ဆင်းကတ်၊ ငွေဖြည့်ကတ်များ ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ဖြစ်ပါသည်။ Asia Mega Link ကုမ္ပဏီလီမိတက် (မန္တလေး)ရုံးမှ ၁၀-၄-၂၀၂၂ရက်တွင် မြင်းခြံရုံး၊ တောင်သာရုံးနှင့် နွားထိုးကြီးရုံးများမှ အရောင်းငွေများသိမ်းရန် နွားထိုးကြီးမြို့သို့သွားရောက်ခဲ့ကြပါသည်။ ၎င်းနေ့တွင် တောင်သာမြို့နယ် တာဝန်ခံကိုဝေဖြိုးအောင်သည် ကုမ္ပဏီပိုင်ဆင်းကတ်နှင့် ငွေဖြည့်ကတ်များ ရောင်းချထားသော ငွေကျပ်သိန်း ၄၂,၄၃၉,၈၇၀/- ကို လာရောက်အပ်နှံခြင်း မရှိဘဲ အဆက်အသွယ်ဖြတ်တောက်၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ Asia Mega Link ကုမ္ပဏီလီမိတက်၏ငွေကျပ်သိန်း ၄၂,၄၃၉,၈၇၀/-တိတိကို အလွဲသုံးစားပြုသွားသော ဦးထွန်းအောင်-ဒေါ်မိုးမိုးခိုင်တို့၏သား ကိုဝေဖြိုးအောင် ၅/ကဘလ(နိုင်)၁၉၅၁၃၃အနေဖြင့် အလွဲသုံးစားပြုသွားသောငွေများကို ယခုကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းပါရန်၊ ပေးသွင်းခြင်းမရှိပါက တရားမကြောင်းအရ ဖြစ်စေ၊ ရာဇဝတ်ကြောင်းအရ ဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုးမောင်မောင်ဇော်** | **ဦးဝင်းနိုင်ဦး B.Sc(Math;),H.G.P** |
| **အရောင်းမန်နေဂျာ** | **အထက်တန်းရှေ့နေ** |
| **Asia Mega Link ကုမ္ပဏီလီမိတက်** | **စဉ်-၁၈၅၁၄(၁၄-၂-၁၉၉၀)** |
| **(မန္တလေးမြို့ရုံးခွဲ)** | **ပုသိမ်ကြီးမြို့** |
| | **ဖုန်း-၀၉-၂၀၃၇၃၆၁** |

### တိုက်ခန်းရောင်းမည်

၁၂' ၁/၂" x ၆၀' (မြေညီထပ်) ၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်

ဖုန်း-၀၉-၉၆၁၅၄၇၄၆၅
၀၁-၂၄၈၁၈၄

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၃၇)(ခဲစင်း) မြောက်ဘက်ခြမ်း၊ ၅၅ လမ်း၊ ၃၉ နှင့် ၄၀ လမ်းကြားရှိ ဒေါ်ရင်မြ အမည်ပေါက်ဂရန်မြေကွက်အား (ဖခင်) ဦးညွှန့်မောင်၊ (မိခင်)ဒေါ်ရင်မြတို့ အသီးသီး ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၈၄၆/၂၀၀၇)ဖြင့် အမွေဆက်ခံခဲ့သော သား၊ သမီးများဖြစ်သည့် ဦးခင်မောင်ဝင်း၊ ဦးခင်မောင်တင့်၊ ဒေါ်မာမာအေး၊ ဒေါ်စီစီအေး၊ ဦးအောင်ကျော်စိုးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၇၅၀/၂၀၁၁)ဖြင့် ဒေါ်မြင့်မြင့်သိန်းမှ ဝယ်ယူခဲ့ပြီး ဒေါ်မြင့်မြင့်သိန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၁၇/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းသန်းဌေး ၉/ကဆန(နိုင်)၀၁၈၁၂၉ က ဂရန်စာချုပ်မူရင်းမီးလောင်ပျက်စီးသွားပါသဖြင့် တရားရုံးကျမ်းကျိန်ချက်တင်ပြ၍ ဂရန်မိတ္တူဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်တော်ဦးထွန်းလင်းသူ ၁၂/ဥကတ(နိုင်)၁၃၂၉၀၃ သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ်(A3)၊ အခန်းအမှတ် (301-B)အခန်းအား ၂၂-၄-၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ရာ ၎င်းစာချုပ်မူရင်းမှာ ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါစာချုပ်မူရင်းမိတ္တူမှန်အား ပြန်လည်လျှောက်ထားရန် ဆောင်ရွက်လျက်ရှိရာ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများဖြင့် ခုနစ် ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးထွန်းလင်းသူ ၁၂/ဥကတ(နိုင်)၁၃၂၉၀၃**
**အမှတ်(၁၇၇)၊ ဇေယျာ(၇)လမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၁၁၃၁)၊ မင်းရဲကျော်စွာလမ်းဟု ခေါ်တွင်သော အကျယ်အဝန်း(အလျားပေ ၄၀xအနံပေ ၆၀)ရှိ ဦးလှအောင်(ISN-၀၄၁၉၇၇)အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည် ပေါက် ဦးလှအောင်ထံမှ အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ယခုလက်ရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးလှမျိုးနိုင် ၈/မကန(နိုင်)၁၂၈၇၉၃ထံမှ ဝယ်ယူမည်ဖြစ်ပါသဖြင့် မြေကွက်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင်**
**၇/ညလပ(နိုင်)၀၉၁၃၈၀**
**ဖုန်း-၀၉-၅၁၈၅၈၂၆**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
## လုပ်ငန်းရှင်များသို့ အသိပေးထုတ်ပြန်ခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်၍ ဝယ်ယူရန်ရှိပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် တင်ဒါခေါ်ယူသည့် အချိန်တွင် ပေးသွင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ပါရန်နှင့် သိရှိလိုသည့် အချက်များရှိပါက ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီဖုန်းအမှတ်-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(၁) ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းသုံးပစ္စည်းများ၊
(၂) ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းသုံးပစ္စည်းများ၊
(၃) လမ်း၊ တံတားဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများ၊
(၄) အဆောက်အအုံဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများ၊
(၅) သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများ၊
(၆) စက်သုံးဆီအမျိုးမျိုး

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ အနှစ်(၃၀)အငှားဂရန်အမှတ်(ငါး)၄၆၃/၁၉၉၈-၉၉နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၃၂၅)၊ လဝွန်းအိမ်လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ဒေါ်မခက်၊ မအေးသိန်း၊ မအေးသန်းတို့ (၃)ဦးအမည်ပေါက်ပါသည်။ ကတိစာချုပ်အဆင့်ဆင့်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး နောက်ဆုံးပိုင်ဆိုင်သူ ဒေါ်မိချို(ခ)အာစမာဘီထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂၁)လမ်း၊ အမှတ်(၆)နေ ဦးမျိုးသန့်က ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့် မြေရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဦးမျိုးသန့်ထံသို့ဖြစ်စေ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အထက်ဖော်ပြပါအိမ်မြေကို အပြီးသတ်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(ဦးခင်မောင်မြင့် LL.B,H.G.P)** | **(ဦးနေလင်းထက် LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၂၄)`** | **အထက်တန်းရှေ့နေ(စဉ်-၅၀၉၅၆)** |
| **ဖုန်း-၀၉-၈၇၀၀၇၄၉** | **ဖုန်း-၀၉-၄၄၉၂၄၉၃၅၀** |
| | **အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊** |
| | **ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့** |

### ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၄၂၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာအောင် ၁၀/မလမ(နိုင်)၁၃၁၇၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသောရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၇၂၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းစိုး ၁၀/မလမ(နိုင်)၁၉၃၇၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသောရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၉၉၅၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းခိုင်စိုး ၁၀/မလမ(နိုင်)၂၃၁၁၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသော ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ရေးမြို့၊ စိုက်ပျိုးရေးရုံးနေ ဦးသိန်းတင်၏သား အစောင့် ဦးဝင်းဘိုနှင့် ဦးဝင်းဗိုလ် ၁၂/မဘန(နိုင်)၀၃၄၈၄၈တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းဘို(ခ)ဦးဝင်းဗိုလ်**

### တစ်ဦးတည်းဖြစ်ကြောင်း

ဦးထွန်းမြတ်၏သမီး ဒေါ်သီတာ ၁၃/တကန(နိုင်)၀၁၇၈၁၇ နှင့် ဒေါ်မြမြအေးတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7852 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4011 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/7633 Nissan Vanette Skf2tn, Pickup(4x2)(R) အမည်ပေါက်/ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကိုဦး၁၂/မဘန(နိုင်)၁၀၁၇၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသောရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်မြို့နယ်**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၂၂ ရက်စွဲပါ ဤသတင်းစာ၏စာမျက်နှာ(၂၈)စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန အငယ်တန်းစာရေး ရာထူးနေရာများအတွက် ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ခြင်းကြော်ငြာတွင် အမှတ်စဉ် ၁။(၃) ရှမ်းပြည်နယ်၊ ရှမ်း ခုံအမှတ် ၃၃ အစား ၁၃၃ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိပစ္စတိုးချဲ့(၄)ရပ်၊ ဝိုင်းအကွက်အမှတ်(၂၄၄)၊ ဒေါ်အိအိကျော် ၉/ညဥန(နိုင်)၁၁၃၇၄၆ အမည်ပေါက် ဝိုင်းမြေကွက်အတွက် (ဘ)ဦးရင်ချောက်၏ သမီးဖြစ်သူ ဒေါ်နန်းကြူကြူထွေး ၁/ကမန(နိုင်)၀၀၀၀၄၁ အမည်ဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော် ငွေရပြေစာစာရွက် အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်နန်းကြူကြူထွေး ၁/ကမန (နိုင်)၀၀၀၀၄၁သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့် ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရ ပြေစာစာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ စည်ပင်သာယာရပ်၊ ဝိုင်းအကွက်အမှတ်(၄၃)၊ ဦးတင်သန်း ၉/ ညဥန (နိုင်)၁၀၈၁၃၃ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဦးအောင်ခင်၏ သားဖြစ်သူ ဦးသိန်းတန် ၉/ညဥန(နိုင်)၀၀၁၇၁၀ အမည်ဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက် အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့် သူမရှိပါက လျှောက်ထားသူ ဦးသိန်းတန် ၉/ညဥန(နိုင်)၀၀၁၇၁၀သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေး ကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဆင်ဖုံကျေးရွာ၊ ကွင်းအမှတ် (၄၈၉/ဘီ)၊ ဆင်ဖုံရွာကွင်း၊ ဦးပိုင်/ မြေကွက်အမှတ် (၂၀/က) ဦးမြင့်သိန်း ၁၂/လကန(နိုင်)၀၄၂၅၀၉ ပိုင်ဆိုင်သည့် လယ်ယာမြေ ၃ ဒသမ ၈၇ ဧကအနက်မှ လယ်ယာမြေ ၁ ဒသမ ၃ ဧကနှင့် လယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ယင်းလယ်ယာမြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်စာရွက်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမျိုးထွန်းဦး**
**၁၄/ရကန(နိုင်)၀၈၄၅၈၅**
**အမှတ်(၁၃၈)၊ ကံ့ကော်ရိပ်သာ(၁)၊ ဇေကမ္ဘာ၊**
**သဃ်န်းကျွန်းကြီးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၇၃၇၉၉၈၃၃**

### ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6938 NGWE KYAIR SIN(2)TON, L/T ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၀/သဖရ(နိုင်)၀၇၄၅၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသော ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကွက်သစ်၊ ပဒုမ္မာလမ်း၊ အမှတ်-၄၀၄နေ ဦးတင်အောင် ၁၂/ကတန(နိုင်)၀၈၈၇၀၁၊ ဒေါ်အေးဝင်း ၁၂/ကတန(နိုင်)၀၁၅၀၃၁တို့၏ သားဖြစ်သူ မောင်ခိုင်မင်းစိုးသည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းကိစ္စမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်အောင်၊ ဒေါ်အေးဝင်း**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆)၊ ဦးပိုင် အမှတ်(၆)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်ကို မူလက ဦးလရှီခေါယင်းအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၇-၃-၁၉၉၆ ရက်တွင် ဦးလရှီခေါယင်းထံမှ ဦးစေဟုန်ကလည်းကောင်း၊၃-၃-၂၀၀၂ရက်တွင် ဦးစေဟုန်ထံမှ ဦးဂျုံးလွမ်းကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဂျုံးလွမ်း ၁/မကန(နိုင်)၀၆၉၄၁၄ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၇-၉-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၁၁၁၁/၂၀၂၀)ကို ၁၁-၉-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၈၈/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## စက်တင်ဘာ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၁၈၇ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၇၅ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၆၉၄၄ ဦးရှိ

(၁၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ ◆

## ယနေ့ သတင်းအညွှန်း

**ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ** စာမျက်နှာ - ၂

**ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မီးတောင်ပေါက်ကွဲ** စာမျက်နှာ - ၁၂

**အနက်ရှိုင်းဆုံးဖြစ်လာတဲ့ တောင်ဆူဒန်ရဲ့ ဆင်းရဲတွင်း** စာမျက်နှာ - ၁၄

**နိုင်ငံ တကာ အားကစား မြင်ကွင်း**



စာမျက်နှာ - ၂၂

## မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

ရက်စွဲ။ ၁၇-၉-၂၀၂၁

၁။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

(က) မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှုကို လျှော့ချရန်၊

(ခ) ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကိုတားဆီးရန်၊

(ဂ) ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်မှုကို လျှော့ချနိုင်ရန်တို့ကို ရည်ရွယ်ချက်များထားရှိ၍ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အသက်(၆၅)နှစ်နှင့်အထက် ပြည်သူလူထု၊ အစိုးရကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိက ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတဝန်ထမ်းများ၊ ဘိုးဘွားရိပ်သာများမှ သက်ကြီးရွယ်အိုများ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် အခြားဘာသာရေးအသင်းအဖွဲ့များမှ သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်/မိုတယ်၊ တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၊ အကျဉ်းထောင်/အချုပ်ထောင်မှ အကျဉ်းသားများ၊

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

## ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းရှိ အသက် ၁၈ နှစ်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေး



ကျောက်ဖြူ စက်တင်ဘာ ၁၇

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်ရှိ ပြည်သူများကို ယနေ့ နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အဆိုပါ ခိုလှုံရာစခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

စာမျက်နှာ ၁၀ ကော်လံ ၄ ❇